# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်　　၂၀၁၅ ခုနှစ်၊ ဇွန် ၂၆ ရက်၊ သောကြာနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၆၄]


အရိယ သစ္စာန ဒဿနံ
တေံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ပြည်ထောင်စုလွှတ်တော်တွင်လျှို့ဝှက်ဆန္ဒမဲပေး

## ပုဒ်မ ၅၉(ဃ)နှင့်စပ်လျဉ်း၍ ထောက်ခံမဲ ၉၅ ရာခိုင်နှုန်းကျော်ဖြင့် ပြင်ဆင်ရန်အတည်ပြု



ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲများ ရေတွက်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော်　ဇွန်　၂၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) အတွက်]နှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်းရေးဆွဲခဲ့မှုအခြေအနေများ၊ အချိန်အခါအလိုက် နိုင်ငံ၏အခြေအနေနှင့် အချိန်အခါပေါ်မူတည်ကာ ပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့မှု အခြေအနေများ၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေဆိုင်ရာများ၊ အာဏာသုံးရပ်ကို အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ကြရေးဆိုင်ရာများကိုလည်းကောင်း။

သာပေါင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ပေါင်းစည်းရေးပြုလုပ်ရာ၌ အစွန်းတရားများ ကင်းလွတ်စွာ ဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများ၊ ကမ္ဘာ့သမိုင်းစဉ်တွင် ထင်ရှားခဲ့သည့် နိုင်ငံများ၏ သမိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များ၊ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်ဆိုင်ရာများကိုလည်းကောင်း။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက်က ပုဒ်မ (၆၀) ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၄၁၈ ပုဒ်မခွဲ (ခ) တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညိုက မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ

*စာမျက်နှာ ၆ ကော်လံ ၁* ✻




**ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ**




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မကြာမီ ဇူလိုင်လသို့ရောက်ရှိတော့မည်။ ဤကာလသည်ကား မြန်မာတို့၏ သစ်ပင်စိုက်ပျိုးရေးလဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးကြမည်။ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့်ကျောင်းသားကျောင်းသူများပါ မကျန်တစ်နိုင်ငံလုံး သစ်ပင်စိုက်ပျိုးရေးပွဲတော်များဆင်နွှဲကြလျက် တပျော်တပါးစိုက်ပျိုးကြမည်ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးရေး သစ်တောထိန်းသိမ်းကာကွယ်ရေးစသောလုပ်ငန်းများသည် နှစ်စဉ်အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ သစ်တောသစ်ပင်ဖြစ်ထွန်းအောင်စိုက်ပျိုးမှုနှင့် ထုတ်ယူသုံးစွဲမှုအတိုင်းအတာပမာဏတို့ကိုအချိုးကျတွက်ကြည့်လျှင် ထုတ်ယူသုံးစွဲမှုကများ၍ သစ်တောပြုန်းတီးမှုများဖြစ်ပေါ်လျက်ရှိသည်။ သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထိန်းသိမ်းနိုင်မှုမှာ အားနည်းလှသည်။ စိုက်ပျိုးပြီးသစ်ပင်များ အမှန်တကယ် ကြီးထွားရှင်သန်အောင်စိုက်ပျိုးထိန်းသိမ်းနိုင်မှသာ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းသည် ထိရောက်အောင်မြင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလသို့ရောက်ပြီဆိုလျှင် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနများနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ သစ်ပင်စိုက်ပျိုးရေးကိုဆောင်ရွက်လာခဲ့သည်မှာနှစ်အားဖြင့် ကြာညောင်းခဲ့ပြီဖြစ်ပါသည်။ ယနေ့ကားလမ်းဘေးဝဲယာတစ်လျှောက် တွေ့မြင်နေရသောသစ်ပင်များ၊ မြို့ပြများအနီးတွေ့ရသောသစ်ပင်များ၊ ဌာနဆိုင်ရာများအတွင်းတွေ့ရသော သစ်ပင်များသည် သစ်ပင်စိုက်ပျိုးရေးကို နှစ်စဉ်ဆောင်ရွက်နိုင်ခဲ့ခြင်း၏ အကျိုးရလဒ်များပင်ဖြစ်ပါသည်။ ထိုအကျိုးရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်မှာ နှစ်စဉ်သစ်ပင်စိုက်ပျိုးရေးပွဲတော်များဆင်နွှဲခြင်းကသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

မြို့ပြများချဲ့ထွင်လာခြင်း၊ စက်ရုံအလုပ်ရုံများတိုးတက်လာခြင်း၊ မြေယာသစ်များ ဖော်ထုတ်လာခြင်းတို့ကြောင့် သစ်တောဧရိယာများ တဖြည်းဖြည်းကျဉ်းမြောင်းလာလျက်ရှိပါသည်။ ဤသို့ချဲ့ထွင်လာသော မြေနေရာများအတွင်းခုတ်လှဲရန်မသင့်သော အပင်များကိုသတ်မှတ်ခြင်း၊ခုတ်လှဲသောအပင်များအစား ပြန်လည်အစားထိုးစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်နိုင်မှသာ သစ်တောထိန်းသိမ်းရေးလုပ်ငန်းသည်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

သစ်တောရတနာသည် လူသားတစ်ရပ်လုံးအတွက် အမှန်တကယ်တန်ဖိုးကြီးမားပါသည်။ သစ်တောသစ်ပင်များမှသစ်နှင့်သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိအောင်လည်း ထိန်းညှိပေးနိုင်စွမ်းရှိပါသည်။ "ဥတုရာသီတောကိုမှီ၏" ဟူသောဆောင်ပုဒ်သည် ရာသီဥတုနှင့်သစ်တောသစ်ပင်များတိုက်ရိုက်ဆက်စပ်နေသည်ကို သတိပေးထားခြင်းဖြစ်ပါသည်။ သစ်တောများ ပြုန်းတီးပျက်စီးလာသည်နှင့်အမျှ ရာသီဥတုမှာလည်းဖောက်ပြန်ကာ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေးအန္တရာယ်ဆိုးများနှင့်ရင်ဆိုင်ရမည် ဖြစ်ပါသည်။

သို့ဖြစ်၍သစ်ပင်စိုက်ပျိုးရေး သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် တစ်ခဏတာလုပ်ရမည့် ရေတိုအလုပ်မဟုတ်ပါ။ ဤသတ္တလောကကြီး တည်မြဲနေသမျှကာလပတ်လုံး လူတိုင်းလူတိုင်းက စိတ်ဝင်တစားလုပ်ကိုင်ဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပါသည်။ သစ်ပင်စိုက်ပျိုးရေးနှင့်သစ်တောထိန်းသိမ်းရေးကို အမြဲမပြတ်စီမံဆောင်ရွက်ကြမည်ဆိုပါက "သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံးအတွက် ကောင်းကျိုးစီးပွားများတိုးပွားလာမည်ဖြစ်ပါကြောင်း။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်


မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။
ဘာမှားနေလဲ၊ ပြင်ဆင်ပါ။
သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

### စာအုပ်စင်ကလွှာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းများ နှိုင်းယှဉ်ဇယားစာအုပ်

**"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းများနှိုင်းယှဉ်ဇယား"** စာအုပ်အား ရောင်းဈေးငွေကျပ် ၈၀၀ ဖြင့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြသည်။

အဆိုပါစာအုပ်ကို အမှတ်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ



စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း- ၀၂-၃၀၁၈၆) သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် ဝယ်ယူလိုပါက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



### ထင်သာမြင်သာပြုပြင်စရာ

## မီးရထားလမ်းကူး ပြုပြင်ပေးစေလို

ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးပေါ်ရှိ ညောင်တုန်းမြို့နယ် တာကွေ့ကျေးရွာ တာကွေ့ဈေးအနီး မိုင်တိုင် ၃၅မိုင် ခုနစ်ဖာလုံတွင် လမ်းမကြီးကို ဖြတ်သန်းဖောက်လုပ်ထားသော ဟင်္သာတ-ညောင်တုန်း-လှိုင်သာယာ မီးရထားလမ်းကူးလမ်းမှာ ဆိုးဆိုးရွားရွား ပျက်စီးနေသည်ကို ဇွန် ၂၃ ရက်က တွေ့ရှိခဲ့သည်။

နေ့စဉ်သွားလာနေသော မီးရထားနှင့် အချိန်နှင့်အမျှ ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များပါ အန္တရာယ်ရှိနိုင်သဖြင့် အမြန်ဆုံးပြုပြင်ပေးရန် ယာဉ်မောင်းများနှင့် ဒေသခံများက လိုလားနေကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**





**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးပြီး အထူးလိုအပ်နေသည့်လုပ်ငန်းဖြစ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံ အရေးပေါ်လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံအရေးပေါ် လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်မက်စ်ဉ္စကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အရေးပေါ်လူနာတင်ယာဉ်စနစ် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသည် အရေးပေါ် လူနာတင်ယာဉ်စနစ်နှင့် သက်ဆိုင်သည့် ကျွမ်းကျင်သူပညာရှင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံကြပြီး လူနာများဆေးရုံမရောက်မီ ကြားကာလတွင် ပြုစုသယ်ပို့ရေး Pre-hospital Care အပိုင်းကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုအတွက် အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ထိခိုက်မှုအန္တရာယ် ကာကွယ်တားဆီးရေး သုတေသနပြုချက်အရ ဆေးရုံသို့ အရေးပေါ်ရောက်လာကြသော လူနာများ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိသာ လူနာတင်ယာဉ်ဖြင့် ရောက်လာကြပါကြောင်း၊ ၎င်းမှာ လူနာတင်ယာဉ်နည်းပါးမှုနှင့် လူနာတင်ယာဉ်စနစ် မဖွံ့ဖြိုးမှုကြောင့် ဖြစ်ပါကြောင်း။

အရေးပေါ်ဌာနသို့ ရောက်ရှိလာသည့်လူနာများ၏ ၈၉ ရာခိုင်နှုန်းသည် ဆေးရုံမရောက်မီတွင် စနစ်တကျပြုစုကုသမှု မရရှိခဲ့ကြကြောင်းနှင့် ကျန်သော ၁၁ ရာခိုင်နှုန်းသည် ဆေးရုံရောက်မှသာ ကုသမှုစတင်ရရှိသည်ဟုသိရပါကြောင်း၊ အကယ်၍သာ အခင်းဖြစ်ပွားသည့်နေရာတွင် သက်ဆိုင်ရာရောဂါအလိုက် ရှေးဦးသူနာပြုစုကုသမှုရရှိပြီး စနစ်တကျ အမြန်ဆုံးဆေးရုံပို့ပေးနိုင်ကြမည်ဆိုပါက ထိခိုက်ဒဏ်ရာနှင့် အခြားအရေးပေါ်ရောဂါများကြောင့် သေဆုံးမှုကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အရေးပေါ်ဆေးကုသမှုအဆင့်ကို ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပခဲ့သည့် အချိန်ကစပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စသည့် ပြည်သူ့ဆေးရုံကြီးများ၏ အရေးပေါ်ဌာနများကို စတင်အဆင့်မြှင့်တင်ထားခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ အရေးပေါ်ဌာနများတွင် လိုအပ်သည့် ဆေးဝါးနှင့် ခေတ်မီပစ္စည်းကိရိယာများနှင့်အတူ အရေးပေါ်အထူးကုဆရာဝန်များလည်း တွဲဖက်တာဝန်ချထားပေးပြီး ဖြစ်သည်ကို သိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလားတူ အဆင့်မြှင့်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရန်ကုန်ဆေးတက္ကသိုလ် (၁)တွင် ဩစတြေးလျနိုင်ငံမှ Australian College of Emergency Medicine (ACEM) နှင့် ပူးပေါင်းပြီး မဟာဘွဲ့ဆိုင်ရာသင်တန်းကိုပါ ဖွင့်လှစ်ထားသည့်အတွက် နိုင်ငံတကာဆေးရုံများ၏ အရေးပေါ်ကုသမှုအရည်အသွေးကိုလည်း ရရှိလာမည်ဖြစ်ပါကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် အရေးပေါ်လူနာများ ဆေးရုံသို့ နောက်ကျပြီးရောက်လာပါက ပြုစုကုသမှု ပိုမိုခက်ခဲစေပြီး ဆုံးရှုံးမှုပိုမိုများပြားစေမည် ဖြစ်ပါကြောင်း။

လူနာတင်ယာဉ်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူနာပြုစုကုသမှု နည်းလမ်းများအတွက် သင်တန်းများလိုအပ်နေမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှနေ၍ မြန်မာနိုင်ငံရေမြေသဘာဝနှင့် သင့်လျော်မည့် အရေးပေါ်ဆေးကုသမှု လူနာတင်ယာဉ်စနစ်တစ်ခု ပေါ်ထွက်လာမည်ဟုယုံကြည်ပါကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်စနစ်ဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အောင်မြင်အောင် အရေးပေါ်ကျန်းမာရေးဆိုင်ရာ ဥပဒေရှိရန် လိုအပ်ပါကြောင်း။

၎င်းအရေးပေါ် ကျန်းမာရေးဆိုင်ရာ ဥပဒေအောက်တွင် လူနာ၏ရပိုင်ခွင့်၊ ပြုစုကုသသယ်ပို့ပေးသည့် စေတနာ့ဝန်ထမ်း၊ အစိုးရဝန်ထမ်း၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကိုလည်း ရှင်းလင်းပြတ်သားအောင် အကျေအလည် ဆွေးနွေးသတ်မှတ်ပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကလည်း ယခုဥပဒေပေါ်ပေါက်ရေးကို ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက လက်ရှိမြန်မာနိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းနိမ့်ကျမှု တစ်နှစ်အောက်၊ ငါးနှစ်အောက်ကလေးနှင့် မိခင်သေဆုံးမှုနှုန်း မြင့်မားနေမှု၊ မော်တော်ယာဉ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမြင့်မားလာမှုသည် အရေးပေါ် လူနာတင်ယာဉ်စနစ် ရှိမရှိအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်နွှယ်နေပါကြောင်း။

ထို့ကြောင့် အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးပြီး မွန်မြတ်သောလုပ်ငန်းသည်လည်း အထူးလိုအပ်နေသည့် လုပ်ငန်းဖြစ်သည့်အတွက် တက်ရောက်လာကြသူ ပုဂ္ဂိုလ်များက ဘက်စုံထောင့်စုံမှ ဆွေးနွေးကြိုးပမ်းကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ အရေးပေါ်လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော အရေးပေါ် ထိခိုက်ဒဏ်ရာရရှိမှု၊ အဖွဲ့အစည်း များပူးပေါင်းဆောင်ရွက်နိုင်မှု၊ အရေးပေါ်လူနာတင်ယာဉ်စနစ်အတွက် ဗဟိုကွပ်ကဲရေးဌာန ထူထောင်မည့်နည်းလမ်းများ၊ ၁၉၂ အရေးပေါ် ဖုန်းနံပါတ် သို့မဟုတ် Call Center ထူထောင်နိုင်မည့်အခြေအနေ၊ လူနာတင်ယာဉ်များအား အရေးပေါ် ဖြတ်သန်းမောင်းနှင်နိုင်မည့်နည်းလမ်းများ၊ လူနာတင်ယာဉ်လိုအပ်မှု၊ ယာဉ်မောင်းများနှင့် ဆေးအဖွဲ့များ လေ့ကျင့်ပျိုးထောင်မှုများကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ထိုသို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် ရုပ်ကြွင်းလောင်စာမီးရှို့မှု၊ သစ်တောများ ပြုန်းတီးမှုများပါဝင်ပြီး ဒေသတွင်းသစ်ပင်များ ခုတ်လှဲ၍ ထင်း၊ မီးသွေးအဖြစ် သုံးစွဲနေမှုများကြောင့် ထိခိုက်ပျက်စီးမှုများလည်း ရှိနေသေးကြောင်း သိရသည်။

ဒေသတွင်း စီးပွားရေးလုပ်ငန်းများဖြစ်သော မီးသွေးလုပ်ငန်း၊ အုတ်လုပ်ငန်းနှင့် တောမီးရှို့ခြင်း၊ စားကျက်မြေများ တိုးချဲ့ခြင်းတို့သည် ရာသီဥတုပြောင်းလဲလာမှု အရှိန်အဟုန်နှေးကွေးမှုကို မထိန်းချုပ်နိုင်သည့် အကြောင်းတရားများဖြစ်သည်။

အချို့ဒေသများတွင် အိမ်သုံးထင်းများ ဝေငှပေးခြင်း၊ လျှပ်စစ်မီးများ တိုးချဲ့တပ်ဆင်ပေးခြင်း စသည့် အစားထိုးလောင်စာများ သုံးစွဲနေရပြီဖြစ်သော်လည်း ကျယ်ပြန့်စွာမဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

မြို့နယ်တွင်းအုတ်လုပ်ငန်း ၃၀ ကျော်ရှိပြီး တစ်ဖိုလျှင် အုတ်ငါးသောင်းဖုတ်လျှင် ထင်း၂၅ တန်ခန့် အသုံးပြုရကြောင်း၊ တစ်နှစ်လျှင် ထင်းတန်ခုနစ်ထောင်မှ တစ်သောင်းကြား သုံးစွဲမှုရှိနေကြကြောင်း၊ ယခုအခါ ထင်းများရှားပါးလာရာ ထင်းသားမပါသည့် အပင်သေးများကိုပင် ခုတ်လှဲ ရောင်းချမှုများရှိနေကြောင်း၊ တချို့မှာ ယာခင်းကန်သင်းနှင့် လင်းရိပ်အပင်များကို ခုတ်လှဲပြီး တောပြတ်ရောင်းချသူများလည်းရှိကြောင်း၊ အုတ်လုပ်ငန်းသမားများအနေဖြင့် ထင်းဝယ်ယူရန် ခက်ခဲလာ၍ အစားထိုးလောင်စာအဖြစ် ဆီးသီးကွဲခြမ်းများကို အသုံးပြုရကြောင်း၊ အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

အုတ် လုပ်ငန်းများကြောင့် သဘာဝမြေဆီလွှာများပါ ပျက်စီးဆုံးရှုံးခဲ့ကြပြီး ရေတိုက်စားမှုပြောင်းလဲကာ ပတ်ဝန်းကျင်ရှိ သဘာဝသစ်ပင်များ ပျက်စီးမှုများလည်းရှိနေကြောင်း သိရသည်။

ထို့အပြင် အုတ်လုပ်ငန်းရှင်များက ဒေသတွင်းသုံးစွဲသည့် ပမာဏထက်များစွာ ထုတ်လုပ်နေကြရာ မြို့နယ်မှ သဘာဝအရင်းအမြစ်များ ပြုန်းတီးနေရကြောင်း၊ ဒေသတစ်ခုလုံးအတွက် ကြီးမားသောဆုံးရှုံးမှုများဖြစ်နေရသည့်အတွက် လောင်စာနှင့် မြေသား အခြားအစားထိုးအသုံးပြုနိုင်သည့် လုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

နှစ်စဉ် ရာသီဥတုဖောက်ပြန်မှုများသည် လူသားတို့၏ပယောဂများကြောင့် အဓိကဖြစ်ပေါ်နေရာ မိမိဒေသရှိသဘာဝသစ်တောများနှင့် မြေဆီလွှာပြုန်းတီးမှုများကို ထိန်းသိမ်းပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇွန် ၂၅**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Dessallien ဦးဆောင်သောအဖွဲ့အား ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီက နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းမြင့်တို့လည်း တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ၊ လောက်ကိုင်ဒေသ၏ လက်ရှိလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအခြေအနေများနှင့် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာသော ကိုးကန့်ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရမှ ကူညီပံ့ပိုးပေးမှုအခြေအနေများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြုံယမ်းလေဆိပ်သစ်တွင် ကော်ဖီဆိုင်နှင့်ဘားကောင်တာများဖွင့်လှစ်



**ပြုံယမ်း ဇွန် ၂၅**

ပြုံယမ်း၏ လေဆိပ်သစ်ဓာတ်ပုံများအရ လေဆိပ်၌ဒီဇိုင်းပုံဖော်ထားသောရုပ်အင်္ကျီများနှင့် အလှပြင်ပစ္စည်းများက ဧည့်သည်များကို မြောက်ကိုရီးယားသို့ လာရောက်လည်ပတ်ရန်ကမ်းလင့်နေကြကြောင်း မီဒီယာများက ဖော်ပြသည်။

ကြာသပတေးနေ့ထုတ် လုပ်သားပါတီ နေ့စဉ်သတင်းစာရိုဒေါင်ဆင်မွန်၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ၎င်း၏ဇနီးသည်တို့သည် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် လေဆိပ်သစ်အဆောက်အအုံရှိ စားသောက်ဆိုင်များ၊ ဈေးဆိုင်များနှင့် နားနေဆောင်များကို သွားရောက်စစ်ဆေးခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်က ခေါင်းဆောင်နေရာရယူခဲ့သော ကင်အနေနှင့် ၎င်း၏နိုင်ငံကို လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ကတိထားရှိခဲ့ကြောင်း သိရသည်။ မကြာသေးမီနှစ်များအတွင်းက မြောက်ကိုရီးယားနိုင်ငံသားတို့သည် အစားအစာ၊ ရေမလောက်မငဖြစ်မှုများနှင့် လျှပ်စစ်မီးအပြည့်အဝမရရှိမှုတို့ကို ခံစားခဲ့ကြရပြီး နိုင်ငံသားတို့သည် ၎င်းတို့၏ ဝင်ငွေကို တရားမဝင်သောစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရင်းရှာဖွေခဲ့ကြသည်။

လေဆိပ် အကောက်ခွန်လွတ်ဆိုင်များတွင် အမေရိကန်နှင့် ဂျာမနီလုပ် နာမည်ကြီးချောကလက်များ၊ ဘီယာပုလင်းများရောင်းချနေပုံနှင့် အခြားပုံတွင်လည်း အကျစ်ပရက်ဆိုကော်ဖီဆိုင်ပုံတို့ကို ဖော်ပြထားသည်။

ပေကျင်းနှင့် ပြုံယမ်းအကြား တရားဝင် စီးပွားရေးလုပ်ငန်းဖြစ်သော ခရီးသွားလာရေးလုပ်ငန်းသည် အနည်းငယ်သာအောင်မြင်ဖြစ်ထွန်းမှုရှိသည်။ မြောက်ကိုရီးယားသို့ အဓိကလာရောက်လည်ပတ်သော နိုင်ငံခြားခရီးသည်များမှာ အိမ်နီးချင်းနိုင်ငံဖြစ်သော ၎င်းတို့၏ မဟာမိတ်တရုတ်နိုင်ငံမှပင်ဖြစ်သည်။

မြောက်ကိုရီးယားအနေနှင့် ခရီးသည်အရေအတွက်ကို ထုတ်ပြန်မှု မရှိသော်လည်း နှစ်စဉ်နှစ်တိုင်း နိုင်ငံသို့ လာရောက်လည်ပတ်သော အနောက်နိုင်ငံသား ၆၀၀၀ နီးပါး ရှိကြောင်း ခရီးသွားအေဂျင်စီများက ခန့်မှန်းထားသည်။ **(ရိုက်တာ)**



# အိန္ဒိယတွင် မိုးရွာသွန်းမှုကြောင့် လူ ၃၄ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇွန် ၂၅**

အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့ကတည်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အနည်းဆုံး လူ ၃၄ ဦး သေဆုံးသွားကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောသည်။

“ဂူဂျာရတ်ပြည်နယ်ထဲက ဒေသအချို့မှာ ဗုဒ္ဓဟူးနေ့ကတည်းက မိုးတွေသည်းထန်စွာရွာသွန်းပြီး လေတိုက်နေတာ အခုအထိပါပဲ။ ဒီမိုးသည်းထန်မှုကြောင့် အနည်းဆုံးလူ ၃၄ ဦး သေဆုံးမှုရှိပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မိုးသည်းထန်မှုကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူက ပြောသည်။ “ရေကြီးမှုကဖြစ်နေတုန်းပါပဲ။ ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲရေးအဖွဲ့တွေကတော့ သတိပေးမှုတွေပြုလုပ်နေတုန်းပါ” ဟု တာဝန်ရှိသူကဆိုသည်။

အိန္ဒိယနိုင်ငံတွင် မုတ်သုံအဝင်နောက်ကျခဲ့ပြီး ယခုအခါ နိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ဝင်ရောက်လာပြီဖြစ်သည်။ **(ဆင်ဟွာ)**

# ယီမင်ရှိ ဟူသီသူပုန်များ၏ အမြောက်ပစ်ခတ်မှုကြောင့် ဆော်ဒီတပ်ဖွဲ့ဝင် လေးဦးကျဆုံး

**ရီယာဒ့် ဇွန် ၂၅**

ယီမင်ရှိ ဟူသီစစ်သွေးကြွများ၏ အမြောက်ပစ်ခတ်မှုကြောင့် ဆော်ဒီအာရေဗျ တပ်ဖွဲ့ဝင်လေးဦးကျဆုံးခဲ့ကြောင်း ဆော်ဒီနိုင်ငံပိုင်သတင်းမီဒီယာက ကြာသပတေးနေ့အစောပိုင်းက ဖော်ပြခဲ့သည်။

ယီမင်ပြည်ပြေးအစိုးရကို ပြန်လည်တင်မြှောက်ရန် ရည်ရွယ်သည့် ဗုံးကြဲတိုက်ခိုက်မှုကို ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က သုံးလကြာအောင်ပြုလုပ်ခဲ့သော်လည်း ဟူသီသူပုန်များသည် ရက်သတ္တပတ်အနည်းငယ်အတွင်းက ယီမင်နယ်စပ်၌ တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ခဲ့သည်။

တောင်အထူထပ်ဆုံးနယ်မြေဖြစ်သည့် ယီမင်နယ်စပ်တစ်လျှောက် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့က ဆော်ဒီတော်ဝင်ကြည်းတပ်အင်အားစုမှ တပ်ဖွဲ့ဝင်နှစ်ဦး၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင် တစ်ဦးနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတပ်ဖွဲ့မှ အရာရှိတစ်ဦးတို့ကျဆုံးခဲ့သည်။

သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ၏ သစ္စာတော်ခံဖြစ်သည့် ဟူသီသူပုန်များနှင့် ၎င်း၏မဟာမိတ်တပ်များသည် ယီမင်အနောက်ပိုင်း ထင်ရှားသည့်နယ်မြေများကို ချုပ်ကိုင်ရန်စေခိုင်းခြင်းခံနေရသည်။ တိုက်ခိုက်မှုနှင့် ညွန့်ပေါင်းတပ်ဖွဲ့၏ ကုန်သွယ်ရေးပိတ်ဆို့မှုအကျိုးဆက်အနေဖြင့် ယီမင်၏လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာပဋိပက္ခများသည် ပိုမိုဆိုးရွားလျက်ရှိသည်ဟု အကူအညီပေးရေးအဖွဲ့က ပြောခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုများကို ချဲ့ကားလုပ်ဆောင်နေခြင်းဖြစ်ကြောင်း ဒေသတွင်းသံတမန်များက ပြောသော်လည်း ဟူသီသူပုန်များသည် ဆော်ဒီ၏ အဓိကရန်သူဖြစ်သော အီရန်နှင့်ပူးပေါင်းနေသည်ဟု ဆော်ဒီဘက်မှ လက်ခံထားသည်။

**(ရိုက်တာ)**

# (၂၅)ကြိမ်မြောက် အေပက်ထိပ်သီး ဗီယက်နမ်၌ ကျင်းပမည်

**ဟနွိုင်း ဇွန် ၂၅**

ဗီယက်နမ်နိုင်ငံက (၂၅)ကြိမ်မြောက် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ၎င်း၏ဝက်ဘ်ဆိုက်၌ ကြေညာထားသည်။

၂၀၁၇ ခုနှစ် အေပက်ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည့် ဖန်ဘင်မင်က အေပက်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတွင် ပြောကြားသည်။

၂၅နှစ်တာကာလအတွင်း အေပက်သည် ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အဓိကယန္တရားအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မင်ကပြောသည်။

ဗီယက်နမ်နိုင်ငံအတွက် အေပက်အဖွဲ့ဝင်နိုင်ငံများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၇၈ ရာခိုင်နှုန်းရှိကြောင်း၊ ဗီယက်နမ်နိုင်ငံခြားကုန်သွယ်မှု၏ ၇၉ ရာခိုင်နှုန်းရှိကြောင်းနှင့် ဗီယက်နမ်နိုင်ငံသို့ အေပက်နိုင်ငံများမှ ခရီးသွားများလာရောက်မှု ၇၀ ရာခိုင်နှုန်းရှိကြောင်း ၎င်းကပြောကြားသည်။ **(ဆင်ဟွာ)**

# ဆီးရီးယားရှေးဟောင်းမြို့တော်မှ သမိုင်းဝင်ဂူသင်္ချိုင်းကို အိုင်အက်စ်တို့ စတင်ဖျက်ဆီး



**ဒမတ်စကတ် ဇွန် ၂၅**

ဆီးရီးယား ပယ်လ်မိုင်ရာ ရှေးဟောင်းမြို့တော်ရှိ ဂူသင်္ချိုင်းများကို အိုင်အက်စ်စစ်သွေးကြွများက စတင်ဖျက်ဆီးနေကြောင်း ဆီးရီးယား ရှေးဟောင်းအမွေအနှစ်နှင့် ပြတိုက်မှ ဦးဆောင်ညွှန်ကြားရေးမှူးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဟွမ်ပြည်နယ် အရှေ့ဘက် အနှစ်တစ်ထောင် သက်တမ်းရှိ ပယ်လ်မိုင်ရာ အိုအေစစ်မြို့တော်ရှိ အစ္စလာမ်ဂူသင်္ချိုင်းနှစ်ခုနှင့် ရုပ်တုတစ်ခုကို အိုင်အက်စ်တို့က ဖျက်ဆီးခဲ့ကြောင်း ပြတိုက်ဒါရိုက်တာ မာမွန်အဗ္ဗဒူကာရင်က ဆင်ဟွာသို့ပြောကြားသည်။ ပယ်လ်မိုင်ရာ ရှေးဟောင်းမြို့တော်ကို အပေါ်စီးမှမြင်ရသည့် တောင်ထိပ်ရှိ ပထမအုတ်ဂူကို တမန်တော်မိုဟာမက်၏ သားမက်တော်စပ်သူ အီမန်အလီဘင်အဘီတာလက်၏မျိုးဆက် မိုဟာမက်ဘင်အလီ ပိုင်ဆိုင်သည်။ ဒုတိယတစ်ခုမှာ အစ္စလာမ်ဘာသာတွင် ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အဗ္ဗူဘဟာအက်ဒီယန်၏ နှစ်ပေါင်း ၅၀၀ ရှိပြီဖြစ်သော ဂူသင်္ချိုင်းဖြစ်သည်။

အိုင်အက်စ် စစ်သွေးကြွများသည် ပယ်လ်မိုင်ရာပြတိုက်ဝင်ပေါက်ရှိ ဧရာမခြင်္သေ့ရုပ်တုကြီးကိုလည်း ဖျက်ဆီးပစ်ခဲ့ကြသည်။ အဗ္ဗဒူကာရင်က နိုင်ငံတကာအဖွဲ့အစည်းများသို့ ပယ်လ်မိုင်ရာမြို့တော်ကို ကာကွယ်ရန်နှင့် အိုင်အက်စ်တို့ ဖျက်ဆီးခဲ့သော ရှေးဟောင်းမြို့တော်များကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တိုက်တွန်းခဲ့သည်။

ဇွန် ၂၁ ရက်က အိုင်အက်စ်တို့သည် ပယ်လ်မိုင်ရာရှေးဟောင်းမြို့တော်ကို ဖောက်ခွဲဖျက်ဆီးခဲ့ကြကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာသူများက ပြောသည်။

မိုင်းများနှင့် ဖောက်ခွဲရေးကိရိယာများအသုံးပြုပြီး နှစ်ပေါင်းနှစ်ထောင်သက်တမ်းရှိ အထိမ်းအမှတ်အဆောက်အအုံများ၊ ဘုရားကျောင်းများတည်ရှိရာနေရာများကို ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပယ်လ်မိုင်ရာမြို့တော်သည် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် အဆောက်အအုံများရှိရာနေရာဖြစ်သည်။ **(ဆင်ဟွာ)**



# ဧရာဝတီမြစ်ရေတိုးလာသဖြင့် မြစ်ကြောင်းသွား ရေယာဉ်များအတွက် ရေလမ်းသတိပေးချက်ထုတ်ပြန်

**မန္တလေး ဇွန် ၂၅**

မြန်မာပြည်အထက်ပိုင်း မိုးရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် မြစ်ကြောင်းသွား ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ(၅)မှ သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"မုတ်သုံရာသီအစ မိုးဦးကာလမှာ မြစ်ရေတက်လာပြီဖြစ်လို့ ရေယာဉ်များ အန္တရာယ်ကင်းကင်း မောင်းနှင်နိုင်အောင် ဌာနကသတိပေးချက် ထုတ်ပြန်ထားပါတယ်။ ရေလမ်းပြအမှတ်အသားတွေ စိုက်ထူချထားပေမယ့် တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် ပျက်စီးသွားတာမျိုးရှိလို့ ရေယာဉ်တွေ ဂရုတစိုက် မောင်းနှင်ဖို့လိုပါတယ်"ဟု ရေကြောင်းလမ်းညွှန်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ သတိပေးချက်တွင် ရေများချိန်၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ရေနက်မလုံလောက်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်းမပြုရန်၊ မြစ်ကူးတံတားများဖြတ်သန်းလျှင် ဝင်ပေါက်၊ ထွက်ပေါက်များနှင့် မဝင်ရသည့်အပေါက်များတွင် အမှတ်အသားများပြသထားကြောင်း၊ မြစ်ကူးတံတားရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေခြင်းကြောင့် ယင်းတိုင်များအကြား ရေစီးသန်သဖြင့် ရေယာဉ်၏ စက်အား/ဝန်အားနှင့် ရေစီးနှုန်းတိုးကို ချင့်ချိန်မောင်းနှင်ရန်လိုကြောင်း ပါရှိသည်။

"မြစ်ရေက အထက်ပိုင်းမှာ မိုးကောင်းတဲ့အတွက် ဇွန် ၅ ရက်မှာ ၄၇၀ စင်တီမီတာရှိနေပြီး ဇွန် ၁၂ ရက်မှ ၆၃၇ စင်တီမီတာကနေ ဇွန် ၂၅ ရက်နေ့တိုင်းတာချက်အရ ၉၂၂ စင်တီမီတာအထိ မြင့်တက်လာနေပါတယ်။ ရေနည်းချိန် ခြောက်လနဲ့ ရေများချိန် ခြောက်လရှိတဲ့အတွက် အခါအားလျော်စွာ သတိပေးချက်တွေ ထုတ်ပြန်ပေးနေပါတယ်"ဟု ၎င်းကပြောသည်။

သို့ဖြစ်၍ ရေယာဉ်များအားလုံး အနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်ခြင်း၊ မိုးမှောင်ကျခြင်းများ ဖြစ်ပေါ်လာလျှင် အန္တရာယ်မဖြစ်စေရန်၊ အထူးဂရုစိုက်မောင်းနှင်ရန်နှင့် လေပြင်းတိုက်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေအတိုင်း ထိန်းသိမ်းမောင်းနှင်ကြရန် ယင်းဌာနမှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာစိုးလွင်ငြိမ်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရောဂါနှိမ်နင်းရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) ပါမောက္ခဒေါက်တာဝင်းဋ္ဌေးအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်<br>(တောင်ကြီး)<br>ဆေးဘက်ဆိုင်ရာ<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# မိုးအသင့်အတင့် ရွာမည်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

# လင်းခေးမြို့ပတ်လမ်း သစ်သားတံတားကျိုးကျမှုကြောင့် ကုန်စည်ပို့ဆောင်သော ယာဉ်များနှင့် ကျောင်းသား ကျောင်းသူများ သွားလာမှုအခက်အခဲရှိနေ



**လင်းခေး ဇွန် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့ရှိ မြို့အဝင် မြို့ပတ်လမ်းတွင်ရှိသော သစ်သားတံတားမှာ ချောင်းရေတိုက်စားမှုကြောင့် မေလဒုတိယပတ်က တံတားကွေးညွတ်ခဲ့ပြီး ဇွန် ၁၇ ရက်က ကျိုးကျပျက်စီးခဲ့သဖြင့် အဆိုပါတံတားကို အားကိုးအားထားပြုနေသောခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်များ မြို့တွင်းလမ်းကျဉ်းမှ ကွေ့ပတ်၍ သွားလာရသောကြောင့် အခက်အခဲကြုံတွေ့ရသည်။

ယင်းတံတားမှ ဖြတ်သန်းသွားလာသော ကျောင်းသား ကျောင်းသူများလည်း အဆိုပါတံတား ပျက်စီးနေမှုကြောင့် မြို့တွင်းလမ်းမှ ကွေ့ပတ်၍သွားလာလျက်ရှိကြောင်းသိရသည်။

"မိုးစရွာတဲ့ မေ ၁၅ ရက်က တောင်ကျချောင်းရေ တော်တော်စီးတယ်။ အဲ့ဒီတံတား ကွေးညွတ်ကျသွားတော့ ယာဉ်တွေဖြတ်လို့မရဘူး။ ဆိုင်ကယ်နဲ့ ကျောင်းသားအချို့က စက်ဘီးနဲ့ဖြတ်နေလို့ အန္တရာယ်ရှိတယ်လို့ အမြဲလှမ်းအော်နေရတယ်။ ဇွန် ၁၇ ရက် ညနေ ၃နာရီကျော်မှာ ကွေးညွတ်နေတဲ့တံတားက ဝုန်းခနဲပြိုကျသွားလို့ တံတားနားမှာ ရှိတဲ့လူတွေလန့်ကုန်တယ်။ တံတား မကွေးညွတ်ခင်တစ်ရက်က ဘက်ဟိုးတင်ထားတဲ့ ယာဉ်တစ်စီးဖြတ်သွားတယ်။ တံတားခံနိုင်ဝန်အား နည်းလာတာရယ်၊ ယာဉ်ကြီးတွေ ဖြတ်သန်းမှုများလာတာကြောင့် တံတားကျိုးကျသွားတာဖြစ်မယ်။ ဒီလမ်းက မြို့ကွင်းလမ်းဖြစ်တဲ့အတွက် မိုင်းပန်၊ မိုင်တုံ၊ မိုင်းဆတ်ကို ဖြတ်သွားတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ အများဆုံးသွားကြတာပါ"ဟု အဆိုပါတံတားအနီးရှိ နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ မြို့ပတ်လမ်းတံတားကို ၂၀၀၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာလ ၃၀ ရက်နေ့တွင် ပြီးစီးခဲ့သည်။

အဆိုပါ တံတားမှာ အရှည်ပေ ၆၀၊ လမ်းအရှည် လေးဖာလုံရှိသော မြို့ပတ်လမ်း သစ်သားတံတားကို တည်ဆောက်ခဲ့မှုကြောင့် တောင်ပေါ်မြို့များ၏ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုကို များစွာအထောက်အကူဖြစ်စေခဲ့ပြီး ယခုအခါ တစ်လကျော်ကြာ တံတားကျိုးကျပျက်စီးမှုကြောင့် လမ်းကျဉ်းသော မြို့တွင်းလမ်းမှ ၁၂ ဘီးယာဉ်များ ဖြတ်သန်းလျက်ရှိရာ မြို့ခံပြည်သူတို့ သွားလာမှုအခက်အခဲ ဖြစ်ပေါ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက်လည်း ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း၊ မြို့ပတ်လမ်းတံတားကို မိုးများသော ဇူလိုင်လမတိုင်မီ အမြန်ပြုပြင်ရန် မြို့ခံပြည်သူတို့ လိုလားလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**






ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အထက်ပါ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲဖြင့် ရယူသည်။

ယနေ့အစည်းအဝေးသို့ နံနက်ပိုင်း၌ လွှတ်တော်ကိုယ်စားလှယ် ၅၈၄ ဦး တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်း လျှို့ဝှက်ဆန္ဒမဲပေးချိန်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နေ့ဝက်ခွင့်တောင်းခံခဲ့သဖြင့် မဲပေးချိန်၌ လွှတ်တော်ကိုယ်စားလှယ် ၅၈၃ ဦးဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။



မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဆွေးနွေးစဉ်။ (သတင်းစဉ်)


အစည်းအဝေးတွင် ပုဒ်မ ၅၉ (ဃ) နှင့်စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်သူ ၅၈၃ ဦးတွင် ထောက်ခံမဲ ၅၅၆ မဲ၊ ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်၍ ပြင်ဆင်ရေး ဆောင်ရွက်ရန် အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ပုဒ်မ ၅၉ (စ) နှင့် စပ်လျဉ်း၍ ထောက်ခံမဲ ၃၂၁ မဲ၊ ရာခိုင်နှုန်းအားဖြင့် ၅၅ ဒသမ ၀၆ ရာခိုင်နှုန်း၊ ပုဒ်မ(၆၀) (ဂ)နှင့် စပ်လျဉ်း၍ ထောက်ခံမဲ ၃၈၆ မဲ၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၂၁ ရာခိုင်နှုန်း၊ ပုဒ်မ ၄၁၈ (ခ)နှင့် စပ်လျဉ်း၍ ထောက်ခံမဲ ၃၈၆ မဲ၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၂၁ ရာခိုင်နှုန်း၊ ပုဒ်မ ၄၃၆ (က)နှင့် စပ်လျဉ်း၍ ထောက်ခံမဲ ၃၈၈ မဲ၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပုဒ်မ ၄၃၆ (ခ) နှင့် စပ်လျဉ်း၍ ထောက်ခံမဲ ၃၈၈ မဲ၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၅၅ ရာခိုင်နှုန်း ဖြစ်၍ ၇၅ ရာခိုင်နှုန်း မပြည့်မီ သောကြောင့် ပြင်ဆင်မှုအတွက် အတည်မပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။


ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ)အတွက်]နှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်လျာထားချက်ကို ပြည်ထောင်စုလွှတ်တော် နာယကက အသိပေးကြေညာသည်။

**(သတင်းစဉ်)**


### ပုဒ်မ ၅၉၊ ပုဒ်မခွဲ (စ)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ




### ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ





### ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (ခ)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ




### ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (က)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ




### ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (ခ)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ




# မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာခြေစမ်းပွဲများကစားမည်

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ဖိုးသော်ဇင်

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအာရှဇုန် ဒုတိယအဆင့်ခြေစမ်းပွဲကိုဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ထိပ်သီးအသင်းများနှင့်ခြေစမ်းကစားမည်ဖြစ်ပြီး ယူအေအီးလက်ရွေးစင်အသင်း၊ နယူးဇီလန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည်စက်တင်ဘာ ၃ ရက်တွင် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်(၃)မတိုင်မီ တစ်ပွဲနှင့် ယင်းပွဲအပြီးတွင် တစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၈ ရက်တွင် ယူအေအီးအသင်းနှင့်ယူအေအီးနိုင်ငံ၌ ခြေစမ်းမည်ဖြစ်ပြီး ကူဝိတ်လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန်အတွက် ကူဝိတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၇ ရက်တွင် နယူးဇီလန်လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်း၌ ခြေစမ်းကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့သည် ၂၀၁၄ ခုနှစ်ကတည်းက ခြေစမ်းရန် စီစဉ်ခဲ့သော်လည်းပျက်ပြယ်ခဲ့ရပြီး ယခုမှသာ ပြန်လည်ကစားခြင်းဖြစ်သည်။

ဆက်လက်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်းကိုပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခဲ့သည့် မြန်မာယူ- ၂၀အသင်းနှင့်ဆီးဂိမ်းငွေဆုရမြန်မာယူ -၂၃ အသင်းတို့မှ ကစားသမားများကို အားဖြည့် ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော်လည်း အိမ်ကွင်းပိတ်ခံထားရသောကြောင့် အိမ်ကွင်းပွဲစဉ်များကို ထိုင်းနိုင်ငံ၌ ကစားနေရသည်။

မြန်မာအသင်းများသည် လက်ရွေးစင်အဆင့်၌ ယူအေအီး၊ နယူးဇီလန်အသင်းတို့နှင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ခြေစမ်းကစားဖူးခြင်းမရှိဘဲ လူငယ်လက်ရွေးစင်အသင်း၌သာ တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။



မြန်မာ ယူ-၁၉ အသင်းနှင့်ယူအေအီး ယူ-၁၉အသင်းတို့ ၂၀၁၄ ခုနှစ်က တွေ့ဆုံခဲ့စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား လွှတ်တော်ကျင်းပ၍ ဆန္ဒမဲပေး ဆုံးဖြတ်မှုအခြေအနေ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၁ | **ပုဒ်မ ၅၉ (ဃ)**<br>နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ **စစ်ရေး** စသည့်အမြင်များ ရှိရမည်။ | **ပုဒ်မ ၅၉ (ဃ)**<br>နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ **ကာကွယ်ရေး** စသည့် အမြင်များရှိရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၅၀<br>တက်ရောက် ၅၈၃<br>ထောက်ခံမဲ ၅၅၆<br>ရာခိုင်နှုန်း ၉၅. ၃၇<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၂ | **ပုဒ်မ ၅၉ ( စ )**<br>မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ **ထိုတရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း** နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာ **တော်** ကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ။ | **ပုဒ်မ ၅၉ ( စ )**<br>မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦး သော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ။ | ထောက်ခံမဲ ၃၂၀<br>ရာခိုင်နှုန်း ၅၅. ၀၆<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၃ | **ပုဒ်မ ၆၀ ( ဂ )**<br>ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို **လွှတ်တော်ကိုယ်စားလှယ် များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ** ရွေးချယ်တင်မြှောက်ရမည်။ | **ပုဒ်မ ၆၀ (ဂ)**<br>ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို **ပြည်ထောင်စု လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ် များထဲမှ** ရွေးချယ်တင်မြှောက်ရမည်။ | ထောက်ခံမဲ ၃၈၆<br>ရာခိုင်နှုန်း ၆၆. ၂၀<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၄ | **ပုဒ်မ ၄၁၈ ( ခ )**<br>ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ် ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ **ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ | **ပုဒ်မ ၄၁၈ ( ခ )**<br>ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်နေ့ရက်မှစ၍ **ထူးခြားသောအခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြွင်းချက်ပြုပြီး** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ | ထောက်ခံမဲ ၃၈၆<br>ရာခိုင်နှုန်း ၆၆. ၂၀<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၅ | **ပုဒ်မ ၄၃၆ (က)**<br>ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း (၁၁)ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်**က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏** ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | **ပုဒ်မ ၄၃၆ (က)**<br>ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ**က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ **ဆန္ဒမဲပေးသူအားလုံး၏** ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | ထောက်ခံမဲ ၃၈၈<br>ရာခိုင်နှုန်း ၆၆. ၅၅<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၆ | **ပုဒ်မ ၄၃၆ ( ခ )**<br>ပုဒ်မခွဲ (က) တွင် ဖော်ပြထား **သည့်** ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက် များကို **ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်** ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | **ပုဒ်မ ၄၃၆ ( ခ )**<br>ပုဒ်မခွဲ (က) တွင် ဖော်ပြထား**သော** ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ၏** ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | ထောက်ခံမဲ ၃၈၈<br>ရာခိုင်နှုန်း ၆၆. ၅၅<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကံမ ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ကံမမြို့နယ်၌ဆောင်ရွက်လျက်ရှိရာ အခြေခံပညာအထက်တန်းကျောင်း (ကံမ)ရှိ မြဝတီခန်းမ၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဟောပြောပွဲကို ဇွန် ၂၃ ရက်မွန်းလွဲ ၂နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး နေဝင်းက မူးယစ်ဆေးဝါးအန္တရာယ်များကို ရှောင်ရှားနိုင်သည့်နည်းလမ်းများ မြို့နယ်ဥပဒေအရာရှိဒေါ်စုကေခိုင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ပညာပေးဟောပြောခဲ့သည်။

ထို့အပြင် မူးယစ်လုပ်ရှားမှုများအဖြစ် အလယ်တန်း၊ အထက်တန်း မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ပညာပေးပြသခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း iprd**

# မြေအရင်းအမြစ်စီမံခန့်ခွဲမှုမူဝါဒကို အများပါဝင်မှုဖြင့်ချမှတ်နိုင်ရန် ရေးဆွဲပြုစုလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ၂/၂၀၁၅ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ရှေးဦးစွာ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာ၌ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သည့် ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ် စီမံခန့်ခွဲမှုမူဝါဒဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့်ချမှတ်ခြင်း၊ အဖွဲ့အစည်းများအကြား ဆက်စပ်ညှိနှိုင်း၍ မြေအရင်းအမြစ် စီမံမှုဆိုင်ရာ အနာဂတ်အခြေခံအုတ်မြစ်အတွက် ပြင်ဆင်ခြင်းနှင့် ပြည်သူကိုဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်းတို့ကို သတ်မှတ်အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း။

မြေအရင်းအမြစ်စီမံခန့်ခွဲမှု မူဝါဒကို အများပါဝင်မှုဖြင့် ချမှတ်နိုင်ရန် ရေးဆွဲပြုစုလျက်ရှိရာ ယခုအခါ မြေအသုံးချမှုမူဝါဒ(ဆဋ္ဌမ) မူကြမ်းကို ကျွမ်းကျင်သူပညာရှင်များနှင့် ပြည်သူများ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ရေးဆွဲပြီးစီးသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ(ဆဋ္ဌမ)မူကြမ်းကို ပိုမိုပြည့်စုံကောင်းမွန်စေရန် ထပ်မံအကြံပြုဆွေးနွေးသွားရန်ဖြစ်ကြောင်း။

မြေအရင်းအမြစ် စီမံအုပ်ချုပ်မှု လေ့လာသုံးသပ်ချက်မူဘောင် (Land Governance Assessment Framework) ကို ကျွမ်းကျင်သူများ အကူအညီဖြင့်ချမှတ်ပြီး အစိုးရ၏ ပွင့်လင်းမြင်သာမှုကို မှန်ကန်စွာ တည်ဆောက်လျက် လူထု၏ ယုံကြည်မှုကို ရယူသွားရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရသက်တမ်းတစ်လျှောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြောင်းလဲခဲ့ပြီး ကျန်ရှိသည့်ကာလအတွင်း ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရေးတွင် ခိုင်မာသည့် အခြေခံအုတ်မြစ်များ ချမှတ်ပေးနိုင်ရေးတာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရမည့်တာဝန်များကို ထိထိရောက်ရောက်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အစိုးရက တာဝန်ယူသည့်ကာလအတွင်း ပြီးမြောက်နိုင်မှုမရှိသည့်တိုင် ရှေ့လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ခရီးဆက်နိုင်ရန် ကောင်းမွန်မှန်ကန်သည့် ချဉ်းကပ်မှုပုံစံနှင့် လမ်းကြောင်းများ ချမှတ်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝင်းထွန်းနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက လယ်ယာမြေ၊ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆိပ်ကမ်းများနှင့် မြစ်၊ ချောင်း၊ ကမ်းရိုးတန်းဒေသများဆိုင်ရာမြေအရင်းအမြစ် အသုံးချရေးကိစ္စများ၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်အောင် ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှုများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ်းခြေဒေသများ သာယာလှပရေး ကွင်းဆင်းဆောင်ရွက်နေမှုများ၊ မြေယာနှင့်ပတ်သက်သည့် ဥပဒေကြမ်းများ ရေးဆွဲဆောင်ရွက်နေမှုများ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းမူဝါဒများ၊ မြို့ကြီးများတွင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**အမိန့်ကြော်ငြာစာအမှတ်၊ ( ၃/၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )**

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည်-

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ် ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။"

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း" ဆိုသည့်စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို လည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။"

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)၊ (ဆ)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅(ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁(ခ)ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၅(က)ပါ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲနည်းဥပဒေ ၅၄(ဆ)ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသားတည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန်( ✔ ) အမှတ်အသားပါရှိသည့် တံဆိပ်တုံး ရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန် ( ✔ ) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်။"

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ(၁)၊ ပုံစံ(၁-က)၊ ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃) တို့၏ ရှင်းလင်းချက်အပိုဒ်(၃) တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေပုံစံ(၃)နှင့် ပုံစံ(၃-က) တို့တွင်ပါဝင်သော "ယာယီသက်သေခံ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**


# စလင်းမြို့၌ ရေထုတ်မြောင်းတူးဖော်

**စလင်း ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်းနားရပ်ကွက်သည် မြေအနိမ့်ပိုင်းဖြစ်သဖြင့် မိုးရာသီတွင် ရေကြီးရေဝပ်ခြင်းများ နှစ်စဉ်ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ်တွင် ထိုသို့မဖြစ်ပေါ်စေရေးအတွက် စည်ပင်သာယာရေး အထောက်အကူပြုကော်မတီက ဦးဆောင်ပြီး အရှည်တစ်မိုင်ရှိ ရေထုတ်မြောင်း တူးဖော်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား နယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ပြီး ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇွန် ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား ယနေ့နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Gaurav Sharma တို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နယ်စပ်ဒေသတွင် လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေးစသည့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။ **(မြဝတီ)**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း ပီသမှုအပေါ်အခြေခံ၍ ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာ့ပိုင်နက်အတွင်းသို့ ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်က ကျူးကျော်ဝင်ရောက်လာပြီး ယင်းတို့ဘက်မှ စတင်ပစ်ခတ်သဖြင့် မြန်မာ့နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်မေးခဲ့သည့် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုအပေါ်အခြေခံ၍ မြန်မာနိုင်ငံ ဒေသဆိုင်ရာ အာဏာပိုင်များက ဘင်္ဂလားဒေ့ရှ်ဘက်သို့ ယနေ့ နံနက် ၁၁ နာရီတွင် နှစ်နိုင်ငံ အလံတင် အစည်းအဝေးကျင်းပ၍ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံအကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုတိုးမြှင့်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများဆက်လက်ပြုလုပ်သွားမည်ဟု မျှော်လင့်ကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်း ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ စည်းဝေး

**နေပြည်တော် ဇွန် ၂၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်နှင့်မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအဖြစ် ရငွေ၊ သုံးငွေစာရင်းများ ပြောင်းလဲသုံးစွဲရေး၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာအစီရင်ခံစာ၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ဒုတိယ(၆)လပတ် အခွန်ရငွေစာရင်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီက ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဝင်များက အစည်းအဝေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆွေးနွေးချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကားပြောကြားသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနိုးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကျင်းပ

**နေပြည်တော် ဇွန် ၂၅**





၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နိုးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်အားကစားရွာ (Gold Camp)ရှိ Gold Medal Hall ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ဦးသန့်ရှင်း၊ ဦးသောင်းတင်၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း အကြံပေးပညာရှင် ဒေါက်တာသန်းဦး၊ အထူးဖိတ်ကြားထားသော အကြံပေးပညာရှင်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့တို့မှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ဥပဒေပညာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာကြီးဒေါက်တာသန်းဦးက ယခင်ကမရှိခဲ့ဖူးသော ပညာရေးကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အမျိုးသားပညာရေး ဥပဒေကိုအတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ ယခုအချိန်တွင် ခိုင်မာသည့် အမျိုးသားပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များ တိတိကျကျပြဋ္ဌာန်းပေးနိုင်ပြီဖြစ်ရာ အမျိုးသားပညာရေး ဥပဒေနှင့်အညီ အမျိုးသားပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များကို ဝိုင်းဝန်း အကောင်အထည်ဖော် ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လက်တွေ့ကျသော ပညာရေး ပြုပြင်ပြောင်းလဲတိုးတက်မှုအတွက် အမြင်ချင်းဖလှယ်ပြီး မျက်မှောက်ခေတ် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အကောင်အထည်ဖော်ရမည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအပေါ်မူတည်ပြီး ရေးဆွဲပြုစုထားသည့် မူဝါဒများနှင့် အမျိုးသားပညာရေး ဥပဒေတို့နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းဆိုင်ရာတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆရာလုပ်ငန်းသည် အလွန်တရာ လေးစားမြတ်နိုးဂုဏ်ယူဖွယ်ရာ ကောင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အလုံးစုံအတွက် ပညာသည် အရေးကြီးကြောင်း၊ ပညာကိုသင်ကြားပေးကြရသော ဆရာဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ကျောင်းနေအရွယ်ကလေး အားလုံး ကျောင်းနေရေး လုပ်ငန်းစဉ်၊ သူငယ်တန်းကို သင်ရိုးသစ်ဖြင့် အကောင်အထည်ဖော်ရေး လုပ်ငန်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်မည့် အမျိုးသားပညာရေး စီမံကိန်း (မူကြမ်း)၊ အမျိုးသားသင်ရိုးညွှန်းတမ်းမူဘောင်နှင့် သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပညာရေးဆိုင်ရာအုပ်ချုပ်မှု အခြေခံလိုအပ်ချက်များ စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဇော်မင်းအောင်နှင့် ဦးသန့်ရှင်းတို့က တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် ပညာရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဥပဒေပညာရှင်များ အဆိုပြုရေးဆွဲပြီး လွှတ်တော်အသီးသီးသို့တင်ပြမည့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အမျိုးသား ပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေများဖြစ်သည့် နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိက ပညာရေးဥပဒေ(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)တို့ကို ချပြပြီး တက်ရောက်လာကြသူများ၏ အကြံဉာဏ်များ၊ ဆွေးနွေးချက်များကို ရယူကြသည်။

အဆိုပါ ဥပဒေ(မူကြမ်း)များကို တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဇွန်၂၇၊၂၈ ရက်တို့တွင် ဆက်လက်ရှင်းလင်းဆွေးနွေးကြမည် ဖြစ်ပြီး ထိုဆွေးနွေးပွဲများမှ အကြံဉာဏ်များကို ကျယ်ကျယ်ပြန့်ပြန့် ရယူသွားမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲများမှ ဆွေးနွေးရရှိချက်များအရ အများသဘောတူရာအချက်များကို ညှိနှိုင်းပြင်ဆင်ပြီး ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်သည့် လွှတ်တော်အသီးသီးသို့ ဆက်လက်တင်ပြသွားမည် ဖြစ်သည်။

ပညာရေး ဝန်ကြီးဌာနသည် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ (မူကြမ်း)၊ ပုဂ္ဂလိက ပညာရေး ဥပဒေ(မူကြမ်း)၊ အခြေခံပညာရေး ဥပဒေ (မူကြမ်း)တို့အား လွန်ခဲ့သော (၄)လခန့်မှစ၍ Stakeholders များနှင့် ဆွေးနွေးညှိနှိုင်း ပြင်ဆင်ထားခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းသည့် အမျိုးသား ပညာရေးဥပဒေပုဒ်မ(၄) ပုဒ်မခွဲ(ခ) နှင့် အညီ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာများ၊ ကျောင်းသားများ၏ ကိုယ်စားလှယ်များ၏ အကြံပြုချက်များရယူနိုင်ရန် ပညာရေးဝန်ကြီးဌာန Website www.moemyanmar.net တွင် ဇွန် ၂၆ ရက်မှစ၍ တင်ထားမည်ဖြစ်ရာ အကြံပြုချက်ပေးပို့လိုသူများသည် ပညာရေးဝန်ကြီးဌာန ဥပဒေကြမ်းပြုစုရေးအဖွဲ့ email လိပ်စာ lawwg.djh@gmail.com သို့ လည်းကောင်း၊ စာဖြင့် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ထံလိပ်မူ၍ လည်းကောင်း အကြံပြုချက်များ ပေးပို့နိုင်ကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဆွေးနွေးပွဲများတွင် ဒေသခံအဖွဲ့အစည်းများ တက်ရောက် ဆွေးနွေးအကြံပြုနိုင်ကြောင်းကို သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းပြီး ပြည်သူလူထုလည်းပါဝင်ဆောင်ရွက်

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက်)

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဇွန် ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် (၂၈)ကြိမ်မြောက်အဖြစ် အခမ်းအနားများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

အလားတူ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင်လည်း ယခင်နှစ်များနည်းတူ မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးပွဲများကို တစ်ပြိုင်တည်း ကျင်းပနေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း(၃)ခုဖြစ်သည့် ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး၍ ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ရာတွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေ၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၁၉၇၆ ခုနှစ်တွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် နောက်ဆုံးအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ၂၀၁၁ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အဆင့်ဆင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် အစိုးရများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ပြည်သူလူထုကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာနှစ်ရပ်ဖြစ်သော **"မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး"၊ "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘဝတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး"** ကိုချမှတ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ မြို့နယ်ပေါင်း (၅၁)မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှုအပြင် စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုစသောစိန်ခေါ်မှုများနှင့် ထပ်မံရင်ဆိုင်လာရခြင်းအပေါ် ၂၀၁၅ ခုနှစ် အာဆီယံဒေသ မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက်နှင့် ၂၀၁၅ ခုနှစ်အလွန် မူးယစ်ဆေးဝါးလျှော့ချရေးလုပ်ငန်းစဉ်များနှင့်အညီ စတုတ္ထမူးယစ်ဆေးဝါးပပျောက်ရေး (၅)နှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ တိုးမြှင့်၍ ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်မှ (၇)နှစ်ဆက်တိုက် မြင့်တက်ခဲ့သော ဘိန်းစိုက်ပျိုးမှုသည် ၂၀၁၄ ခုနှစ်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှုကျဆင်းခြင်းဘက်သို့ ဦးတည်လာခဲ့ကြောင်း UNODC၏ ၂၀၁၄ ခုနှစ်ဘိန်းစိုက်ပျိုးမှုအစီရင်ခံစာအရ တွေ့ရှိရပါသည်။

ထိုသို့ဘိန်းစိုက်ပျိုးမှုကို ထိန်းချုပ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကဏ္ဍတွင် ထူးခြားသော ရလဒ်ကောင်းတစ်ခုဖြစ်ပြီး ထိုအောင်မြင်မှုအား ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ပါသည်။

ယနေ့UNODC,UNDPအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးမူဝါဒများနှင့် ပတ်သက်၍ လေ့လာသုံးသပ်မှု သုတေသနလုပ်ငန်းများ ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။

လေ့လာဆန်းစစ်ချက်များအရ မူးယစ်ဆေးဝါး အမျိုးအစားအသစ်များ ပေါ်ထွက်လာမှုအပါအဝင် ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းလုံခြုံရေးဆိုင်ရာကဏ္ဍများတွင် သက်ရောက်မှုများစွာဖြင့် အခြေအနေကို ပိုမိုပါဝင်ပတ်သက်မှုဖြစ်စေကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှု ပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်(၂)ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ မွေးမြူရေး၊ သီးနှံအစား ထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းများအား ထိရောက်စွာဖော်ထုတ်နိုင်ရန် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို ၂၀၁၃ ခုနှစ်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း စစ်ဆင်ရေး(၂)ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၌ (၅)ကြိမ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း စစ်ဆင်ရေး (၃)ကြိမ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခေါင်ပါးသောဒေသများ၌ တရားမဝင်လုပ်ငန်းများနှင့် ဘိန်းစိုက်ပျိုးခြင်းကို ၎င်းတို့၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များအတွက် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်မှုအပိုင်း၌ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဆင်းရဲမွဲတေမှု လျှော့ချရေးအစီအစဉ်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘိန်းစိုက်ပျိုးရာဒေသများ၌ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေရရှိရေး၊ စွမ်းအင်၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနှင့် သာသနာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ဝင်ငွေရရှိနိုင်ရေး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒေသနှင့် ကိုက်ညီသော တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးဘဏ်များ၊ ငါးသားပေါက်များဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်မျိုးများဖြန့်ဖြူးခြင်းတို့အပြင် ဆေးဝါးကုသပေးခြင်းနှင့် နည်းပညာများ ဖြန့်ဝေခြင်းများကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းစိုက်ပျိုးမှုကို မှီခိုခြင်းမှကင်းဝေးပြီး အစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှစ်ရှည်ပျိုးပင်နှင့် နှစ်ချင်းသီးနှံမျိုးစေ့များ ဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများပံ့ပိုးခြင်း၊ နည်းပညာများဖြန့်ဖြူးခြင်း၊ စံပြစမ်းသပ်ကွက်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများအတွက် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သော အစပျိုးဓာတုပစ္စည်းများ လမ်းလွဲရောက်မှုမရှိစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်ချက်အတိုင်း သုံးစွဲနိုင်စေရန် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မူးယစ်ဗဟိုအဖွဲ့၏အောက်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပြီး ပြည်ပမှတင်သွင်းလာသော ဓာတုဗေဒပစ္စည်းများနှင့်ပတ်သက်၍ သိုလှောင်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများ၏ တွန်းအားပေးမှုများကြောင့် သုံးစွဲမှုအများဆုံးဖြစ်သည်ကိုတွေ့ရှိရပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကို စနစ်တကျကုသနိုင်ရေး ဆေးကုသရေးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲကုသရေးဌာနကြီး(၂၆)ခုနှင့် ဌာနငယ်(၄၇)ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးစွဲသူများအား မက်သာဒုန်းအစားထိုးတိုက်ကျွေးမှုအစီအစဉ်အရ မက်သာဒုန်း တိုက်ကျွေးသည့် ဌာန ၄၁ ခုကို မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များ၌ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

ဌာနအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် ပြည်သူလူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆေးစွဲလူနာများအတွက် တစ်နေရာတည်း၌ ကုသရေးဝန်ဆောင်မှုအားလုံးရရှိစေရန် One Stop Service လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးအကြောတွင်း ထိုးသွင်းခြင်းကြောင့် ကူးစက်တတ်သော HIV အသည်းရောင်အသားဝါရောဂါပိုး ဘီ၊ စီနှင့် သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအန္တရာယ် လျှော့ချရေးအတွက်လည်း UNAIDS နှင့်ပူးပေါင်း၍ အန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကုသရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြင့်တက်စေရန် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့စေလွှတ်ပြီး ဆေးကုသရေးအတွေ့အကြုံနှင့် သင်ခန်းစာများဖလှယ်သည့် ဆွေးနွေးပွဲများသို့လည်း စေလွှတ်တက်ရောက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် နာတာရှည်ရောဂါတစ်မျိုး ဖြစ်သည့်အတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို တစ်ပေါင်းတည်းဆောင်ရွက်မှသာ မူးယစ်ဆေးဝါးသုံးစွဲမှုမှ လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် မူးယစ်ဆေးစွဲကုသပြီးသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရန် ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြန်လည်ထူထောင်ပြီးသူများအား လူ့အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ရောက်ရှိပြီး ဆေးဝါးပြန်လည်သုံးစွဲမှုမရှိစေရန် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများဖွဲ့စည်း၍ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကြိုတင်အသိပညာပေးခြင်းသည် ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်နှင့်အညီ ကျောင်းသား လူငယ်ဘဝမှ စတင်၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ နားလည်သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။

ကျောင်းသား လူငယ်များအား အသိပညာပေးရာတွင် တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းအဆင့် မူးယစ်ဆေးဝါး အသိပညာပေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ နံရံကပ်စာစောင်၊ ဆောင်ပုဒ်များဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ပြပွဲပြိုင်ပွဲများကျင်းပခြင်းနှင့် ဆရာ ဆရာမများအတွက် ပညာရေးဝန်ကြီးဌာနမှ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအား အသိပညာပေးရေးကဏ္ဍမှလည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အရေးပါသည့်အလျောက် ပြန်ကြားရေးဝန်ကြီးဌာနမှ နယ်လှည့်စာကြည့်တိုက်များ ကွင်းဆင်းဆောင် ရွက်ရာတွင် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့်လည်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သည့် သတင်း၊ တေးသီချင်းနှင့်ဇာတ်လမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာ အစီအစဉ်များတွင် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်သူလူထုနှင့် လူငယ်ထုအကြား မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများကို စာစောင်၊ ဂျာနယ်တို့မှတစ်ဆင့် ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများ၊ ကာတွန်းများ ထည့်သွင်းဖော်ပြ အသိပညာပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးမှုခင်းများသည် နယ်စပ်ဖြတ်ကျော်ဂိုဏ်းဖွဲ့ ကျူးလွန်မှုခင်းများ၏ သဘောသဘာဝဖြစ်သည့်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူညီချက် MoU များ လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၁၉၉၃ ခုနှစ်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြစ်သော မဲခေါင်ဒေသခွဲ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများအကြား မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

အလားတူ ဘင်းစတက် (BIMSTEC) အဖွဲ့ဝင်နိုင်ငံအဖြစ်လည်း မူးယစ်ဆေးဝါးနှင့် အစပျိုးဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတေးလျနိုင်ငံရဲတပ်ဖွဲ့ (AFP)တို့နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ (UNODC) နှင့်လည်း ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများအနေဖြင့် မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို (၄)နိုင်ငံပူးပေါင်း၍ မဲခေါင်မြစ်ကြောင်း လုံခြုံရေး (Safe Mekong) အပိုင်း(၁)နှင့် (၂)ကို ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိပါသည်။

နှစ်နိုင်ငံ အစားထိုးဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများအဖြစ် တာချီလိတ် မိုင်းဆတ်ဒေသ၌ ထိုင်းနိုင်ငံနှင့် ပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ထိုင်းဘတ်ငွေသန်း ၃၅၀ ဖြင့် ကျေးရွာပေါင်း (၅၆)ရွာတွင် အကောင်အထည်ဖော်လျက်ရှိပါသည်။

အလားတူ UNODC နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)ဟိုပုံး၊ ပင်လုံ၊ လွိုင်လင်မြို့နယ်များ၌ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း (၃)ခုကို အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ သန်းဖြင့် ၂၀၁၀ ပြည့်နှစ်မှ ယနေ့ထိ ဆောင်ရွက်လျက် ရှိပါသည်။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အစိုးရသစ်လက်ထက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်လျော့ကျရေးနှင့် ဘိန်းစိုက်တောင်သူများ၏ အစားထိုးဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်ကို ဇုန်(၃)ဇုန်သတ်မှတ်၍ ၂၀၁၅ ခုနှစ် မေလ ၂၆ ရက်မှ ဇွန်လ ၂၆ ရက်အထိ ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါစီမံချက်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများစသည့် လူမှုရေးကွန်ရက်များအား အပြည့်အဝပူးပေါင်းပါဝင်လာရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါသည်။

အလားတူ စီမံချက်များကိုလည်း တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကိုအခြေခံ၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော " LET'S DEVELOP OUR LIVES, OUR COMMUNITIES ,OUR IDENTITIES WITHOUT DRUGS" "မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့"ဟုဆိုသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲ၊ သစ်ပင်စိုက်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကျင်းပ

**မြစ်ကြီးနား ဇွန် ၂၅**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲ၊ သစ်ပင်စိုက်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ဇွန် ၂၄ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ရှေးဦးစွာ ဆွမ်ပရာဘွမ်လမ်းနှင့် လီဒိုလမ်းထောင့် မြို့သစ်နာရီစင်အနီး၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကများ ဖြစ်ကြသည့် ဒေါ်ကံဆီးဆိုင်းလုံနှင့် ဒေါ်ဘီနင်ရှင်း၊ ဥက္ကဋ္ဌ ဒေါ်မြနုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နာယက ဒေါ်ကံဆီးဆိုင်းလုံက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နာယကနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ အရိပ်ရသစ်ပင်များဖြစ်ကြသည့် ပျဉ်းကတိုး၊ ကံ့ကော်၊ ထင်းရှူး၊ ယူကလစ်၊ ဇာဒိန်နှင့် ယင်းမာပင် စုစုပေါင်း ၃၂၇ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ကျောက်စာသင်ခန်းများ၌အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ရှေ့သို့လှမ်းချီ စွမ်းဆောင်မည် မြန်မာအမျိုးသမီးတို့၏ အားမာန်ရည်၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် သိမ်မွေ့ကျက်သရေမြန်မာအမျိုးသမီးများ ဣန္ဒြေနှင့် မူလတန်းအဆင့်ပြိုင်ပွဲတွင် မာတာမိခင်ကျေးဇူးရှင် သွန်သင်ပြသ လက်ဦးဆရာမ ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်လျက်ရှိသည့် ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး နာယက ဒေါ်ကံဆီးဆိုင်းလုံက ကျောင်းအုပ်ဆရာကြီးထံ ထောက်ပံ့ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**



# သဃ်န်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက်၌ ခြင်ဆေးခွေမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၂၅**

ဇွန် ၂၄ ရက် ည ၈ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် ဇမ္ဗူဒိပ်လမ်း အမှတ်(၂) တိုက်အမှတ်(၁) RC (၂) ခန်းတွဲ(၃)ထပ်ခွဲ၊ အခန်း(၁)နေအိမ် မြေညီထပ်ခိုး၌ အထပ်သား သေတ္တာပုံးပေါ် ခြင်ဆေးခွေမှတစ်ဆင့် သေတ္တာပုံးအား မီးကူးစက်လောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကို ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးသော်ဒါဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ မီးသတ်သန္နေတပ်ဖွဲ့ဝင် ၅၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ၃၀ ဖြင့် မီးငြိမ်းသတ်ရာ ည ၈ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားသည်။

မီးစတင်လောင်ကျွမ်းသည့်နေအိမ်တွင် အသင့်ဆောင်ထားသော D.C.P မီးသတ်ဆေးဘူးတစ်ဘူးနှင့် ပတ်ဝန်းကျင်ပြည်သူများက ကနဦးမီးငြိမ်းသတ်ခဲ့သဖြင့် မီးလောင်ကျွမ်းမှုကြီးမားခြင်း မရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ ၂၁ ရက်အထိ ၅ လခွဲတာအနက် မတ်လ တစ်လတည်းတွင် မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပြီး မီးဖိုမီး ၇၈ ကြိမ်၊ ပေါ့ဆမီး ၇၆ ကြိမ်၊ လျှပ်စစ်မီး ၅၆ ကြိမ်၊ တောမီး ၇၃ ကြိမ်၊ မသမာသူရှို့မီး ၂၁ ကြိမ် နှင့် အလိုအလျောက် မီး (၇)ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုချစ်**

# အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကာကွယ်ရန်နှိုးဆော်ချက်

မသန့်ရှင်းသောအစားအသောက်များကိုစားသုံးမိခြင်း၊ ရောဂါပိုးများနှင့် အခြားအဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ၊ မှိုနှင့်အပင်များ၊ ငါးနှင့်ခရုများရှိ အဆိပ်ဖြစ်စေသော ဓာတ်ပစ္စည်းများကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကာကွယ်ရန်-

(၁) သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ အသားများကိုသာ ရွေးချယ်စားသုံးပါ။

(၂) ရက်လွန်အစားအစာများ၊ ပုပ်သိုးနေသော အစားအစာများ၊ အမှည့်လွန်သစ်သီးဝလံများ၊ သံချေးတက်ပုံပျက်နေသော စည်သွတ်ဘူးများအား စားသုံးခြင်းမှရှောင်ကြဉ်ပါ။

(၃) အိမ်သာအသုံးပြုပြီးလျှင် (သို့)အစားအစာ ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်းမပြုမီ လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။

(၄) အသီးအရွက်၊ သားငါးများကို ကျက်အောင်ချက်ပြုတ်စားသုံးပါ။

(၅) အစားအစာချက်ပြုတ်ပြီးမကြာမီအချိန်အတွင်း ပူပူနွေးနွေးစားသုံးရန်နှင့် လတ်တလောမစားသုံးဖြစ်သေးပါက ရေခဲသေတ္တာထဲတွင် (၄)ဒီဂရီစင်တီဂရိတ်အောက် (သို့) ၆၃ ဒီဂရီစင်တီဂရိတ်အထက်၌ သိမ်းဆည်းသိုလှောင်ထားရန်နှင့် စားသုံးမည်ဆိုပါက ပူနွေးအောင်ပြန်နွေး၍ စားသုံးပါ။

(၆) အသီးအရွက်၊ သားငါးများအား လှီးဖြတ်ရာတွင်အသုံးပြုသော ဓားနှင့်စဉ်းတီ တုံးများကို သပ်သပ်စီခွဲခြားအသုံးပြုပါ။

(၇) ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အသီးအရွက် အသားငါးများအား ရောနှောသိုလှောင်သိမ်းဆည်းခြင်း မပြုရပါ။

(၈) အလျှုနှင့်လူအများအတွက် ကျွေးမွေးမည့်နေရာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာများအနေဖြင့် အစားအစာများအား ကိုင်တွယ်၊ ပြင်ဆင်၊ ချက်ပြုတ်ခြင်း မပြုသင့်ပါ။

(၉) စားကြွင်းစားကျန်များထည့်ထားသော အမှိုက်ပုံးအား သေချာစွာဖုံးအုပ်ထားရန်နှင့် မပြည့်လျှံမီစွန့်ပစ်ပါ။

(၁၀) ကြွက်နှင့် ယင်များ မခိုအောင်းနိုင်စေရန် မီးဖိုချောင်အား သန့်ရှင်းသပ်ရပ်စွာထားပါ။

(၁၁) မက်သနောပါဝင်မှုများသော အရက်သေစာသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။

(၁၂) အမျိုးအမည်မသိ မစားသောက်ဖူးသောမှို၊ သစ်သီးသစ်ဖုနှင့် ပင်လယ်စာများအား သတိထား၍ စားသောက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဂျပန်နိုင်ငံတွင် ကျင်းပမည့် *Miss International 2015* ပြိုင်ပွဲသို့ မြန်မာကိုယ်စားပြု အလှမယ်တစ်ဦးစေလွှတ်မည်

**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှဦးဆောင်၍ Miss Myanmar International အလှမယ်များကို ၂၀၁၂ ခုနှစ်မှ စတင်ကာ နှစ်စဉ် ရွေးထုတ်ပေးလျက်ရှိရာ ယခုနှစ်တွင်လည်း စတုတ္ထမြောက် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးကိုရွေးချယ်ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် Miss International 2015 ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အလှမယ်ပြိုင်ပွဲလောကသို့ တစ်ကျော့ပြန် စတင်ဝင်ရောက်ခဲ့သည့် Miss International ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်မှစတင်ရွေးချယ်စေလွှတ်ခဲ့ရာ ယခု ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မနန်းခင်ဇေယျာက စတင်သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဂုဏ်ရည်အေးကျော်နှင့် ၂၀၁၄ ခုနှစ်တွင် 1st Runner Up ရရှိသည့် မေဘဏီသော်က မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် Winner ဆုပိုင်ရှင် ခင်ဝေဖြိုးဟန်မှာ အသက်မမီသဖြင့် ပြိုင်ပွဲနှင့်လွဲချော်ခဲ့ရသည်။ ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ (၅၅)ကြိမ်မြောက် ကျင်းပမည့် Miss International 2015 ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်မည့် အလှမယ်တစ်ဦးကို စေလွှတ်နိုင်ရန် နိုင်ငံတစ်ဝန်းမှ ဆယ်ကျော်သက် လှပျိုဖြူများ စတင်လျှောက်ထားနိုင်ပြီဖြစ်သည်။

"ကျွန်မ Miss Myanmar International 2013 ရဲ့ Winner တစ်ဦးအနေနဲ့ပြောရရင် ခုလာမယ့် ၂၀၁၅ ပြိုင်ပွဲမှာ မျိုးဆက်သစ် မြန်မာအမျိုးသမီးတွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်သင့်တဲ့ ပြိုင်ပွဲလို့မြင်ပါတယ်။ ဘာကြောင့် ကျွန်မဒီလိုပြောရလဲဆိုရင် ဒီပြိုင်ပွဲကရလာမယ့် သင်ခန်းစာတွေ၊ အတွေ့အကြုံကောင်းတွေက အမျိုးသမီးတစ်ဦးအနေနဲ့ ဘဝကိုဖြတ်သန်းတဲ့အခါမှာ ယုံကြည်ချက်အပြည့်အဝ ပေးနိုင်ပါတယ်။ အခုဆိုရင် ကျွန်မအရင် Winner ဖြစ်ခဲ့တဲ့ မနန်းခင်ဇေယျာဆိုရင် ယုံကြည့်ချက်အပြည့်ရှိတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်နေပါပြီ။ ခုလာမယ့်နှစ်တွေမှာ ကျွန်မတို့တုန်းကနဲ့ မတူတော့ပါဘူး။ ကျွန်မတို့တုန်းက အာဆီယံအဆင့်လောက်ပဲ အတွေ့အကြုံယူခွင့်ရခဲ့ပေမယ့် ခုနောက်ပိုင်း ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး အနောက်နိုင်ငံတွေအထိပါ ကျယ်ပြန့်လာတာကြောင့် နိုင်ငံတစ်ဝန်းအနာဂတ်မျိုးဆက်သစ် အမျိုးသမီးတွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်သင့်တယ်လို့ ထင်ပါတယ် မြင်ပါတယ်" ဟု Miss Myanmar International 2013 ခုနှစ် winner ဆုရှင်အလှမယ် ဂုဏ်ရည်အေးကျော်က ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က Winner ဆုရရှိခဲ့သည့် အလှမယ် ခင်ဝေဖြိုးဟန်သည် Miss International 2014 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိသော်လည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော အာဆီယံခရီးသွားပြပွဲနှင့် မတ်လအတွင်းက ဂျာမဏီနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့အကြီးဆုံးခရီးသွားပြပွဲ ITB Berlin 2015 တွင် မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။

"ကျွန်မတို့ မြန်မာနိုင်ငံရဲ့ မျိုးဆက်သစ်အမျိုးသမီးလေးတွေကို အခုလိုကမ္ဘာ့အဆင့်မီ Miss ပြိုင်ပွဲတွေကို စေလွှတ်တဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကဏ္ဍတွေမှာ တပ်တစ်တစ်အားပါဝင်လာဖို့ရယ်၊ မြန်မာနိုင်ငံရဲ့ ရိုးရာအမွေအနှစ်၊ လှပတဲ့ရှုခင်းတွေနဲ့ ယဉ်ကျေးမှုတွေကို ကမ္ဘာက သိအောင် ဖော်ထုတ်ချင်တာကြောင့် အခုလိုနှစ်စဉ်မပျက် Miss International ပွဲတွေကို အဆက်မပြတ်လုပ်ဆောင်ပေးတာ ဖြစ်ပါတယ်"ဟု ပြိုင်ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ဒေါ်တင်မာမြင့်က ပြောသည်။

Miss Myanmar International 2015 ပြိုင်ပွဲကြီးကို ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မိုးမခ



**Miss Myanmar International 2014 အလှမယ် Winner ဆုရ ခင်ဝေဖြိုးဟန်နှင့် 1st Runner Up ဆုရှင် မေဘဏီသော်။**

# မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်းအစီအစဉ်အတွက် မန္တလေးမြို့မှ အငြိမ့်လူရွှင်တော်ကြီးများနှင့် မင်းသမီးကြီးများအား တွေ့ဆုံမေးမြန်း

**မန္တလေး ဇွန် ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်တွင် ထုတ်လွှင့်ပြသမည့် မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း အစီအစဉ်အတွက် မန္တလေးမြို့မှ အငြိမ့်လူရွှင်တော်ကြီးများ၊ မင်းသမီးကြီးများနှင့် တွေ့ဆုံမေးမြန်းခြင်းကို မန္တလေးမဟာအောင်မြေမြို့နယ် ၈၁ လမ်းနှင့် ၈၂ လမ်းအနီးရှိ မြန်မာ့ဆိုင်းဆရာကြီး ဦးစိန်တင့်လွင်၏နေအိမ် ဧည့်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြရာ ယခင်ခေတ် သက်ရှိထင်ရှား အနုပညာရှင်ကြီးများ၊ ယနေ့ အငြိမ့်သဘင်လောကတွင် ပါဝင်ကပြအသုံးတော်ခံသော မျိုးဆက်သစ်အငြိမ့်ပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်းအစီအစဉ်အား နိုင်ငံကျော်လူရွှင်တော် ဇာဂနာ(ခ) ဦးသူရက ဒါရိုက်တာအဖြစ် စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။

မန္တလေးမြို့မှ မြန်မာ့ဆိုင်းပညာရှင် စိန်တင့်လွင်၊ ဦးဆန်းမောင် (ခုနစ်ထွေအုပ်စုံတီး) လူရွှင်တော်ကြီးများဖြစ်သည့် ဦးထင်ပေါ်၊ ဦးပြုံးချို၊ ဦးဂျာအေးနှင့် အငြိမ့်မင်းသမီးကြီးများဖြစ်သည့် ပန်တျာတင်တင်မြင့်၊ ထိပ်သီးသန်းသန်း၊ ရွှေမန်းသူမြင့်မြင့်သန်း၊ ပန်တျာငွေငွေမြင့်တို့နှင့် တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည်။

ဇာဂနာ (ခ) ဦးသူရက မြန်မာ့ရုပ်မြင်သံကြား စတင်ထုတ်လွှင့်ခဲ့သည့်နေ့က မိမိပါဝင်က ပြခဲ့သည့် မိုးနတ်သူဇာအငြိမ့် ထုတ်လွှင့်ပြသခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရုပ်သံနှင့်အတူ ပူးပေါင်းသည့်အစီအစဉ်များ ရိုက်ကူးပေးနေရခြင်းကို မိခင်အား ပြန်လည်ကျေးဇူးဆပ်ရသကဲ့သို့ဟု ခံစားရပါကြောင်း ပြောကြားသည်။

ရွှေမိနောက်မီ မင်းသမီးကြီးတစ်ဦးဖြစ်သည့် ထိပ်သီးသန်းသန်းက ရှေးဘုရင်မင်းများလက်ထက်က မင်းညီမင်းသားများကိုသာ မင်းသားဟုခေါ်ပြီး ဘုရင့်သားတော်သမီးတော်များကို မင်းသား၊ မင်းသမီးဟုခေါ်ဆိုခဲ့ခြင်းကြောင့် မင်းသမီးဟူသော အခေါ်အဝေါ်သည် ဂုဏ်ရည်မြင့်မားပါကြောင်း၊ ထို့ကြောင့် မင်းသမီးတိုင်း မိမိဂုဏ်သိက္ခာကို တန်ဖိုးထား၍ ထိန်းသိမ်းစေချင်ကြောင်း ပြောကြားသည်။ လူရွှင်တော်ကြီး ဦးပြုံးချိုက မန္တလေးမြို့သည် အငြိမ့်သဘင်ခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့ကြောင်း၊ ၁၉၆၁ ခုနှစ်ကျော် နှစ်များက မန္တလေးမြို့တွင် အငြိမ့်သဘင်အဖွဲ့ပေါင်း ၄၀ ကျော်ထိ ရှိခဲ့ဖူးပြီး ယနေ့အခါတွင် အဖွဲ့သုံးဖွဲ့လေးဖွဲ့သာ ရပ်တည်နိုင်သည့်အဆင့်သို့ နည်းပါးလာခဲ့ကြောင်း၊ အငြိမ့်သဘင်လောက ပြန်လည်မြင့်တင်ရေးအတွက် အငြိမ့်သဘင်လောကသားများ တက်ညီလက်ညီနှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။



ယခုအစီအစဉ်တွင် ရှေးခေတ် အငြိမ့်ပညာရှင်ကြီးများ၏ ကကွက်ကဟန်၊ ဟန်ပန်အမူအရာများ၊ တီးဟန်၊ ဆိုဟန်များကို သက်ရှိထင်ရှား အငြိမ့်ပညာရှင်များ၏ အကြံဉာဏ်များရယူကာ ယနေ့ခေတ် လူငယ်မောင်မယ်များနှင့် ရိုက်ကူးကာ မကြာမီ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊အောင်သူရ(မန်းကိုယ်ပွား)**

## ဇွန် ၂၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇွန်(၂၅)ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၄၀၀၀ |
| ၉ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀ မှ ၁၃၀၀၀၀ |
| ၁၀ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၄၀၀၀ |
| ၁၁ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀ မှ ၁၀၀၀၀၀ |
| ၁၂ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ ပျော်ဘွယ်၊မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၈၅ မှ ၆၅၀ |
| ၁၃ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၀၅၀ |
| ၁၄ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၁၀ |
| ၁၆ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၇ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၉ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

## မန္တလေး၌ မီးလောင်မှုဖြစ်ပွား အိမ်ခုနစ်လုံး ဆုံးရှုံး

**မန္တလေး ဇွန် ၂၅**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၈၃×၈၄ လမ်းကြား၊ ၄၀×၄၁ လမ်းကြား အမှတ် ၅၁၂ ဥပုဒ်တော်ကုန်းရပ်တွင် ဇွန် ၂၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ဒေါ်မြသူဇာနေအိမ်မှစတင်ကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် နေအိမ်ခုနစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ်အစီး ၆၀ နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်ရာသို့ တိုင်းကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မန္တလေးခရိုင်အတွင်း မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့က ကူညီမှုနှင့် ဆေးကုသမှုများပေးလျက်ရှိပြီး မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ် အသေးစိတ်ကို ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၂) ဝယ်ယူလိုသည့် ပစ္စည်းများအရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁-၇-၂၀၁၅ရက်မှစ၍ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၅၄၀၇တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(၃) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၇-၂၀၁၅ရက်၊ နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁း၃၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းအထူးအဖွဲ့(၁၄)
လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊
ဘိုကလေးမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၁၄)**
**ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်းကို အသိပေးကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ(၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်း(၁၃)ခုအတွက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း၍ ၅-၆-၂၀၁၅ရက်မှ ၈-၆-၂၀၁၅ရက်အထိ အိတ်ဖွင့်တင်ဒါကြေညာ ခေါ်ယူခဲ့ပါသည်။ ၂၅-၆-၂၀၁၅ရက်တွင် တင်ဒါပိတ်မည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် အသေးစိတ် ဗိသုကာပုံစံများ ရေးဆွဲရခြင်း၊ Structural Design&Calculation တွက်ချက်ရခြင်း၊ အသေးစိတ်ခန့်မှန်းကုန်ကျစရိတ်များ ရေးဆွဲရခြင်းတို့အတွက် အချိန်လုံလောက်စွာ ရရှိရန်လိုအပ်ပါသောကြောင့် တင်ဒါပိတ်မည့်ရက်ကို ၁၀-၇-၂၀၁၅ရက် (သောကြာနေ့)သို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲသူရစိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသိန်းတန် ဖြစ်ပါကြောင်း။

**ဦးသိန်းတန်**

## အမည်မှန်

ဦးခင်မောင်မြင့် ၁၂/ဒဂန(နိုင်)၀၀၂၄၈၁ ၏သမီး မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အထက(၆)သတ္တမတန်း(S)မှ မသဲနန္ဒာဆု၏ အမည်မှန်မှာ မသဲနန္ဒာစု ဖြစ်ပါကြောင်း။




# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မိုးညှင်း ဇွန် ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ရဲစခန်းပိုင်နယ်မြေ မော်ဟန်-နန့်မချီ ကျောက်စိမ်းမှော်ဒေသတွင် သတင်းအရရှာဖွေရာ မူးယစ်ဆေးဝါးနှင့်အတူ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ဟန်ရဲကင်းနယ်မြေ စခန်းမှူးရဲအုပ်ငွေအောင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက်က မော်ဟန်ရွာအထွက်တွင်နန့်မချီဘက်မှ လမ်းလျှောက်လာသူ နေလင်းမောင်(ခ)မောင်နီအား မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ မူးယစ်ဆေးဝါး အလေးချိန် ၀ ဒသမ ၄၈ ဂရမ် ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်ပြီး အဆိုပါနေရာတွင် စောင့်ဆိုင်းခဲ့ရာ ဖိုးသောကြာ(ခ)မင်းမင်းစန်း မောင်းနှင်လာသောဆိုင်ကယ်ကို ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးရာ မူးယစ်ဆေးဝါး အလေးချိန် ၀ ဒသမ ၀၂ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။ ထို့အပြင် ၎င်းနေရာ၌စောင့်ဆိုင်းရာ ညီညီလေး(ခ)ညီပုမောင်းနှင်သည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရာ မူးယစ်ဆေးဝါး ၀ ဒသမ ၂ ဂရမ်ခန့် ရှာဖွေတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ နန့်မချီ မှော်ဒေသ တောင်းစိမ်းလေးမှော်တွင်နေထိုင်သူ အောင်ဇော်ထွန်းနှင့် မျိုးမြင့်အောင်တို့ထံမှ ပင်နီဆီလင်ပုလင်းတစ်လုံးကို ငွေကျပ် ၂၆၀၀၀ ဖြင့်ဝယ်ယူခဲ့ကြောင်း သိရသည်။ ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် ကျောက်စိမ်းလေး ကျောက်စိမ်းမှော်သို့ သွားရောက်ပြီး တောင်းစိမ်းလေးမှော်နေ အောင်ဇော်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး ၈ ဒသမ ၄၂ ဂရမ်ခန့် နှင့်အတူ မူးယစ်ဆေးဝါးရောင်းချရငွေဟုယူဆရသော ငွေစက္ကူ ၄၃၃၀၀၀ တို့ကိုတွေ့ရှိသဖြင့် ၎င်းအမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး မိုးညှင်းရဲစခန်းက ဥပဒေအရအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**



**နေပြည်တော်**

ဇွန် ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာမှ နောင်ချိုမြို့သို့ ရှောက်ဆန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။ ရှောက်ဆန်း (၄၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သူဌေးကျွန်းသင်္ဘောလွန်းကျင်းတွင် အပျော်စီးလှေမီးလောင်မှုဖြစ်

**ကော့သောင်း ဇွန် ၂၅**

ကော့သောင်းမြို့ သူဌေးကျွန်းသင်္ဘောလွန်းကျင်း၌ ဆိုက်ကပ်ထားသော ကုမ္ပဏီပိုင်သစ်သားခွံဖြင့် တည်ဆောက်ထားသည့် ရေငုပ် အပန်းဖြေ အပျော်စီး လှေတစ်စင်း ဇွန် ၂၄ ရက် နံနက် ၅ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ သူဌေးကျွန်း သင်္ဘောလွန်းကျင်းတွင် ပြင်ဆင်မှုများ ပြုလုပ်နေသည့် ရေငုပ်အပန်းဖြေ အပျော်စီးလှေတစ်စင်း၏ ဦးပိုင်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာမီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှု ဖြစ်ပွားရာသို့ ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းမှတာဝန်ရှိသူများနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများရောက်ရှိပြီး မီးလောင်ကျွမ်းနေသည့် လှေအားဆိပ်ခံတံတားမှ ပင်လယ်ပြင်သို့ ဆွဲထုတ်ကာရေစုပ်စက်များ၊ မီးသတ်ဆေးဘူးများအသုံးပြု၍ ငြိမ်းသတ်ကြရာ နံနက် ၈ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း၊ လှေကုန်းပတ်ပေါ်ထပ် အပါအဝင် တစ်စင်းလုံးမီးလောင်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကို သက်ဆိုင်ရာက ဆက်လက်အရေးယူဆောင်ရွက် လျက်ရှိကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရှိရသည်။

**ကျော်စိုး(iprd)**



# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**ထီးချိုင့် ဇွန် ၂၅**

ဇွန် ၂၂ ရက်က တိုင်းမှူးခင်း နှိမ်နင်းရေးဌာနစုနှင့် ထီးချိုင့် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ထီးချိုင့်မြို့နယ် ချိတ်သင်ကျေးရွာနေ ချစ်စန်း၏ နေအိမ်သို့ ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၅၉ ပြား ၅ ဒသမ ၉ ဂရမ် နှင့် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် (၀ ဒသမ ၁) ဂရမ်ပါ တစ်ဘူးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ချစ်စန်း၏ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးများကို လွန်ခဲ့သော ၁၁ ရက်ခန့်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် မဝယ်လီရွာမှ အမျိုးသားတစ်ဦးကဆိုင်ကယ်ဖြင့် နေအိမ်သို့လာ ရောက်ရောင်းချသဖြင့် ဆေးပြား ၂၀၀ ကို ငွေကျပ် ၁၁၀၀၀၀ နှင့်ဘိန်းဖြူပင်နီဆီလင်တစ်လုံးကို ငွေကျပ်၂၅၀၀၀ နှုန်းဖြင့် သုံးစွဲရန်နှင့်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


**ဓအာင်ပြည့်စုံ**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770



**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**
**ဘားအံမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ် ဘားအံမြို့နယ် စုပေါင်းရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့်စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ ရက်တွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**
**ဖုန်း-၀၅၈-၂၁၂၂၅**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၀၄၂၈၁၊ ယာဉ်အမည်ပေါက်သူ ဦးဝင်းမြင့် ၁၄/နေဖ(နိုင်)၀၅၁၅၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့**



**CLAIMS DAY NOTICE**
**M.V POSITIVE LEADER VOY:NO (07)**

Consignees of cargo carried by M.V POSITIVE LEADER VOY: NO (07) are here by notified that the vessel will arrive on about 28-6-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့



**မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးကျော်ဇောအောင် Director(Rakhine Rice & Paddy Co.,Ltd), Director (Rakhine Development Corporation A Public Company)- ဒေါ်ရွှေနုခိုင်(ကုမ္ပဏီဖြိုး ကွမ်းသီးရောင်းဝယ်ရေး)တို့၏သားကြီး

**ဗိုလ်ကြီးဇေယျာကျော်ဇော(ခ)စည်သူကျော်ဇော**

**B.E(Propulsion & Flight Vehicles), D.S.T.A**

**နှင့်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ-ဒေါ်စန်းစန်းမော်တို့၏သမီးကြီး

**မသိမ့်သိမ့်ထွေးလှ(ခ)ဘုတ်ဘုတ်**

**B.C.Sc(University of Computer Studies, Yangon)**
**Yangon Airport Group Co., Ltd.**

တို့၏ ၂၁-၆-၂၀၁၅ ရက်တွင် NOVOTEL Yangon Max Hotel(Myanmar Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ OTS-58 မှ သူငယ်ချင်းမိသားစုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၊ မင်္ဂလာကိစ္စများအား အစစအရာရာ ပြည့်စုံအောင် ကူညီဆောင်ရွက်ပေးခဲ့ပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးဇေယျာကျော်ဇော(ခ)စည်သူကျော်ဇော-မသိမ့်သိမ့်ထွေးလှ(ခ)ဘုတ်ဘုတ်**

# ကန်ထရိုက်များအား ဂရန်မူရင်းများပေးထားခြင်းကြောင့် ပြဿနာများဖြစ်ပေါ်နိုင်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကန်ထရိုက်တာများနှင့် ကိုယ်စားလှယ်ရယူထားသူများက မြေပိုင်ရှင်များထံမှ ဂရန်မူရင်းကို ရယူထားမှုကြောင့် မြေရှင်နှင့် ကန်ထရိုက်တာကြား မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်နိုင်ကြောင်းနှင့် မြေရှင်များအနေဖြင့် ဂရန်မူရင်းကို ကန်ထရိုက်များထံ ပေးထားရန်မလိုကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ သိရသည်။

"ကန်ထရိုက်တာတွေကို ဂရန်မူရင်းတွေ အပ်နှံထားဖို့ ဌာနအနေနဲ့ ညွှန်ကြားထားတာ မရှိပါဘူး။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)အနေနဲ့ အိမ်ရာဆောက်လုပ်ခွင့်တွေကို ခွင့်ပြုပေးနိုင်ဖို့ စိစစ်ရာမှာ ပိုင်ဆိုင်မှုအထောက်အထား ဖြစ်တဲ့ ဂရန်မိတ္တူနဲ့ မူရင်းကို တစ်ကြိမ်သာ တိုက်ဆိုင်စစ်ဆေးပါတယ်။ စစ်ဆေးပြီးတာနဲ့ ဂရန်မူရင်းကို မြေရှင်ကသာ ပြန်သိမ်းထားရမှာဖြစ်ပါတယ်။ ဒါပေမယ့် မသိနားမလည်တဲ့ မြေရှင်တွေက ကန်ထရိုက်တာတွေနဲ့ ကိုယ်စားလှယ်လွှဲအပ်ထားသူများထံမှာ ဂရန်မူရင်းတွေကို အပ်နှံထားတဲ့အတွက် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်ပေါ်နိုင်လို့ မြေရှင်တွေအနေနဲ့သတိပြုကြဖို့လိုပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကန်ထရိုက်တာများနှင့် အဆောက်အအုံဆောက်လုပ်ခွင့် ကိုယ်စားလှယ်ရယူထားသူများအနေဖြင့် မြေရှင်များထံမှ ဂရန်မူရင်းကို ရယူထားပြီးနောက် အခြားတစ်နေရာတွင် ပေါင်နှံခြင်း၊ ဂရန်ဖြင့် ငွေချေးမှုများပြုလုပ်ခြင်း၊ အခြားနည်းများဖြင့် အလွဲသုံးစားလုပ်ခြင်းများဖြစ်နိုင်ပြီး ထိုသို့ လုပ်ထားခြင်းကြောင့် အဆောက်အအုံ ဆောက်လုပ်ခွင့်ကျသော်လည်း ဆောက်လုပ်ခြင်းမပြုနိုင်ဘဲ အချိန်ဆွဲထားခြင်းစသည့် ပြဿနာများဖြစ်ပေါ်နေသည်ကိုတွေ့ရကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

**"အိမ်ရာဆောက်လုပ်ခွင့်တွေကို ခွင့်ပြုပေးနိုင်ဖို့စိစစ်ရာမှာ ပိုင်ဆိုင်မှုအထောက်အထားဖြစ်တဲ့ ဂရန်မိတ္တူနဲ့မူရင်းကို တစ်ကြိမ်သာ တိုက်ဆိုင်စစ်ဆေးပါတယ်။ ဒါပေမယ့် မသိနားမလည်တဲ့မြေရှင်တွေက ကန်ထရိုက်တာတွေနဲ့ ကိုယ်စားလှယ်လွှဲအပ်ထားသူများထံမှာ ဂရန်မူရင်းတွေကို အပ်နှံထားတဲ့အတွက် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်ပေါ်နိုင်"**



ထို့ကြောင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရန်အတွက် မြေရှင်များအနေဖြင့် ဂရန်မူရင်းများကို ကန်ထရိုက်တာများနှင့် ကိုယ်စားလှယ်များထံ အပ်နှံထားခြင်း မပြုကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။

**သတင်း ကြံတိုင်းအောင်၊ ဓာတ်ပုံ သဏ္ဌ**

# ဆေးဖက်ဝင်အပင်များအကြောင်း သိကောင်းစရာဟောပြောပွဲနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်

**ကော့သောင်း ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ မြန်မာ့ဆေးဖက်ဝင်အပင်များအကြောင်း သိကောင်းစရာများပညာပေးဟောပြောပွဲနှင့် ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့်



အခမဲ့ဆေးကုသခြင်းများကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇွန် ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးက မြန်မာ့ဆေးဖက်ဝင်အပင်များအကြောင်း သိကောင်းစရာများကို ပညာပေးပြောကြားပြီး မြန်မာ့ဆေးဖက်ဝင်အပင်များ၏ အသုံးဝင်ပုံ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးမောင်မောင်မြင့်ဦးကလည်း မြန်မာ့ဆေးဖက်ဝင်အပင်များအလိုက် သက်သာပျောက်ကင်းစေနိုင်သည့်ရောဂါများနှင့် ဆေးအဖြစ် စနစ်တကျအသုံးပြုနည်းများကို ပညာပေးဟောပြောသည်။

ထို့နောက် ချောင်းဝကျေးရွာမှ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ကျေးလက်ပြည်သူများအား လိုအပ်သည့်အကူအညီများ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးအတွက် ထရန်စဖော်မာသစ်တစ်လုံး လှူဒါန်း

**ခင်ဦး ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သာဝတ္ထိကျေးရွာ၌ ကိုယ့်အား ကိုယ်ကိုး ၂၄ နာရီလျှပ်စစ်မီးလင်းရေးအတွက် တန်ဖိုးကျပ်သိန်း ၈၀ ခန့်ရှိ 11/0.4 KV (315)KVA ထရန်စဖော်မာကို မြကန်သာရပ်နေ ဦးလှငွေမိသားစု(ရွှေပြည်စံဆန်စက်)က လှူဒါန်းခဲ့သည်။

သာဝတ္ထိကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ကန့်ဘလူမြို့နယ် ဇီးကုန်းလျှပ်စစ်ဓာတ်အားခွဲရုံမှ ဓာတ်အားသွယ်တန်းရေးကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်မြင့်စိုးနှင့်ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကာ မကြာမီတွင် မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**


ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ကချင်ပြည်နယ်ကုသရေးဦးစီးဌာန
မြစ်ကြီးနားမြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံကြီးများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၅ ရက်
**ပိတ်သိမ်းမည့်ရက်** - ၂၈-၇-၂၀၁၅ ရက် ညနေ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**



ဆရာဌေး အင်္ဂလိပ်စာ သဒ္ဒါ
Speaking
Guide
Ph: 01-375970, 0951 72096, 09254541441



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့၊ မန်ကန်မြို့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော ဘိလပ်မြေ၊ သဲ၊ သံချောင်း(ရွယ်စုံ)၊ သစ်(အခြား)၊ လမ်းခင်းကျောက်မျိုးစုံ စသည့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - (အမှတ်-၂) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၇-၂၀၁၅ရက်၊ ၁၆း၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၇-၂၀၁၅ရက်၊ ၁၀း၀၀နာရီ

၅။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟိုပန်မြို့၊ ဖုန်း-၀၈၂-၇၄၁၄၇

၆။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ တင်ဒါလျှောက်လွှာပုံစံကို လမ်းဦးစီးဌာန၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့၊ မန်ကန်မြို့ရုံးများတွင် လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



**ပျောက်ဆုံးကြောင်း**

စိုင်းတစ်ဆမ်(ဘ)ဦးအိုက်ဆမ် ၁၃/ကတန(နိုင်)၀၀၃၂၇၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၅၁၇၄၂



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)မှ အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

- Computer Table (၃၀) လုံး
- Cupboard (Steel glass door) (6'-3'-1.5') (၄) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)တွင် ၂၅-၆-၂၀၁၅ရက် ရုံးချိန်အတွင်းမှ စတင်ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများပေးသွင်းရမည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၉-၂၅၆၁၄၄၄၁၆၊ ၀၉-၇၉၇၁၇၆၀၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)**



ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဘားအံမြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်/မြို့နယ်များတွင် စုပေါင်းရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ရက်တွင် တင်ဒါဖွင့်ဖောက်မည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၀၅၈-၂၁၁၈၁)**

# မန္တလေးတိုင်းဒေသကြီးရှိ ဝတီးမြို့ဟောင်းနှင့် ရှေးဟောင်းပျူကျောက်စာများ ထိန်းသိမ်းထားရှိမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၂၅**

ဝတီးမြို့ဟောင်းသည် ပျူတပ်မြို့ ကိုးမြို့အနက် တစ်ခုအပါအဝင်ဖြစ်ပြီး အဝန်းအဝိုင်းပုံရှိ မြို့ဟောင်းဖြစ်ကြောင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်တွေ့ရှိချက်များအရ ပျူခေတ်အစောပိုင်းကာလနှင့် သက်ဆိုင်ကြောင်း၊ တူးဖော်ပြီးဖြစ်သော ရှေးဟောင်းအဆောက်အအုံများကို မပျက်စီးစေရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ပျူရှေးဟောင်းမြို့များ၏ သမိုင်းကြောင်းကို တူးဖော်မှုမှတ်တမ်းများအရ သုတေသနပြု ဆက်စပ်ပေးနိုင်ရန် လိုအပ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဇွန် ၂၁ ရက်တွင် ဝတီးမြို့ဟောင်း၌ တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် ပေတောဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ တွေ့ရှိရသော အေဒီ ၁၁ ရာစု ပုဂံခေတ်ဦး စောလူးမင်းကြီး၏ ပျူစာ၊ မွန်စာနှင့် နာဂရီစာတို့ဖြင့် ရေးထိုးထားသော အလှူမှတ်တမ်းကျောက်စာကို ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် အမိုးအကာဖြင့် စိုက်ထူထိန်းသိမ်းထားရှိမှုကို လည်းကောင်း၊ ဆုတောင်းပြည့်ရွှေမုဋ္ဌောစေတီတော် ပရိဝုဏ်အတွင်း ရွှေ့ပြောင်းစိုက်ထူထားသော မြနဒီရှေးဟောင်း ပျူကျောက်စာသို့ လည်းကောင်း သွားရောက်ပြီး ရှေးဟောင်း ပျူကျောက်စာများမှာ ရှားပါး၍ သမိုင်းတန်ဖိုးကြီးမားသဖြင့် ဖျက်ဆီးခြင်း၊ ပျောက်ပျက်ခြင်းများမရှိစေရေးနှင့် စနစ်တကျထိန်းသိမ်း စောင့်ရှောက်နိုင်ရေးတို့ကို ပြောကြားသည်။ ဆက်လက်၍ မန္တလေးနန်းမြို့အတွင်း ထိန်းသိမ်းထားရှိသည့် မန္တလေးနန်းတွင်း ကျောက်စာရုံများသို့ သွားရောက်ပြီး ကျောက်စာရုံအတွင်းတွင် သာစည်မြို့နယ် ဆင်ရွာအနီးမှ အသစ်တွေ့ရှိရသော ပျူကျောက်စာနှင့် ရှေးဟောင်းကျောက်စာများစိုက်ထူ ထိန်းသိမ်းထားရှိမှု၊ လက်ရှိ ကျောက်စာရုံ၏ ရေရှည်ခိုင်ခံ့နိုင်ရေးအတွက် ပြင်ဆင်ရန်လိုအပ်မှု၊ နန်းတွင်း ကျောက်စာရုံအတွင်းမှ ကျောက်စာများကို မန္တလေးနန်းတွင်း ကျောက်စာရုံရှိ ကျောက်စာများအဖြစ် ပုံနှိပ်ထုတ်ဝေထားရှိမှုများနှင့် သုတေသနပြုလုပ်သင့်သော ကျောက်စာများကို ဆက်လက်၍သုတေသနပြုရန် ဂေါပကအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြနန်းစံကျော် ရွှေနန်းတော်သို့ရောက်ရှိပြီး အဆောင်တော်တစ်ခုချင်းကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ယခုနှစ်ဘဏ္ဍာရေးကာလအတွင်းပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိသော အဆောင်များကိုလည်း ရှေးမူမပျက် ပြင်ဆင်ပေးနိုင်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံ ၂၇ ရုံအတွက် ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ အမှိုက်ပုံး ၁၅၆ ပုံးကို ဇွန် ၂၁ ရက်က ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းရေလှောင်တမံကြိုးဝိုင်း၌ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ခင်သက်ဌေးနှင့်အဖွဲ့က တိုင်းဒေသကြီး ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ ကျော်ရွှေထံ ပေးအပ်စဉ်။

တင်စိုး(မြန်မာ့အလင်း)

## ဂျပန်နှင့်ပူးပေါင်းတည်ဆောက်မည့် သာကေတ တံတားသစ် မြေလုပ်ငန်းစတင်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့ ပုဇွန်တောင်ချောင်းကိုဖြတ်ကျော်ကာ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်မည့် သာကေတတံတားသစ် တည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါ ဒေါပုံဘက်ခြမ်း၌ မြေလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ယခင် သာကေတတံတားဟောင်းနှင့်ကပ်လျက် တည်ဆောက်နေသောတံတားသစ်ကို ပြည်သူ့ဆောက်လုပ်ရေးနှင့် ဂျပန်နိုင်ငံ ဂျိုက်ကာအဖွဲ့တို့က ပူးပေါင်း တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့ ပူးပေါင်းတည်ဆောက်ရန် ပြည်သူ့ဆောက်လုပ်ရေးနှင့် ဂျိုက်ကာတို့ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၀ ရက်က MoU လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

သာကေတတံတားသစ် တည်ဆောက်ရေးအတွက် ဂျိုက်ကာက ထောက်ပံ့ငွေ ဂျပန်ယန်း ၄၂၁၆ သန်း ကူညီသွားမည်ဖြစ်သည်။ သာကေတတံတားသစ်သည် ယခုအခါ ချဉ်းကပ်လမ်းများ၊ ကမ်းကပ်ခုံလုပ်ငန်းများပြုလုပ်နေပြီး ကမ်းခြေတိုင်များအတွက်လည်း ယန္တရားကြီးများဖြင့် ဘိုးပိုင်လုပ်ငန်းများပြုလုပ်နေခြင်းဖြစ်သည်။

ယခု တည်ဆောက်နေသော သာကေတတံတားသစ်သည် ပင်မတံတားအရှည် ၂၅၃ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၁၆ ဒသမ ၅ မီတာ၊ လူသွားလမ်း တစ်ဖက်အကျယ် နှစ်မီတာရှိသော လမ်းအပါအဝင် လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

တစ်ဖန် ယခုတည်ဆောက်နေသည့် သာကေတတံတားသစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ဘက်၌ ချဉ်းကပ်လမ်းအရှည်မှာ ၁၆၅ မီတာဖြစ်ပြီး ဒေါပုံမြို့နယ်ဘက်၌ ချဉ်းကပ်လမ်းအရှည်မှာ ၂၀၂ မီတာရှိသည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရန် ကြိုးစားလျက်ရှိသည်။

သာကေတတံတားသစ်၏ အုတ်မြစ်တံတားတိုင်၊ တံတားအပေါ်ထည်များကို ဂျပန်နိုင်ငံ Nipon Koei Co.,Ltd. မှ ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ Tokyu၊ Toyo၊ IHI ကုမ္ပဏီတို့မှ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ သာကေတ တံတားသစ် တည်ဆောက်ရေးစီမံကိန်းအတွက် ယင်းဂျပန်ကုမ္ပဏီသုံးခုတို့က ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က တင်ဒါအောင်မြင်ခဲ့ကြခြင်းဖြစ်သည်။

သာကေတ တံတားသစ်ကို လာမည့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ သာကေတတံတားသစ် တည်ဆောက်ပြီးပါက ယာဉ်ကြောပိတ်ဆို့မှုများ အထိုက်အလျောက် လျော့ကျသွားစေမည်ဖြစ်ပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ဝေယံဦး**

## အလုပ်ရရှိမည်ဟု ပြောဆိုပြီး ထိုင်းနိုင်ငံသို့ တရားမဝင်ပို့ဆောင်သူအား တိုင်တန်း

**အောင်လံ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကွမ်းလောင်းကျေးရွာနေသူများကို ထိုင်းနိုင်ငံသို့ တရားမဝင်ပို့ဆောင်သူအား ဇွန် ၂၁ ရက်က တိုင်တန်းမှုဖြစ်ပွားခဲ့ကြောင်း သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ဖြစ်စဉ်မှာ အောင်လံမြို့နယ် ကွမ်းလောင်းကျေးရွာနေ ဦးသိန်းဌေး (၄၃ နှစ်)အား အောင်လံမြို့နယ် ကျီးရပ်ကုန်းရွာနေ သန့်ဇင် (၃၄ နှစ်)က ထိုင်းနိုင်ငံတွင် ပန်းရုံနှင့် လက်သမား အလုပ်ရရှိမည်ဟုဆိုကာ တစ်ဦးလျှင် ငွေကျပ်ငါးသိန်းကုန်ကျမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့သည်။ ဇွန် ၁၁ ရက်တွင် အတူနေသားဖြစ်သူ သက်ကိုဦး (၁၈ နှစ်) အပါအဝင် တစ်ရွာတည်းနေ သန်းဇော် (၃၀နှစ်)၊ ဇော်ဝင်းထွဋ် (၂၃ နှစ်)၊ ဇင်ကိုလတ် (၂၈ နှစ်)၊ ဖိုးပြား(၃၀ နှစ်)နှင့် သက်ဆွေဦး (၂၀ နှစ်) တို့ခြောက်ဦးတို့က တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ သန့်ဇင်ထံပေးအပ်ခဲ့ကြသည်။ သန့်ဇင်က သက်ကိုဦးပါ ခြောက်ဦးတို့ကိုခေါ်ဆောင်သွားပြီး ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ ပို့ဆောင်ပေးခဲ့သည်။ ဇွန် ၁၆ ရက်က ထိုင်းနိုင်ငံ ဆူးလပ်မြို့၌ရောက်ရှိနေသော သန်းဇော်က ဦးသိန်းဌေးထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ၎င်းတို့ခြောက်ဦးမှာ တရားမဝင်ပို့ဆောင်ခံရခြင်းဖြစ်ကြောင်း၊ ဒုက္ခရောက်နေကြောင်း ပြန်လည်ပြောကြားခဲ့သဖြင့် ပြည်ပသို့တရားမဝင်ပို့ဆောင်ခဲ့သူ သန့်ဇင်ကို အရေးယူပေးပါရန် ဦးသိန်းဌေးကတရားလိုပြုလုပ်တိုင်ကြားခဲ့သောကြောင့် သန့်ဇင်ကို အောင်လံမြို့နယ် ဒုရဲဗိုလ် နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ မန္တလေးတက္ကသိုလ်သို့ လာရောက်တွေ့ဆုံ

**မန္တလေး ဇွန် ၂၅**

ထိုင်းနိုင်ငံ Prince of Songkla University မှ Assoc.Pro,Dr. Teerapol Srichana နှင့် အဖွဲ့ဝင် ရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့တို့သည် ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတက္ကသိုလ်သို့ လာရောက်၍တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့်အဖွဲ့အား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက မန္တလေးတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် ယခုလက်ရှိ ဖွင့်လှစ်သင်ကြားလျက်ရှိနေသော သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များ၊ မန္တလေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့်ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Prince of Songkla University မှ Assoc.Pro,Dr. Teerapol Srichana နှင့် ကိုယ်စားလှယ်တို့က ထိုင်းနိုင်ငံ Prince of Songkla University အကြောင်းကို ရှင်းလင်းပြောကြားကြပြီး မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများက ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ တက္ကသိုလ်ပညာသင်ဆုကိစ္စများ၊ ပညာရေးဆိုင်ရာ နှီးနှောဖလှယ်မှုများ စသည့်အကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်ရှိ ဘာသာရပ်ပါမောက္ခ(ဌာနမှူး) များက သိရှိလိုသည့်အကြောင်းအရာများကို Assco .Pro,Dr. Teerapol Srichana နှင့် အဖွဲ့ဝင်ကိုယ်စားလှယ် များက ပြန်လည်ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**မောင်မောင်(MU)**



ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အကြို စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို ဇွန် ၂၀ ရက်က မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ သန့်ရှင်းရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

မေမိုးသဲ

# ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနဖွင့်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်သည့် ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center -MRC) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနဖြစ်သည့် (Migrant Resource Center - MRC) များကို ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များမှာ ဒေသတွင်း အလုပ်သမားများ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းတို့အတွက် အဆင့်ဆင့် ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများအတွက် ဖြစ်နိုင်ခြေများ၊ ရွှေ့ပြောင်းအလုပ်သမားများ သိသင့်သိထိုက်သည့် သတင်းအချက် အလက်များနှင့်အလုပ်အကိုင်အခွင့်အလမ်းများမှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ ကူညီပေးရေးဗဟိုဌာန များမှတစ်ဆင့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေး၊ ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရေးစသည့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဖြစ်ကြောင်း။

ထို့အပြင် အဆိုပါဌာနများမှာ ဘာသာစကားလေ့ကျင့်ပေးခြင်း၊ ဥပဒေဆိုင်ရာ အကူအညီပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပေးခြင်း၊ ကျွမ်းကျင်မှု အဆင့်မြှင့်တင်ပေးခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအတွက် အသေးစားလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အကူအညီပေးခြင်း၊ ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် ထောက်ပံ့မှုများ ပြုလုပ်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအား အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းစသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပအလုပ်အကိုင်အေဂျင်စီအပါအဝင်၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ တစ်ဆင့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ မြန်မာအလုပ်သမားများကို စေလွှတ်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ရွှေ့ပြောင်းသွားလာသူများအတွက် နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission Mr. Kieran Gorman Best က အမှာစကားပြောကြားပြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က MRC ဌာနရုံး များမှ လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို တက်ရောက်လာသူများအား ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဘဝချိန်ခွင်ကုမ္ပဏီမှ ထိုင်းနိုင်ငံ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်ဒဏ်ရာရသေဆုံးသွားသော မြန်မာရွှေ့ပြောင်းအလုပ်သမား၏ မိခင်ဖြစ်သူအား အသက်အာမခံလျော်ကြေးနှင့် ထိခိုက်နစ်နာကြေးငွေကျပ် သိန်း ၁၅၀ ကျော်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## ဖြူးမြို့နယ်၌ ဘောလုံးပြိုင်ပွဲကျင်းပ

**တောင်ငူ ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ အားကစားဝန်ကြီးဌာန အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) ဖြင့် ဖြူးမြို့နယ် ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် ညနေ ၄ နာရီက ဖြူးမြို့ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲသို့ အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဘောလုံးကန်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်ထွန်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဘောလုံးပွဲကို ဇွန် ၂၀ ရက်မှ စတင်၍ ဇူလိုင် ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ စာပေဟောပြောပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က အလုံမြို့နယ် အထက (၄) သီရိရတနာခန်းမ၌ကျင်းပရာ စာရေးဆရာဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး-ဆေး/မန်း)က ဆယ်ကျော်သက်အမျိုးသမီးလေးများအတွက် ကျန်းမာရေးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ဘိန်းအစားထိုးသီးနှံပေးအပ်

**ဆီဆိုင် ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စုပြင်သာယာဘုန်းတော်ကြီးကျောင်း၌ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးစီမံချက် (ယင်းမာ) အရ ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်မျိုးစပါးနှင့်နှစ်ရှည်ပျိုးပင်များ တောင်သူထံသို့ အခမဲ့ပေးအပ်ပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားတွင် ဆီဆိုင်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဆွေက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကြင်ကတက်ရောက်လာသောကျေးရွာများမှ တောင်သူ ကိုယ်စားလှယ်များအား (GAP) စိုက်ပျိုးနည်းစနစ်နှင့်စိုက်ပျိုးရေးရာသိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် တောင်သူများကို ဘိန်းအစားထိုးသီးနှံအဖြစ် သရက်ပျိုးပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရေးပံ့ပိုးပစ္စည်းပေးအပ်

**ကျောက်တံခါး ဇွန် ၂၅**

မိုးစပါးပုလဲသွယ်စပ်မျိုးစပါး အရှိန်အဟုန်မြှင့်တင်စိုက်ပျိုးရေး ပင်လယ်ကိုးသွယ်ကုမ္ပဏီနှင့် တောင်သူများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့နယ် အလယ်ခင်ပညာပေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်နှင့် ပင်လယ်ကိုးသွယ်ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမည့်တောင်သူများနှင့် ကန်ထရိုက် လယ်ယာစနစ် ဆောင်ရွက်မည့် အစီအစဉ်၊ မျိုးစပါး၊ ဓာတ်မြေဩဇာများနှင့် တစ်ဧကလျှင် စိုက်စရိတ် ငွေကျပ် ၃၀၀၀၀ နှုန်းပံ့ပိုးမည့် အစီအစဉ်၊ စပါးပေါ်ချိန်တွင် တင်း ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် အနည်းဆုံး အာမခံဈေးပေး၍ ဝယ်ယူမည့် အစီအစဉ်များကို ရှင်းလင်းခဲ့သည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံမှ ဆန်စပါးပညာရှင်က အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် အသုံးပြုရေး အရေးကြီးပုံကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကလာမြေ)**



## အခြေခံရှာဖွေကယ်ဆယ်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဇွန် ၂၅**

ကချင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၌ကျင်းပသောအခြေခံရှာဖွေကယ်ဆယ်ရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက်က မြစ်ကြီးနားမြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးမှူးဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ အခြေခံရှာဖွေကယ်ဆယ်ရေးဆင့်ပွားသင်တန်းကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီးသင်တန်းသား ၃၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိန်ဝင်း (iprd)**

## ဒေသထွက်တည င်းသီးများ လူကြိုက်များ၍ ဈေးကောင်းရ

**ကသာ ဇွန် ၂၅**

ကသာမြို့ဒေသထွက် တည င်းသီးများ ဈေးကောင်းရရှိ၍ တည င်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ကသာမြို့နယ်အတွင်းရှိ ကျေးရွာများမှ အစိုက်များသော တည င်းသီးမျိုးများမှာ ငကျွဲ၊ ရွှေဝါနှင့် စာကလေးတို့ကိုသာအစိုက်များကြပြီး သုံးမျိုးစလုံးမှာ လူကြိုက်များ၍ ဈေးကွက်အတွင်းအဝယ်လိုက်ကာ ဈေးကောင်းသည်ဟု တည င်းသီး အရောင်းအဝယ်လုပ်သူ ပွဲစားတစ်ဦးက ပြောသည်။ ယခုနှစ်တွင် ကသာမှ မန္တလေး၊ မြစ်ကြီးနား၊ မုံရွာ၊ ဗန်းမော်ကားလမ်းများမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းပိုမိုရရှိပြီး တည င်းစိုက်ပျိုးသူများ အရင်ကထက်ပို၍ ဝင်ငွေရရှိကြသည်။

တည င်းသီးများမှာ ပုံမှန်အားဖြင့် တစ်နှစ်သီးပြီး နောက်တစ်နှစ်တွင် အားပြန်ယူရသည့်အနေအထားအရ အထွက်နှုန်းကောင်းသော နှစ်ရှည်ပင်အမျိုးအစားဖြစ်ရာ အပူ၊ အအေးမျှတသော ဒေသများတွင်သာ အပင်ဖြစ်ထွန်းမှုအားကောင်းသည်။

တည င်းပင်သည် စတင်စိုက်ပျိုးချိန်မှအပင် ငါးနှစ်သား ခုနစ်နှစ်သားခန့်တွင် အသီးဖြိုင်ဖြိုင် သီးလေ့ရှိသည်။ တစ်ပင်လျှင် အသီးအလုံးရေ ၁၅၀၀၀ ခန့် အသီးသီးနိုင်ပြီး တစ်ခိုင်လျှင် ငါးလုံးမှ ၁၀ လုံးအထိသီးလေ့ရှိသည်။ ထို့ကြောင့် တည င်းပင်တစ်ပင်အောင်လျှင် ငွေကျပ် ၃၅၀၀၀၀ မှ ငွေကျပ် ၄၀၀၀၀၀ ထိ ဝင်ငွေရရှိနိုင်သည်ဟု ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်က တည င်းသီး တစ်လုံးလျှင် ၁၅ ကျပ်ခန့်သာရှိပြီး ယခုနှစ်တွင် ၂၀ကျပ်မှ ၃၀ကျပ်ထိ ရောင်းချနေကြသည်။ အဝေးတင်ပို့သူများအနေဖြင့်လည်း တည င်းသီး အကြီး၊အသေးပေါ်မူတည်၍ ဈေးအမျိုးမျိုး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ရဲကို(ကသာ)**

## နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

# သတင်းတိုများ

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ရက်က ကျင်းပခဲ့ရာ မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးက မူးယစ်ဆေးဝါးရှောင်ကြဉ်ရေး၊ မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဝေါလေမြိုင်မြို့ နယ်မြေခံရဲစခန်းမှူး ရဲအုပ်ဇော်ဇော်အောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ကော်ရှူခြင်း၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးချက်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် သတ်မှတ်ထားသော ဆေးဝါးများအကြောင်းကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဒိုးသောင်ကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားသော မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဒေသခံပြည်သူများ လုပ်ကိုင်နေကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးကျော် မျိုးဆင့်နှင့် ဝန်ထမ်းများက ဇွန် ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။
**(၁၁၅)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းမှတ် ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

ဇွန် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းမှတ် ဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက် အထက်တန်းကျောင်းရှေ့၌ ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာ ဦးဆောင်၍ ဇွန် ၂၃ ရက်က စိုက်ထူခဲ့ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

## သက်ကြီးဘိုးဘွားများအား နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်သာအုပ်စု အင်းတက်ကျေးရွာမှ အသက် ၁၀၆ နှစ်ရှိ အဖွားဒေါ်အေးအား နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်မှ အသက် ၁၀၂ နှစ်ရှိ အဘိုးသခင်ဘဦး (လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်)အား နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးတင်ဝင်းက ဇွန် ၂၃ ရက်တွင် အိမ်တိုင်ယာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်မှ တောင်သူများအား စိုက်ပျိုးစရိတ်ငွေများ ဆက်လက်ထုတ်ပေးလျက်ရှိ

**ရေတာရှည် ဇွန် ၂၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် စပါးစိုက်ပျိုးသည့် တောင်သူဦးရေ ၁၅၀၀၀ အား ချေးငွေကျပ်သန်းပေါင်း ၆၂၂၄ သန်းကျော် ထုတ်ချေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ဇွန် ၁ ရက်မှ စ၍ ချေးငွေများစတင် ထုတ်ပေးလျက်ရှိရာ ယခုအချိန်ထိ တောင်သူ ၁၁၈၃ ဦးအတွက် ချေးငွေကျပ်သန်းပေါင်း ၆၁၉၈ သိန်းထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ချေးငွေသစ်များကို ယခင်နှစ်က ကြွေးကြေသူများကို ဦးစားပေးကာ ထုတ်ချေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဘဏ်မှ သိရသည်။

"အရင်နှစ်တွေက သဘာဝဘေးကြောင့် တောင်သူတွေ အခက်အခဲဖြစ်ကြတော့ ကြွေးကျန်တွေရှိခဲ့တယ်။ ခုနောက်ပိုင်းတော့ စစ်တောင်းမြစ်ရေလည်း မတက်ဘူး။ စိုက်ပျိုးသီးနှံတွေလည်းအောင်မြင်ကြတဲ့အခါမှာ တောင်သူတွေ အကြွေးပြန်ဆပ်နိုင်ကြပါပြီ"ဟု မြို့နယ်စိုက်ပျိုးရေးဘဏ်မန်နေဂျာက ပြောသည်။ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးသဖြင့် တောင်သူများအနေဖြင့် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ထွန်ယက်စရိတ်နှင့် အခြားသော သွင်းအားစုများအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# သာစည်မြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများ စတင်ကြေညာ

**သာစည် ဇွန် ၂၅**
မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများ၌ အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၂၂ ရက်မှ စတင်၍ ကြေညာထားပြီဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အများပြည်သူမြင်သာသည့်နေရာများတွင် ကပ်ထားပြီးဖြစ်ကာ လာရောက်ကြည့်ရှုကြရန်လည်း အသံချဲ့စက်များဖြင့် ကြေညာပေးလျက်ရှိသည်။



မဲဆန္ဒရှင်စာရင်း ကြည့်ရှုနေသော ပြည်သူများ

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိရန်အတွက် မဲစာရင်းတွင် မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့်လည်းကောင်း၊ အချက်အလက်များမမှန်လျှင် ပုံစံ(၄-က)ဖြင့်လည်းကောင်း လျှောက်ထားရန်နှင့် ကွယ်လွန်ပြီးသူများနှင့် မဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နေလျှင် အထောက်အထားများနှင့်အတူ ပုံစံ(၄)ဖြင့် ကန့်ကွက်လျှောက်ထားရန်တို့ကိုလည်း အသိပေးကြေညာ ထားသည်။ မဲစာရင်း ကြေညာသည့်နေ့မှစ၍ ၁၄ရက်အတွင်း ရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပုံစံများထုတ်ယူ၍ လျှောက်ထားနိုင်ကြောင်း လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

သာစည်မြို့နယ်တွင် မြို့ပေါ် ရပ်ကွက် ၇ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၈၀ ၌ မဲပေးနိုင်သူ အခြေခံမဲဆန္ဒရှင် ၁၅၂၅၃၉ ဦးရှိကြောင်းနှင့် မဲစာရင်းများကို ဇူလိုင် ၅ ရက်အထိ ထုတ်ပြန်ကြေညာပေးထားမည် ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

# ဇီးကုန်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ကျပ်သန်းလေးထောင်နီးပါး ထုတ်ချေးမည်

**ဇီးကုန်း ဇွန် ၂၅**
မိုးစပါးစိုက်ရာသီအတွင်း ဇီးကုန်းမြို့နယ်အတွင်းမှ တောင်သူများ စိုက်ပျိုးစရိတ် အဆင်ပြေစေရေးအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေ ကျပ်သန်းပေါင်း ၃၈၂၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများကို ဇီးကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေလကုန်ပိုင်းကပင် စတင်ထုတ်ချေးလျက်ရှိကာ ဇွန် ၂၃ ရက်အထိ ကျေးရွာအုပ်စုလေးခုမှ တောင်သူ ၄၇၄ ဦးအတွက် ချေးငွေကျပ် ၂၇၉ သန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေ သတ်မှတ်ကာလကို စက်တင်ဘာလကုန်အထိ သတ်မှတ်ထားကြောင်း၊ ဇီးကုန်းမြို့နယ်အတွင်း စိုက်ဧကလေးသိန်းရှစ်သောင်းကျော်ရှိသည့်အနက် စပါးစိုက်မည့် တောင်သူများအား တစ်ဧကလျှင် ကျပ်တစ်သိန်းနှင့် အခြားသီးနှံစိုက်ပျိုးမည့် တောင်သူများအား တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။
**ကိုသက်(ဇီးကုန်း)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မြင်းမူ ဇွန် ၂၅**
၂၀၁၅ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုနှင့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းမူမြို့နယ်သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြင်းမူမြို့(၁၆)ကုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်တို့က ပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဇေယျာစိမ်းလန်းမြေ(မြင်းမူ)အသင်းဝင်များထံသို့ ပေးအပ်ခဲ့ပြီး ယင်းမာပင်၊ ကျွန်းပင်၊ မယ်ဇလီပင်၊ တမာပင်နှင့် မယ်ဇယ်ပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ထို့နောက် ၂၀၁၅ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲကို မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်နှင့် အဖွဲ့ဝင်များက အထိမ်းအမှတ် ဆိုင်းဘုတ်ကို စိုက်ထူခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ(iprd)**

# ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကသာ ဇွန် ၂၅**
နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံမီဒီယာများက ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဌေးလွင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကာ နိုင်ငံရေးပါတီများ၊ CSOများ၊ ဒေသခံမီဒီယာများက ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **ဦးရဲ(ကသာ)**

# အလက(ခွဲ)အား အလကအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**တနင်္သာရီ ဇွန် ၂၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် လယ်သစ်ကျေးရွာအုပ်စု အနောက်လယ်သစ်ရွာရှိ အခြေခံပညာအလယ်တန်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပွဲကို ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ပညာရေးမှူး(ကိုယ်စား)လက်ထောက်မြို့နယ်ပညာရေးမှူး ဦးလင်းယန်အေးကအမှာစကားပြောကြားပြီး လယ်သစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းလှရင်က မိမိတို့ကျေးရွာသည် တနင်္သာရီမြို့နယ်၏ အစွန်အကျဆုံးဖြစ်သည့် ကျွန်းစုမြို့နယ်နှင့် နယ်စပ်ကျေးရွာဖြစ်သဖြင့် ကျေးရွာအုပ်စုအတွင်းမှ ကျောင်းသားကျောင်းသူများ၏ ပညာရေးအတွက် အခြေခံပညာအလယ်တန်းကျောင်းအဆင့် ရရှိနိုင်ရေးအတွက် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခင်က ကျောင်းသားကျောင်းသူများအနေဖြင့် အလယ်တန်း အထက်တန်းအဆင့်ရောက်လျှင် မြိတ်မြို့နှင့် တနင်္သာရီမြို့များသို့ ခက်ခဲစွာ သင်ကြားကြရာမှ ယခုအခါ မိမိတို့ မြို့၌ပင် တက်နိုင်မည်ဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် ပို၍အဆင်ပြေလာကြောင်းသိရသည်။ **နန်းသာရီ–ထိန်ဝင်း**

# ကလေးမြို့တွင် ကုန်တင်ကုန်ချကွင်း ဆောက်လုပ်မည်

**ကလေး ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်းဝင်ထွက်၍ ကုန်တင်ကုန်ချပြုလုပ်သော ကုန်တင်ကားကြီးများ ရပ်နားမှုလွယ်ကူရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ ကုန်တင်ကုန်ချကွင်းကြီးကို ကားလေးကွင်းအနောက်ဖက်တွင် တည်ဆောက်မည်ဖြစ်ပြီး မြေနေရာသုံးဧကခန့်ကို ရွေးချယ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကုန်တင်ကားကြီးတွေက မြို့ထဲမှာ ကုန်တွေကိုလိုက်ပြီး ချကြတာလည်းရှိပါတယ်။ ကားကြီးကွင်းနဲ့ ကားလေးကွင်းထဲမှာ ချကြတာလည်းရှိတယ်။ တမူးနယ်စပ်ကိုပို့ဖို့ ကုန်ပစ္စည်းတွေကို ကားလေးကွင်းထဲဝင်ချတော့ ခရီးသည်တင် ယာဉ်လိုင်းငယ်လေးတွေက ပိတ်ဆို့တယ်ဆိုပြီး ကျွန်တော်တို့ဆီကို လာတင်ပြလို့ အခုလိုကုန်တင်ကုန်ချကွင်းမြေနေရာကို ခရိုင်စီမံခန့်ခွဲမှုကော်မတီက ကုန်တင်ယာဉ်လိုင်းတွေနဲ့ညှိပြီး မြေနေရာရွေးပေးလိုက်တာပါ"ဟု ကလေးမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီ(မစက)ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောကြားသည်။

ကုန်တင်ကုန်ချကွင်း တည်ဆောက်မှုနှင့် ပတ်သက်၍ ရဲဝင့်အောင်ကားဂိတ်မှ ဂိတ်မှူး ဦးညိုဝင်းကလည်း "ကုန်တင်ကုန်ချကွင်းဆိုပြီး သီးသန့်ထားတာကောင်းပါတယ်။ မြို့ထဲဝင်လာသမျှ ကုန်ကားကြီးတွေအားလုံး ကွင်းထဲထိုး အဲဒီကမှ ခေါက်တိုကားလေးတွေနဲ့ ပြန်သယ်ဆိုတော့ ဒေသတွင်းသုံးဘီးကားတွေ၊ ဆိုက်ကားတွေအတွက် အလုပ်ရပါတယ်။ နောက်ပြီး မြို့ထဲမှာလည်း ယာဉ်ကြောကြပ်တည်းမှုတွေ သက်သာသွားစေမယ်"ဟု ပြောသည် ။

ကုန်တင်ကုန်ချကွင်းအသစ် ဆောက်လုပ်ပြီးစီးပါက ကုန်ကားကြီးများအနေဖြင့် သတ်မှတ်ထားသည့် ကွင်းအတွင်းသာ ကုန်တင်ကုန်ချပြုလုပ်ရမည်ဖြစ်ပြီး မြို့ထဲတွင် ကုန်တင်ကုန်ချပြုလုပ်သည့် ယာဉ်များတွေ့ရှိပါက မစက ဥပဒေဖြင့်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သီးနှံစံပြစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိ

**မုံရွာ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များကို စိုက်နည်းမှန်ကန်စွာ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းသော သီးနှံများကိုရရှိစေပြီး တောင်သူများ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်၍ စပါး၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ မြေပဲ၊ နှမ်းနှင့် နေကြာများကို စံပြစိုက်ခင်းများအဖြစ် တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စံပြစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ "စပါးသီးနှံကတော့ အခုအချိန်မှာ ပျိုးထောင်ခြင်း၊ ထယ်ရေးထွန်ရေးပြင်ဆင်ခြင်းတွေ လုပ်နေပါပြီ။ ပဲတီစိမ်းကတော့ ၈၄၅ ဧက၊ ပဲစင်းငုံ ၆၉၅ ဧက၊ မြေပဲ ၂၅၀ ဧက၊ နှမ်း ၁၆၀ ဧက၊ နေကြာ ၁၀ ဧကစိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့စိုက်ဧကတွေကိုလည်း အချိန်မီစိုက်ပျိုးပြီးစီးအောင် ဆောင်ရွက်နေပါတယ်၊ တောင်သူတွေအနေနဲ့ စိုက်နည်းမှန်ကန်စွာစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်စေတဲ့အကြောင်း အသိပညာပေးတာပါ၊ တောင်သူတွေကို မျိုးကောင်းမျိုးသန့်ရှာပေးတယ်၊ သွင်းအားစုတွေကို ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးတယ်၊ စိုက်ပျိုးနည်းစနစ်တွေ ဖြန့်ဝေပေးတယ် "ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး ၉၁၆၅ ဧက၊ ပဲတီစိမ်း ၈၄၅ ဧက၊ ပဲစဉ်းငုံ ၉၇၀ ဧက၊ အစေ့ထုတ်ပြောင်း ၃၀ ဧက၊ မြေပဲ ၅၆၀ ဧက၊ နှမ်း ၃၈၀ ဧကနှင့် နေကြာ ၈၀ ဧကကို စံပြစိုက်ခင်းများအဖြစ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# မိုးစပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီရေး ကွင်းဆင်းဆောင်ရွက်

**မင်းဘူး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၅-၂၀၁၆ခုနှစ် မိုးစပါး လျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးဟောပြောစည်းရုံးမှုများကို မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များက မဲဇလီဆည်ရေသောက် ကံသစ်၊ ကံကုလားနှင့် ကျောက်စံကျေးရွာအုပ်စုများသို့ ဇွန် ၂၁ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မင်းဘူး(စကု)မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ဒေသခံတောင်သူများအား ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာအုပ်စုအလိုက် မိုးစပါးလျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းနိုင်ဝင်းက ယခုနှစ် ရာသီဥတုအခြေအနေအရ သက်တမ်းတိုပြီး အထွက်ကောင်းသော ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါးကို တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးရေး၊ ပျိုးထောင်ရေ စတင်ပေးနေပြီဖြစ်သဖြင့် အချိန်မီပျိုးထောင်ကြရေးနှင့် တောင်သူများ၏ မျိုးစပါးလိုအပ်ချက်၊ သွင်းအားစုလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးမြတ်ဇော်သိန်းက ပျိုးထောင်ရေပေးဝေမှုနှင့် စနစ်တကျ ရယူအသုံးပြုစိုက်ပျိုးကြရေးကိုလည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်စိုးက လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် ကူးပြောင်းနေချိန်တွင် လယ်ယာ လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်မည့် ကောက်စိုက်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒေသခံတောင်သူများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အောင်ချက်ကောင်းကျောင်းများနှင့် ဆရာဆရာမများအား ဂုဏ်ပြုချီးမြှင့်

**မိုးညှင်း ဇွန် ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းမှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်ချက်မြင့်မားသည့် ကျောင်းများနှင့် ဘာသာရပ်အလိုက် သင်ကြားမှုထူးချွန်သည့် ဆရာဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကကြီးမှူး၍ မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့သည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းဌေးက မိုးညှင်းမြို့နယ်၏ ပညာရေးတိုးတက်အောင်မြင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးထွန်းထွန်းဝေတို့က ကချင်ပြည်နယ်တွင် အောင်ချက်အကောင်းဆုံးပထမရရှိသော မိုးညှင်း အထက(၁)၊ ဒုတိယရရှိသော အုတ်ကျင်းအထကနှင့်တတိယရရှိသော နန်းမားအထကကျောင်းများနှင့် ဘာသာရပ်အလိုက် သင်ကြားမှုထူးချွန်သော ဆရာဆရာမ ၁၀၉ ဦးအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ဆင်းရဲနွမ်းပါးသည့် ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၇၀၀ နှင့် ငွေကျပ် ၁၇ သိန်းကိုလည်းကောင်း ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**



# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မလှိုင် ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲကို မလှိုင်မြို့နယ် ပန်းအိုင်အထက၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နံရံကပ်စာစောင်ပြပွဲကို မလှိုင်မြို့နယ် ပြန်/ဆက် ဦးစီးဌာနက စီစဉ်ပြသခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးအန္တရာယ်များကို ကျောင်းသားလူငယ်လူရွယ်များသိရှိစေရန်ရည်ရွယ်၍ ပြပွဲများကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပြသခြင်းဖြစ်ကြောင်း မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်ဆွေဆွေမြင့်က ပြောသည်။

ကျောင်းအုပ်ဆရာကြီး ဦးသန်းကျော်က "အသိပညာပေး နံရံကပ်စာစောင်များကို ယခုလိုလာရောက်ပြသခြင်းကြောင့် ကျောင်းသားကျောင်းသူတွေအတွက် ဗဟုသုတများစွာရရှိပါတယ် ။ မကြာမီကျင်းပမယ့် မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ စာစီစာကုံးပြိုင်ပွဲတွေအတွက်လည်း အထောက်အကူအများကြီးဖြစ်ပါတယ်"ဟု ပြောသည်။

နံရံကပ်စာစောင်ပြပွဲတွင် မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါးအုပ်စုငါးမျိုးအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမိသော အကြောင်းရင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲရန် အလားအလာရှိသော မိသားစုများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူတို့၏ သွင်ပြင်လက္ခဏာများ၊ စိတ်ကိုထိခိုက်စေသော မူးယစ်ဆေးဝါးများအကြောင်း၊ မူးယစ်ဆေးဝါး အမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း၊ ဆေးလိပ်နှင့် အရက်သောက်ခြင်း၏ ဆိုးကျိုးများ စသည့် အကြောင်းအရာများကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**



# ငါးရှဉ့်ဖမ်းမိမှုနည်းသဖြင့် ဈေးကောင်းရရှိနေ

**ရေတာရှည် ဇွန် ၂၅**

ပြည်တွင်းဈေးကွက်သာမက တရုတ်နိုင်ငံသို့ပါ တင်ပို့ရောင်းချလျက်ရှိသော ငါးရှဉ့်များကို လက်ရှိမိုးဦးကာလ၌ ဖမ်းယူရမိမှုနည်းသဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ခုချိန်က ရေကနည်းသေးတော့ ငါးရှဉ့်အရနည်းတယ်။ အကောင်ကြီးတွေလည်းသိပ်မရဘူး။ ဒီမှာကတော့ သောင်းပြောင်းတစ်ပိဿာကို ငါးထောင့်နှစ်ရာနဲ့ဝယ်ပါတယ်"ဟု ရေတာရှည်မြို့ ညောင်ပင်သာကျေးရွာရှိ ငါးရှဉ့်အဝယ်ဒိုင်က ပြောပြသည်။ ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းတစ်လျှောက်တွင် နွေရာသီကာလအတွင်း ငါးနှင့်ငါးရှဉ့်များကို ရှော့ခ်တိုက်ဖမ်းဆီးမှုများ အလွန်များပြားခဲ့သဖြင့် အရွယ်မရောက်သည့် ငါးရှဉ့်ကောင်ငယ်များစွာ ဖမ်းဆီးခံရသဖြင့် မိုးရာသီကာလတွင် ငါးရှဉ့်ဖမ်းဆီးရမိမှု ယခင်နှစ်များကထက် လျော့နည်းနိုင်ကြောင်း သုံးသပ်မှုများလည်းရှိသည်။

ရေတာရှည်မြို့နယ်ရှိ ငါးရှဉ့်အဝယ်ဒိုင်များသည် တောင်ငူမြို့ အဝယ်ဒိုင်များသို့ ပြန်လည်ရောင်းချပြီး တောင်ငူမှတဆင့် မန္တလေး၊ မူဆယ်နှင့် ရန်ကုန်မြို့များသို့ ဆက်လက်တင်ပို့ကာ ရောင်းချကြကြောင်း သိရသည်။ ရေတာရှည်မြို့နယ်မှ ဖမ်းဆီးရမိသော ငါးရှဉ့်များသည် ပြည်တွင်းသာမက တရုတ်နိုင်ငံဈေးကွက်၌လည်း ဝယ်လိုအားကောင်းလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အမေရိကန်နဲ့ အင်္ဂလန်တို့ အကြိုဗိုလ်လုပွဲတက်နိုင်တဲ့ ၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်

**၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ် ပွဲစဉ်တွေကို ဇွန် ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ တရုတ်နဲ့ အမေရိကန်၊ အင်္ဂလန်နှင့် ကနေဒါတို့ရဲ့ပွဲစဉ်တွေကို အားပေးကြရဦးမှာဖြစ်ပြီး အားကောင်းမောင်းသန်ယှဉ်ပြိုင်ကြမယ့် ဒီအသင်းတွေထဲမှာ ဘယ်အသင်းတွေ ကွာတားအဆင့်က နှုတ်ဆက်ထွက်ခွာသွားမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ လက်ရှိခြေစွမ်းအရကတော့ အမေရိကန်နဲ့အင်္ဂလန်အသင်းတွေ အကြိုဗိုလ်လုပွဲတက်ရောက်မယ်လို့ ရေပန်းစားနေတာမို့ လက်တွေ့မှာ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ စောင့်မျှော်အားပေးအကဲခတ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။**



### တရုတ်နှင့်အမေရိကန်

ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုမှတ်တမ်းကို ကြည့်ရင်တော့ နောက်ဆုံးငါးကြိမ် တွေ့ဆုံခဲ့ရာမှာ တရုတ်တို့တစ်ဂိုးစီ သရေတစ်ပွဲသာကစားနိုင်ခဲ့ပြီး ကျန်လေးပွဲလုံးရှုံးထားပါတယ်။ ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ တရုတ်အသင်းဟာ အခုပွဲမှာလည်း အမေရိကန်ကို ဖိအားပေးနိုင်ဖို့ မလွယ်ပါဘူး။ တစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်းမှာ အမေရိကန်တို့ကို ယှဉ်နိုင်ဖို့ ရုန်းကန်ရမှာဖြစ်ပြီး ဘယ်ညာထောင့်တွေက ထိုးဖောက်တိုက်စစ်ဆင်မှုမှာလည်း အမေရိကန်တို့က သာလွန်နေပါတယ်။

ဒါပေမယ့် အမေရိကန်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ကျဆင်းနေပြီး အဆုံးသတ်ပိုင်းမှာ အားနည်းချက်ရှိတာကြောင့် အဲဒီအခွင့်အရေးကို တရုတ်တို့ အသုံးချပြီး တန်ပြန်တိုက်စစ်ကတစ်ဆင့် ဂိုးရအောင်ဖန်တီးနိုင်မယ့် အခွင့်အလမ်းတွေ ထွက်ပေါ်လာနိုင်ပါတယ်။ တရုတ်တို့ကလည်း လောလောဆယ်ငါးပွဲကစားခဲ့တဲ့နေရာမှာ နယူးဇီလန်ကို နှစ်ဂိုးစီသရေပွဲဖြစ်ပြီး ကင်မရွန်းကို တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရထားကာ အင်္ဂလန်၊ ကနေဒါ၊ နယ်သာလန်တို့ကို ရှုံးပွဲကြုံထားပါတယ်။

ဒါ့အပြင် ကြိုးစားအားထုတ်မှုကောင်းတဲ့ တရုတ်ကစားသမားတွေရဲ့ စိတ်ဓာတ်ပြင်းထန်မှုက အမေရိကန်တို့ကို ပွဲကျပ်ဖြစ်သွားစေနိုင်ပါတယ်။ အမေရိကန်တို့ကတော့ လောလောဆယ် ငါးပွဲကစားခဲ့တဲ့ရလဒ်ပိုင်းကိုကြည့်ရင် တောင်ကိုရီးယားနဲ့ ဆွီဒင်တို့ကိုသရေပွဲဖြစ်ပြီး ဩစတြေးလျ၊ နိုင်ဂျီးရီးယားနဲ့ ကိုလံဘီယာတို့ကို နိုင်ပွဲ ရထားပါတယ်။ လက်ရှိခြေစွမ်းကောင်းမွန်နေတဲ့ အမေရိကန်အသင်းဟာ တိုက်စစ်ရော၊ ခံစစ်ပါကောင်းမွန်နေတာမို့ တရုတ်ကို ဖြတ်ကျော်ပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ပါလိမ့်မယ်။

### အင်္ဂလန်နှင့်ကနေဒါ


ပြင်သစ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးထားတဲ့ အင်္ဂလန်အသင်းဟာ အခုကွာတားဖိုင်နယ်ပွဲမှာ ရှုံးကြွေးပြန်ဆပ်နိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ ဒါပေမယ့် အုပ်စုအဆင့်မှာ မက္ကဆီကို၊ ကိုလံဘီယာနဲ့ နော်ဝေအသင်းတွေကို အနိုင်ကစားခဲ့တဲ့ အင်္ဂလန်နဲ့ ကနေဒါတို့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့တဲ့မှတ်တမ်းကိုကြည့်ရင် အင်္ဂလန်က လေးပွဲနိုင်ပြီး ကနေဒါက တစ်ပွဲနိုင်ထားပါတယ်။

၂၀၁၅ ကမ္ဘာ့ဖလားပွဲရဲ့ အုပ်စုပွဲတွေမှာ ကနေဒါဟာ နယူးဇီလန်နဲ့ နယ်သာလန် အသင်းတွေကိုသာ သရေပွဲဖြစ်ခဲ့ပြီး ကျန်ပွဲတွေ နိုင်ပွဲရရှိထားတာမို့ ရှုံးပွဲမရှိသေးတဲ့ ကနေဒါကိုအင်္ဂလန်တို့ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ တိုက်စစ်မထက်မြက်ပေမယ့် ကွင်းလယ်ကစားအားကောင်းပြီးအသင်းလိုက် ညီညွတ်မှုရှိနေတဲ့ ကနေဒါတို့ဟာ အင်္ဂလန်ကို ထိန်းချုပ်ကစားသွားနိုင်ပါလိမ့်မယ်။ ခံစစ်ပိုင်းလည်း အမှားအယွင်းနည်းတဲ့ ကနေဒါတို့ကြောင့် အင်္ဂလန်တိုက်စစ်မှူးတွေ ဂိုးရရှိရေးခက်ခဲပြီး နိုင်ပွဲရရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။ နှစ်သင်းစလုံး ခြေကုန်ထုတ်ကြ မှာဖြစ်ပြီး အင်္ဂလန်တို့ အသာစီးရသွားနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ **မိုးမြင့်လင်းလက်**

## အီတလီကွင်းလယ်ကစားသမား ပီယာလို နယူးယောက်စီးတီးနဲ့ ဆွေးနွေးပြီ

အီတလီနာမည်ကြီး ကစားသမား ပီယာလိုဟာ မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးနဲ့ ဆွေးနွေးနေပြီဖြစ်ပါတယ်။ သဘောတူညီမှုတော့ မရသေးပါဘူး။ ပီယာလိုဟာ အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်နဲ့ တစ်နှစ်သာစာချုပ်ကျန်ပါတော့တယ်။ ဂျူဗင်တပ်စ်က သူ့ကိုထွက်ခွာခွင့်ပြုမယ့် အနေအထားရှိပါတယ်။

အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ ကွင်းလယ်စားသမားကြီး ပီယာလိုဟာ ဇွန် ၆ ရက်က ဘာစီလိုနာကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ အစပွဲထွက် ကစားသမားအဖြစ် ပါဝင်ကစားခဲ့ပါတယ်။ သူဟာ အေစီမီလန်၊ ဂျူဗင်တပ်စ်တို့နဲ့ ကစားစဉ်အတွင်း စီးရီးအေဖလား ခြောက်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ပီယာလိုဟာ အေစီမီလန်အသင်းနဲ့ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ ၂၀၀၆ ခုနှစ်က အီတလီအသင်းနဲ့ ကမ္ဘာ့ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမားကြီးဖြစ်ပါတယ်။





## လီဗာပူးတိုက်စစ်သို့ရောက်လာမယ့် ဟော့ဖန်ဟိန်တိုက်စစ်မှူး

လီဗာပူးဟာ ဟော့ဖန်ဟိန်တိုက်စစ်မှူး ရော်ဘတ်တိုဖာမီနိုကို ဆိုင်းမဆင့်ဘုံမဆင့်ဘဲ ပေါင် ၂၉ သန်းနဲ့ ငါးနှစ်စာချုပ်လိုက်ပါပြီ။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး ဖာမီနိုဟာ ချီလီနိုင်ငံမှာကျင်းပနေတဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းနဲ့အတူ ကစားနေတာပါ။ အဲဒီပြိုင်ပွဲအပြီး လီဗာပူးအသင်းသို့ ရောက်ရှိလာမယ်လို့ဆိုပါတယ်။

ဖာမီနိုဟာ ဟော့ဖန်ဟိန်အသင်းအတွက် ပွဲပေါင်း ၁၅၁ ပွဲမှာ ၄၇ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ အန်ဖီးလ်က ခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲမှာ ဒုတိယဈေးအကြီးဆုံးကစားသမားဖြစ်လာပါတယ်။ အန်ဖီးလ်ကလပ် ဟာ အင်ဒီကာရိုးလ်ကို ၂၀၁၁ ခုနှစ်က နယူးကာဆယ်မှ ပေါင် ၃၅ သန်းနဲ့ စံချိန်တင်ဈေးအမြင့်ဆုံးနဲ့ ခေါ်ယူခဲ့ပါတယ်။ လီဗာပူးဟာ ၂၀၁၄ ခုနှစ်မှာ အဒမ်လာလန်နာကို ပေါင် ၂၅ သန်းနဲ့ ဆောက်သမ်တန်မှ ခေါ်ယူခဲ့ပါတယ်။ ဒီနောက်မှာ ဒန်နီအင်၊ ဂိုးသမား ဘော့ဒန်း၊ နောက်တန်းလူ ဂိုမက်ဇ်၊ ကွင်းလယ်ကစားသမား ဂျိမ်းမီလ်နာတို့ကိုလည်း ခေါ်ယူခဲ့ပါတယ်။ ဖာမီနာဟာ ဘွန်ဒက်စ်လီဂါကလပ်ဟော့ဖန်ဟိန်နဲ့ လေးနှစ်ခွဲကြာကစားခဲ့ပါတယ်။

## အလားအလာကောင်းနေတဲ့ လက်ရှိချန်ပီယံ ဂျပန်

ကနေဒါနိုင်ငံမှာ ကျင်းပနေတဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ လက်ရှိချန်ပီယံ ဂျပန်အမျိုးသမီးအသင်းက ချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်ဖို့ လမ်းကြောင်းပေါ်ကို ရောက်ရှိလာပြီလို့ ဆိုရမှာဖြစ်ပါတယ်။

နာမည်ကြီး နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းလာနိုင်ပြီဖြစ်ပါတယ်။ ဂျပန်အသင်းဟာ ကွာတားဖိုင်နယ်မှာ ဩစတြေးလျအမျိုးသမီးအသင်းနဲ့ တွေ့ရမှာဖြစ်ပါတယ်။ ဒီကွာတားဖိုင်နယ်ပွဲကိုတော့ လာမယ့် ဇွန် ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ကွာတားဖိုင် နယ်တက်လာတဲ့အသင်းတွေထဲမှာ အင်္ဂလန်အမျိုးသမီး အသင်းလည်း ပါဝင်ပါတယ်။ အင်္ဂလန်က အိမ်ရှင်ကနေဒါနဲ့ ကစားရမှာဖြစ်ပါတယ်။

ပြင်သစ်အသင်းက ဂျာမနီနဲ့တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိချန်ပီယံ ဂျပန်အမျိုးသမီးအသင်းဟာ ဗိုလ်လုပွဲကို တက်လှမ်းနိုင်တဲ့အသင်းတွေထဲမှ တစ်သင်းအဖြစ် ရေပန်းစားနေပါတယ်။ ကွာတားဖိုင်နယ်ပြိုင်ပွဲတွေကတော့ အကြိတ်အနယ် ရှိမယ့်ပြိုင်ပွဲတွေပါပဲ။ လက်ရှိချန်ပီယံ ဂျပန်အသင်းအနေနဲ့ ကွာတားအဆင့်မှာ ဩစတြေးလျကို အနိုင်ယူပြီးနောက်တစ်ဆင့် တက်သွားနိုင်ပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်**



# အရစ်ကျစနစ်ဖြင့် ထွန်စက်ဝယ်ယူအသုံးပြုသူ များပြားလာ

**ရေတာရှည် ဇွန် ၂၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအား အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို သမဝါယမဦးစီးဌာနများက အရစ်ကျရောင်းချပေးလျက်ရှိရာ တောင်သူများအနေနှင့် သမဝါယမဦးစီးဌာနများနှင့်ချိတ်ဆက်၍ ထွန်စက်များကို အရစ်ကျစနစ်ဖြင့် ဝယ်ယူအသုံးပြုမှု များပြားလာကြောင်း သိရသည်။

"ကျွန်တော်တို့က ချီဖန်းထွန်စက်ကို ရေတာရှည် သမဦးစီးဌာနနဲ့ ချိတ်ဆက်ပြီးဝယ်တာပါ။ ပထမအရစ် နှစ်ဆယ်ရာခိုင်နှုန်းသွင်းရတယ်။ အားလုံး သိန်းခုနစ်ဆယ်လောက် ကျပါတယ်။ ခုတော့ မိုးရာသီအတွက် စအသုံးပြုနေပါပြီ" ဟု ခင်တန်းကြီးကျေးရွာနေ ကိုမြကျော်လှက ပြောသည်။ ဝယ်ယူထားသောထွန်စက်ဖြင့် မိမိပိုင်လယ်ယာမြေများအား အချိန်တိုအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်သကဲ့သို့ အခြားသောတောင်သူများက ငှားရမ်းသည့်အခါတွင်လည်း တစ်ဧကလျှင် ကျပ် ၂၈၀၀၀ ဖြင့် အငှားလိုက်မောင်းနှင်ရသည့်အတွက် အပိုဝင်ငွေလည်းရရှိနိုင်ကြောင်း ၎င်းက ဆက်လက်၍ ပြောပြသည်။

ရေတာရှည်မြို့နယ်အတွင်းမှ တောင်သူအများစုအနေဖြင့် ယခုနှစ်မိုးရာသီအတွက် ထွန်စက်များကို ဝယ်ယူအသုံးပြုရန် စိတ်ဝင်စားမှုများပြားကာ ရေတာရှည်မြို့နယ်တွင် ထွန်စက်အသေးလေးစီး၊ အလတ်တစ်စီး၊ အကြီးတစ်စီး ရောင်းချထားပြီးဖြစ်ကြောင်း၊ ဆက်လက်မှာယူသည့် တောင်သူများလည်း များပြားလာလျက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**



# ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်း(၁/၂၀၁၅) သံတွဲ၌ဖွင့်

**သံတွဲ ဇွန် ၂၅**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သံတွဲမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်း (၁/၂၀၁၅) ကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ရွှေက အမှာစကားပြောကြားပြီး သံတွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သံတွဲခရိုင် ရွေးကောက်ပွဲအရာရှိ ဦးသိန်းဦး၊ သံတွဲခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးစိုးသန်းနှင့် သံတွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်ကျော်သိန်းတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ နည်းစနစ်များအကြောင်း သိကောင်းစရာများကို ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန့်ဇင်(iprd)**





# အခွန်ဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းပွဲကျင်းပ

**မုံရွာ ဇွန် ၂၅**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက အခွန်အကောက်ဆိုင်ရာ ဥပဒေများအကြောင်း၊ မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးငွန်တောင်းက ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှင်းလင်းပွဲတက်ရောက်သည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

# မြိတ်မြို့နယ်တွင် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**မြိတ် ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ထုတ်ချေးလျက်ရှိရာ ကျေးရွာအုပ်စု (၇)အုပ်စု မှ တောင်သူ ၄၆၁ ဦးသို့ မိုးစပါးစိုက်ဧက ၂၉၈၀ ဧကအတွက် ချေးငွေကျပ် သိန်း ၂၉၈၀ ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ဇွန် ၂၄ ရက် နံနက် ၉ နာရီက မြိတ်မြို့နယ်အတွင်းရှိ အင်မော်ကျေးရွာအုပ်စုမှ တောင်သူ ၃၈၆ဦး၊ မိုးစပါးစိုက်ဧက ၂၂၇၂ ဧကအတွက် ချေးငွေကျပ် ၂၂၇၂ သိန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြိတ်ခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီတွင် မြိတ်မြို့နယ်သို့ ချေးငွေကျပ် ၂၀၁၅၈ သိန်း၊ ကျွန်းစုမြို့နယ်သို့ ချေးငွေကျပ် သိန်း ၄၇၂၀၊ တနင်္သာရီမြို့နယ် သို့ချေးငွေကျပ် ၈၇၂၈ သိန်း၊ ဘုတ်ပြင်းမြို့နယ်သို့ ချေးငွေကျပ် ၆၂၃ သိန်းနှင့် ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့နယ်ခွဲသို့ ချေးငွေကျပ် သိန်း ၅၂၀၊ စုစုပေါင်း ချေးငွေကျပ် ၃၄၇၄၉ သိန်း ထုတ်ချေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများ ထုတ်ချေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၁၀ ဧကနှင့်အောက် တောင်သူများ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အရ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**


**မိဘအမည်မှန်**

မင်းတုန်းမြို့၊ အထက်တန်းကျောင်း ဒုတိယတန်းတွင် ပညာသင်ကြားနေသည့် မောင်အောင်ကောင်းဆက်၏ မိဘအမည်မှန်မှာ ဦးအောင်ကိုကိုဝင်း ၈/မတန(နိုင်)၀၄၁၇၃၁ - ဒေါ်မော်လွင် ၈/မတန(နိုင်)၀၅၃၄၈၂ ဖြစ်ပါသည်။

**ဦးအောင်ကိုကိုဝင်း-ဒေါ်မော်လွင်**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)**
**66KV ဓာတ်အားလိုင်း**
**သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

66KV ဓာတ်အားလိုင်း၊ သံလွင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါလုပ်ငန်းသုံး ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

၁။ Bentonite
၂။ M.S Plate 8mm thick
၃။ တောသစ်(ကောင်းမှု)
၄။ 1.5mm thick M.S Plate (8'x4')
၅။ Chipping
၆။ မြစ်သဲ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအရေအတွက်နှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၆-၆-၂၀၁၅ရက်မှ ၁၂-၇-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)**
**သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

သံလွင်တံတား (ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

၁။ 1.5mm thick 8' x 4' M.S Plate
၂။ Admixture Type G (200 Litter)
၃။ Chipping
၄။ River Sand
၅။ Bentonite
၆။ တောသစ်(ကောင်းမှု)
တောသစ်(ပန်းစုံ)
၇။ Welding Rod 20 kg
၈။ M.S Plate 8 mm thick;
၉။ နုန်းသဲ

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၃-၇-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၄-၇-၂၀၁၅ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအရေအတွက်နှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၆-၆-၂၀၁၅ရက်မှ ၁၂-၇-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမည်မှန်**

ဦးစောမူးဘူ၏သမီး ဘားအံမြို့၊ အထက(၂)မှ ဒုတိယတန်းမှ မအိန်ဂျယ်လင်းအောင်၏အမည်မှန်မှာ နော်အိန်ဂျဲလ်လင်း ဖြစ်ကြောင်း။

**နော်အိန်ဂျဲလ်လင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကျော်သူဟိန်း၏ ID NO. 821002(21-2-2013) Statement နှင့် ကားဓာတ်ပုံများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၀၇၆၂၃၂၀၊ ၀၉- ၂၅၃၆၁၅၅၄၄**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

| | | |
|---|---|---|
| ဒေါ်အေးအေးကြည် | နှင့် | ၁။ ဦးလှကြိုင် |
| အမှတ် ၆၅၊ ရေကူးမြစပယ်လမ်း၊ | | ၂။ ဒေါ်မြသန်း |
| (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | | ၃။ ဒေါ်လှလှ |
| (သို့မဟုတ်) | | ၄။ ဒေါ်မြတင် |
| အမှတ် ၂၈၊ ဝါယာလတ်(၂)လမ်း၊၉ရပ်ကွက်၊ | | ၅။ ဒေါ်တင်ရီ |
| ရေကူး(ရွာမ)တောင်ပိုင်း၊ မရမ်းကုန်းမြို့နယ်၊ | | အမှတ် ၁၂၀၊ ဘုန်းကြီးလမ်း၊ |
| ရန်ကုန်မြို့ | | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၁၂၀ နေ(၁) ဦးလှကြိုင်၊ (၂)ဒေါ်မြသန်း၊ (၃)ဒေါ်လှလှ၊ (၄)ဒေါ်မြတင်၊ (၅)ဒေါ်တင်ရီ တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးအေးကြည်က တရားလိုနှင့် တရားပြိုင်တို့ပြုလုပ်ခဲ့ကြသည့် ကတိပဋိညာဉ်အတိုင်း ၂၅-၁-၁၉၈၀ ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် မြေအရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**မြို့နယ်တရားသူကြီး**
**မရမ်းကုန်းမြို့နယ်တရားရုံး**




ဇွန် ၂၃ ရက် အိုလံပစ်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပရာ ပထမဆုရ၊ တပ်မတော်(ရေ)၊ ဒုတိယဆုရ၊ တပ်မတော်(လေ) အသင်းတို့အား အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်က ဆုချီးမြှင့်အပြီးတွေ့ရစဉ်။ သန်းဆွေ(ပန်းဘဲတန်း)

# မြန်မာ့အားကစားတိုးတက်ရေး အောက်ခြေအဆင့်မှစမည်

**နေပြည်တော် ဇွန် ၂၅**

မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးကို အောက်ခြေအဆင့်ဖြစ်သော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များမှ စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြို့နယ်အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့်ခရိုင်များမှ အကောင်းဆုံးမြို့နယ်များကိုရွေးချယ်၍ စတင်စမ်းသပ်ကျင်းပမည် ဖြစ်ကြောင်း၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Gold Medal Hall ၌ ဇွန် ၂၂ ရက် နံနက် ၉ နာရီက ပြိုင်ပွဲများ လက်ခံကျင်းပမည့် မြို့နယ်တာဝန်ခံများအား အထူးလုပ်ငန်းကျွမ်းကျင် မွမ်းမံသင်တန်း၌ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားခဲ့သည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ အားကစားအဖွဲ့ချုပ်များနှင့်ပူးပေါင်းကာ နေပြည်တော်တွင် အားကစားလေ့ကျင့်ရေးစခန်းများဖွင့်လှစ်၍ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပြိုင်ပွဲများကျင်းပရာတွင် အဓိကအားကစားများဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ မဖြစ်မနေ ထည့်သွင်းကျင်းပပြီး ဒေသအလိုက်မြို့နယ်များ၏ အားသာချက်ရှိသော အားကစားနည်းများကို ထည့်သွင်းကျင်းပနိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အားကစားမှူးများအနေဖြင့် ပြိုင်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကစားဝါသနာရှင်များ၏ အားပေးမှုကြောင့် ဖြစ်ပေါ်လာစေနိုင်သောရန်ပွဲများကို ထိန်းချုပ်နိုင်ရေးစသည်များကို ပို့ချမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကျင်းပ၍ ထွက်ပေါ်လာသော ထူးချွန်အားကစားသမားများအား အားကစား အဖွဲ့ချုပ်များနှင့်ဆက်သွယ်၍ နိုင်ငံ့လက်ရွေးစင်များဖြစ်အောင် ဆောင်ရွက်ပေးရေး၊ ထူးချွန်ကျောင်းသားလူငယ်များကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ အားကစားအကယ်ဒမီများ၊ အားကစားတက္ကသိုလ်များတွင် တက်ရောက်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြို့နယ်များအလိုက်၊ အားကစားနည်းအလိုက်၊ သင်တန်းများစေလွှတ်၍ နည်းပြများစနစ်တကျ ဖွဲ့စည်းထားရှိနိုင်ရေး၊ မြို့နယ်များရှိ စာသင်ကျောင်းများနှင့် ဆက်သွယ်၍ ကျောင်းသားကျောင်းသူများ အားကစားလိုက်စားရေးနှင့် ကျောင်းအားကစားလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး အထူးကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**

# ရတနာပုံဖလားအဆင့်မြင့် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်ရေးဆွဲ

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ဘောလီဘောဆပ်ကော်မတီနှင့် ဘော်လီဘော အားကစားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကကြီးမှူး၍ ၂၀၁၅ ခုနှစ် ပထမအကြိမ် ရတနာပုံဖလားအဆင့်မြင့် ဖိတ်ခေါ်အမျိုးသားဘော်လီဘော ပြိုင်ပွဲအတွက် အသင်းအုပ်ချုပ်သူနည်းပြများ ညှိနှိုင်းဆွေးနွေးပွဲနှင့်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲရေးကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

(က)အုပ်စုတွင် မတယ-စည်ပင်၊ လှိုင်းတက်၊ ဖိုက်တာကင်းနှင့်အား/ကာသိပ္ပံ(က)အသင်း၊ (ခ)အုပ်စုတွင် ရတနာပုံတက္ကသိုလ်၊ နန်းတွင်းလူငယ်၊ အား/ကာသိပ္ပံ(ခ)နှင့် ကာကွယ်ရေး(ခ)အသင်း၊ (ဂ)အုပ်စုတွင် ပြည်ထဲရေး၊ သန့်-စည်ပင်၊ ကာကွယ်ရေး(က)နှင့် ရွှေအိမ်စည်အသင်း၊ (ဃ)အုပ်စုတွင် အောင်ကမ္ဘာ၊ မတ္တရာလူငယ်၊ တောင်ပေါ်သားနှင့် မန္တလာကောလိပ်အသင်းတို့ပါဝင်ကြသည်။ ပြိုင်ပွဲများကို ဇွန် ၂၄ ရက်မှ ဇွန် ၂၆ ရက်ထိ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဗထူးအားကစားခန်းမ၌ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇွန် ၂၄ ရက်တွင် မတယ-စည်ပင်အသင်းနှင့် လှိုင်းတက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

# လူမှုရေးအသင်းများ ဆောင်ရွက်မှု ညှိနှိုင်းစည်းဝေး

**ရှာင် ဇွန် ၂၅**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် လက်ပံပင်ကျေးရွာရှိ အဆိုပါကျောင်း(ခွဲ)၌ ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားသည်။ ရှာင်မြို့နယ်တွင် အခြေခံပညာ အထက ငါးကျောင်း၊ အထက(ခွဲ) နှစ်ကျောင်း၊ အလက နှစ်ကျောင်း၊ အလက (ခွဲ) ၁၄ ကျောင်း၊ အမက ၉၂ ကျောင်းနှင့် အမက (ခွဲ) နှစ်ကျောင်းရှိပြီး အခြေခံကျောင်းပေါင်း ၁၁၇ ကျောင်းရှိကာ အခြေခံပညာ သင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၅၉၈၁ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ထွန်းထွန်းဝင်း(ရှာင်)**

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အခြေခံမဲစာရင်းများကို သက်ဆိုင်ရာရပ်ကွက် ကော်မရှင်ရုံးခွဲများနှင့် နယ်မြေမှူးအိမ်များ၌ ဇွန် ၂၂ ရက်မှစတင်ကာ ဇူလိုင် ၅ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆန္ဒမဲပေးနိုင်သူအရေအတွက်မှာ သုံးသိန်းနှစ်သောင်းကျော်ရှိပြီး ကလေးမြို့နယ်တွင် ၂၁၄၉၀၀၊ ကလေးဝမြို့နယ်တွင် ၃၉၀၀၀ ကျော်နှင့် မင်းကင်းမြို့နယ်တွင် ၇၅၀၀၀ ကျော်ရှိကြောင်း ကလေးခရိုင်ကော်မရှင်ရုံး(ခွဲ)မှ သိရသည်။

မဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်းမရှိပါက ပုံစံများကို သက်ဆိုင်ရာရပ်/ကျေးကော်မရှင်ရုံးခွဲများတွင် ထုတ်ယူနိုင်ပြီး မိမိအမည်ပါဝင်ခြင်းမရှိပါကပုံစံ(၃)ဖြင့်လည်းကောင်း၊ အချက်အလက်များ မမှန်လျှင် ပုံစံ(၄-ဂ) ဖြင့်လည်းကောင်း၊ ကွယ်လွန်ပြီးသူများနှင့် မဲပေးပိုင်ခွင့်မရှိသူများပါဝင်နေလျှင် အထောက်အထားများနှင့်အတူ ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ကြောင်း သိရသည်။

**သျှင်နေမင်း**

**ကချင်ပြည်နယ်**

ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်ထွန်းနှင့် အဖွဲ့ဝင်များသည် မိုးညှင်းခရိုင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့်အတူ ဇွန် ၂၂ ရက်က မိုးညှင်းရပ်ကွက် ကျေးရွာရွေးကောက်ပွဲကော်မရှင်ခွဲအဖွဲ့ဝင်များ ဆောင်ရွက်ထားသော မဲဆန္ဒရှင်များ၏ အမည်စာရင်းထုတ်ပြန်ကြေညာကပ်ထားခြင်း အခြေအနေများကို လိုက်လံစိစစ်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ဝ၆၃)**

**နမ့်ဆန်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများအတွက် လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းများကို ဇွန် ၂၂ ရက်ကစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်/ကျေးရွာအသီးသီးတွင် နေထိုင်ကြသည့် မိဘပြည်သူများအနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် မိမိတို့ရပ်ကွက်/ကျေးရွာများအလိုက် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်သည့်အခါ မိမိတို့အမည် ပါ၊ မပါ သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# အဆင့်မြင့်မင်္ဂလာဈေးသစ်၌ ငါးစင်းမြောက် ဓာတ်လှေကားသစ်တစ်စင်း ထပ်မံတပ်ဆင်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆင့်မြင့်မင်္ဂလာဈေးသစ်၌ ဇွန် ၂၃ ရက် နံနက် ၈ နာရီက ငါးစင်းမြောက် ဓာတ်လှေကားသစ်တစ်စင်းကို စတင်တပ်ဆင်အသုံးပြုခဲ့သည်။

အဆိုပါငါးစင်းမြောက် ဓာတ်လှေကားသစ်တစ်စင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ ဦးဆောင်ကြီးကြပ်ကာ အလှူရှင် ဒေါ်ဝင်းယုသန်းနှင့် ဈေးသူဈေးသားများ၏အလှူငွေတို့ဖြင့် အသစ်ထပ်မံတပ်ဆင်ခဲ့ခြင်းဖြစ်သည်။ အဆင့်မြင့်မင်္ဂလာဈေးသစ်တွင် ယခင် ဓာတ်လှေကားလေးစင်းမှ နှစ်စင်းကို လူစီးသက်သက်ဖြင့် အသုံးပြုနေပြီး ကျန်နှစ်စင်းကို ကုန်တင်/ ကုန်ချတွင် အသုံးပြုလျက်ရှိသည်။ ယခုဖွင့်လှစ်လိုက်သည့် ငါးစင်းမြောက်ဓာတ်လှေကားသည် လူစီးသက်သက်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်း ဓာတ်လှေကားအသစ်သည် အမြင့် ၈၅ ပေရှိပြီး အထပ် ခြောက်ထပ်မြင့် ဓာတ်လှေကားသစ်ကြီးဖြစ်သည်။

အဆင့်မြင့် မင်္ဂလာဈေးသစ်ကို ၁၉၉၂ ခုနှစ် မေ ၃၀ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဇူလိုင် ၅ ရက်မှ စတင်ကာ ဈေးဆိုင်ခန်းများကို စတင်ဖွင့်လှစ်ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့သည်။ အဆိုပါဈေးသစ်ကြီးသည် ၂၀၁၀ ပြည့်နှစ် မေ ၂၄ ရက်က ပေါ့ဆမီးလောင်ကျွမ်းမှုကြောင့် လေးလခန့် ပိတ်ထားခဲ့ရပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ခုနစ်ထောင် အကုန်အကျခံကာ ပြန်လည်ပြုပြင်မှုများ ပြုလုပ်ခဲ့သည်။

ယခုအခါ အဆင့်မြင့် မင်္ဂလာဈေးသစ်ကြီးသည် နိုင်ငံတော်က သတ်မှတ်အားလပ်ရက်၊ အခါကြီးရက်ကြီးများနှင့် ဥပုသ်နေ့တို့တွင်သာ ပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး ကျန်ရက်များတွင် ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်လျက်ရှိသည်။

ယခုဖွင့်လှစ်သည့် အဆင့်မြင့် မင်္ဂလာဈေးသစ်၏ ငါးစင်းမြောက် စက်လှေကားသစ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မိုးမခ



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက် ၇ နာရီခွဲက ရပ်ကွက် ကြီး(၆) မြိုင်ဟေမာဝင်းအတွင်း ကျင်းပရာ ပြင်ဦးလွင် သစ်ထုတ်ရေး ဒေသမန်နေဂျာနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ၊ ပြင်ဦးလွင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး၊ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀၊ ခါတော်မီ ၃၀၀၊ ထင်းရှူး ၃၀၀၊ ယူကလစ် ၃၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(၄၃၂)**

# အရန်မီးသတ် တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

**ပင်လောင်း ဇွန် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများပေးအပ်ရာ အရန်မီးသတ် တပ်ဖွဲ့ဝင်များကိုယ်စား ပင်လောင်းမြို့နယ် နောင်တရားမြို့ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသည်းရောင်အသားဝါ 'စီ' ရောဂါပိုးသေဆေး စားဆေးအသစ် DAA တွေကို သုံးစွဲရမယ့် မြန်မာပြည်ရဲ့လမ်းညွှန် (Guidelines)

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း

ပြီးခဲ့တဲ့အပတ်က ပြောခဲ့တဲ့အတိုင်း အမေရိကန် ဂီလီယက် (Gilead)ကုမ္ပဏီက တရားဝင်လိုင်စင်နဲ့ အိန္ဒိယနိုင်ငံကထုတ်တဲ့ DAA အုပ်စုဝင် နောက်ဆုံးပေါ် စီပိုးသေဆေး ဆိုဖော့စ်ဘူဗီယာ (Sofosbuvir) ကို မြန်မာပြည်မှာ သိပ်မကြာခင်မှာပဲ ရတော့မှာ ဖြစ်ပါတယ်။

**DAA တွေဘယ်တော့ရမှာလဲ**

အိန္ဒိယနိုင်ငံက ထုတ်လုပ်ထားတဲ့ ဆိုဖော့စ်ဘူဗီယာဆေးတွေကို ကုမ္ပဏီတော်တော်များများဟာ မြန်မာနိုင်ငံ FDA ခွင့်ပြုချက်ရဖို့ တင်ထားတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နဲ့ဆေးဝါးကွပ်ကဲမှု (FDA) ဦးစီးဌာနက ခွင့်ပြုလိုက်တာနဲ့ ဆိုဖော့စ်ဘူဗီယာဆေးကို မြန်မာနိုင်ငံမှာ သုံးလို့ရတော့မှာပါ။

ဆိုဖော့စ်ဘူဗီယာဆေးဟာ အစွမ်းထက်ထက်နဲ့ စီပိုးကို သေအောင်သတ်နိုင်တဲ့အတွက် စီပိုးရှိတဲ့ လူနာတွေအများကြီးရဲ့ အသက်ကိုကယ်နိုင်တဲ့ ဆေးတစ်မျိုးဖြစ်ပါတယ်။

ပြီးတော့ အိန္ဒိယနိုင်ငံကနေ ဒီဆေးကို ထုတ်လုပ်တယ်ဆိုတာကလည်း အမေရိကန်နိုင်ငံ ဂီလီယက် (Gilead) ကုမ္ပဏီကနေ ဆေးဝါးထုတ်လုပ်မှုနည်းစနစ်ကို စနစ်တကျလွှဲပြောင်းပေးပြီး တရားဝင်ထုတ်လုပ်ခွင့်ပေးထားတာဖြစ်ပါတယ်။

ဒါကြောင့် အဲဒီအချက်အလက်တွေကို စဉ်းစားပြီး မြန်မာနိုင်ငံ အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ရေးအဖွဲ့အနေနဲ့ ဆိုဖော့စ်ဘူဗီယာဆေး တင်သွင်းခွင့်လိုင်စင်ကို လျင်လျင်မြန်မြန်ပဲ ထုတ်ပေးမယ်လို့ အားလုံးက မျှော်လင့်ထားကြပါတယ်။

နောက်ဖြစ်နိုင်ခြေတစ်ခုကတော့ ဆိုဖော့စ်ဘူဗီယာဆေးကို အိန္ဒိယနိုင်ငံမှာ စတင်ဖြန့်ဝေရောင်းချနေပြီဆိုတော့ မြန်မာနိုင်ငံ FDA က ခွင့်ပြုချက်မရခင်မှာဘဲ မြန်မာနိုင်ငံနယ်စပ်ကိုဖြတ်ကျော်ပြီး ဆိုဖော့စ်ဘူဗီယာဆေးတွေ မြန်မာနိုင်ငံအနှံ့အပြားမှာ ရောက်ရှိလာမယ်လို့လည်း တွက်ထားရပါမယ်။ အဲဒီလိုဆိုဖော့စ်ဘူဗီယာတွေ နေရာတကာမှာ ရောက်ရှိလာတဲ့အခါ ဆရာဝန်များအနေနဲ့ မြန်မာပြည်မှာ စနစ်တကျ ဘယ်လို သုံးစွဲသင့်တယ်ဆိုတဲ့ လမ်းညွှန်မှု (Guidelines) ရှိသင့်ပါတယ်။

**စီပိုးသေဆေးသုံးစွဲမှု မြန်မာလမ်းညွှန်** (Guidelines)

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စီပိုးသေဆေး သုံးစွဲမှုလမ်းညွှန် (Guidelines) တွေ ရေးဆွဲနေတယ်လို့ သိရှိရပါတယ်။

မြန်မာပြည်အတွက် သင့်တော်တဲ့ကုသမှုလမ်းညွှန်ကို ကျွန်တော့်ရဲ့အမြင်နဲ့ ပြောပြချင်ပါသေးတယ်။ စီပိုးဝေဒနာရှင်တွေဟာ စီပိုးအုပ်စု ဘယ်လိုအုပ်စု ဘယ်လိုအမျိုးအစား Genotype ပဲ ဖြစ်ဖြစ် လက်ရှိအခြေအနေကို

(က) ဆိုဖော့စ်ဘူဗီယာ တစ်မျိုးတည်း ရတဲ့ကာလ၊

(ခ) ဆိုဖော့စ်ဘူဗီယာနဲ့ လက်စ်ဒစ်ပါဗီယာတွဲထားတဲ့ ဟာဗိုနီဆေး ရမယ့်ကာလ၊

(ဂ) SOF နဲ့ ဒက်စ်ကလာတက်တစ်ဗီယာဆေးရတဲ့ကာလဆိုပြီး သုံးမျိုးခွဲပြီး ပြောရပါမယ်။

**(က) ဆိုဖော့စ်ဘူဗီယာ DAA ဆေးတစ်မျိုးတည်းရတဲ့ကာလ**

မြန်မာပြည်မှာ DAA စီပိုးသေဆေး၊ စားဆေးအသစ် ဆိုဖော့စ်ဘူဗီယာ တစ်ခုတည်းရနေသေးတဲ့ကာလမှာတော့ ဆိုဖော့စ်ဘူဗီယာဆေးကို ပတ်ဂလိတ်တက် အင်တာဖရွန် (Pegylated interferon) ထိုးဆေး၊ ရိုင်ဘာဗရင်း (Ribavirin) စားဆေးတွေနဲ့ တွဲပြီး သုံးနေရဦးမှာပါ။ အဲဒီလိုတွဲကုတဲ့အခါမှာလည်း ပတ်ဂလိတ်တက်အင်တာဖရွန် ထိုးဆေးဒဏ်ကို ခံနိုင်လား၊ မခံနိုင်လားဆိုတာလည်း စဉ်းစားရဦးမှာပါ။

အဲဒီလို အချက်အလက်တွေကို စဉ်းစားပြီးတော့ မြန်မာပြည်နဲ့အဖြစ်များတဲ့ ဂျီနိုတိုက်တွေပေါ်မူတည်ပြီး စီပိုးသေဆေးကုသမှုလမ်းညွှန်ကို ပြောရမယ်ဆိုရင် ရှင်းရှင်းလင်းလင်းနဲ့ နှစ်ခုပဲရှိမှာပါ။ အဲဒီအကျဉ်းချုံးလမ်းညွှန်မှုစနစ်ကတော့ ဘယ်လိုအုပ်စုအမျိုးအစား ဂျီနိုတိုက်(Genotype)မှာမဆို စီပိုးသေဆေးကုသမှုနည်းစနစ်က နှစ်မျိုးပဲရှိပါမယ်။

**ပတ်ဂလိတ်တက်အင်တာဖရွန် (PEG IFN) ထိုးဆေးဒဏ်ခံနိုင်သူတွေ**


PEG IFN ထိုးဆေးဒဏ်ကို ခံနိုင်သူတွေမှာတော့ PEG IFN ထိုးဆေး၊ ရိုင်ဘာဗရင်း (Ribavirin) စားဆေးနဲ့ ဆိုဖော့စ်ဘူဗီယာ (SOF) စားဆေးသုံးမျိုး တွဲပြီး ၁၂ ပတ်ကုသရမှာပါ။

- PEG IFN ထိုးဆေး တစ်ပတ်တစ်ကြိမ်ထိုး၊
- ထိုင်ဘာဗရင်း(RIBA) စားဆေး နံနက်နှစ်လုံး (400 mg)၊ ညနှစ်လုံး (400 mg) စုစုပေါင်း တစ်နေ့ 800 mg စား၊ ဘော်ဒီဝိတ် 65 kilo ကျော်ရင် တစ်နေ့ 1200 mg စား၊
- ဆိုဖော့စ်ဘူဗီယာ (SOF) ဆေးကို တစ်နေ့ တစ်လုံးစား အဲဒီဆေးသုံးမျိုးကို ၁၂ ပတ် (အကြမ်းဖျင်း သုံးလ) တွဲကုပါ။

**အနှစ်ချုပ်**

PEG IFN တစ်ပတ်တစ်ကြိမ် + RIBA တစ်နေ့ (800mg – 1200 mg) + SOF တစ်နေ့တစ်လုံးစားတွဲပြီး ၁၂ ပတ် (သုံးလ)ကုပါ။

**ပတ်ဂလိတ်တက်အင်တာဖရွန်ထိုးဆေး**




+




**ရိုင်ဘာဗရင်းစားဆေး**

+




**သုံးမျိုးပေါင်း ၁၂ ပတ်**
**ဆိုဖော့စ်ဘူဗီယာစားဆေး**

**ပတ်ဂလိတ်တက်အင်တာဖရွန်** (PEG IFN) **ထိုးဆေးဒဏ်မခံနိုင်တဲ့သူတွေ**

PEG IFN ထိုးဆေးကို သွေးမွှား (Platelet) ၁၀၀ အောက်ရောက်နေတဲ့သူတွေ၊ အသည်းခြောက် အဆင့် (၃) ရောက်နေတဲ့သူတွေ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါလို ရောဂါကြီးကြီးမားမားရှိနေတဲ့သူတွေမှာ သုံးလို့မရပါဘူး။

အဲဒီလို PEG IFN ထိုးဆေးဒဏ်မခံနိုင်တဲ့သူတွေ ရောက်တော့ ဆိုဖော့စ်ဘူဗီယာ (SOF) ခြောက်လနဲ့ ရိုင်ဘာဗရင်း (RIBA) စားဆေးနှစ်မျိုးပဲတွဲပြီး ကုရမှာပေါ့။

- RIBA စားဆေး နံနက် 400 mg၊ ညနေ 400 mg တစ်နေ့ကို စုစုပေါင်း 800 mg ပေးရမယ်။ ဒါပေမယ့် ဘော်ဒီဝိတ် 65 kg ကျော်ရင်တော့ တစ်နေ့ကို 1200 mg ပေးရမှာပါ၊
- SOF စားဆေးကတော့ တစ်နေ့တစ်လုံး အခုပြောခဲ့တဲ့ RIBA နဲ့ SOF စားဆေးနှစ်မျိုးကို တွဲပြီး ၂၄ ပတ် (အကြမ်းဖျင်း ခြောက်လ) ပေးရမှာပါ။

**အနှစ်ချုပ်**

- PEG IFN ထိုးဆေးဒဏ်မခံနိုင်ရင် ဘယ်အုပ်စု ဂျီနိုတိုက်မဆို
- SOF တစ်နေ့တစ်လုံးနဲ့ RIBA စားဆေး တစ်နေ့ (800 -1200 mg) နှစ်မျိုးတွဲပြီး ၂၄ ပတ် (ခြောက်လ) ကုရမှာပါ။

**ဆိုဖော့စ်ဘူဗီယာစားဆေး**




+




**ရိုင်ဘာဗရင်းစားဆေး နှစ်မျိုးပေါင်း ၂၄ ပတ်**

**(ခ) ဆိုဖော့စ်ဘူဗီယာ နဲ့ လက်စ်ဒစ်ပါဗီယာ LADI-SPAVIRနှစ်မျိုးပေါင်း ဟာဗိုနီ (HARVONI) ဆေးရလာတဲ့အခါမှာ**

DAA အုပ်စုဝင် နောက်ဆုံးပေါ် စီပိုးသေဆေး ဆိုဖော့စ်ဘူဗီယာနဲ့ လက်စ်ဒစ်ပါဗီယာ ဆေးနှစ်မျိုးပေါင်းပြီး HARVONI လို့ခေါ်တဲ့ဆေးကို ဂီလီယက် (Gilead) ကုမ္ပဏီကထုတ်လုပ်ပြီး တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဆေးလုံးတစ်လုံးကို မြန်မာငွေကျပ် ၁၀သိန်းလောက် ရောင်းနေပါတယ်။

အဲဒီ DAA ဆေးနှစ်မျိုးကိုပေါင်းပြီး ဆေးပြားတစ်ပြားတည်း ထုတ်ထားတဲ့အတွက် လူနာတွေအနေနဲ့ ဆေးသောက်ရတာ လွယ်ကူပါတယ်။ ဟာဗိုနီဆေးဟာ ဘေးထွက်ဆိုးကျိုးတွေလည်း မရှိသလောက်နည်းပါတယ်။

ဟာဗိုနီဆေး ထုတ်လုပ်ခွင့်လိုင်စင်ကိုလည်း ဂီလီယက်ကုမ္ပဏီကနေ အိန္ဒိယနိုင်ငံက ဆေးကုမ္ပဏီတွေ ကို ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် နောက်တစ်နှစ်လောက်အတွင်းမှာတော့ အိန္ဒိယနိုင်ငံ ဆေးကုမ္ပဏီတွေက ထုတ်လုပ်တဲ့ ဟာဗိုနီဆေး မြန်မာနိုင်ငံကို ရောက်လာမယ်လို့ မျှော်လင့်ရပါတယ်။

ဒီဆေးကိုတော့ တစ်နေ့တစ်လုံး ၁၂ ပတ် (သုံးလ) သောက်ရပါမယ်။ ဒါပေမယ့်လည်း အုပ်စုအမျိုးအစား Genotype (၃) မှာဆိုရင် ၂၄ ပတ် (ခြောက်လ) သောက်ရပါမယ်။ ဒါကြောင့် ဟာဗိုနီဆေးနဲ့ ကုမယ်ဆိုရင်တော့ အုပ်စုအမျိုးအစား (Genotype) သိဖို့လိုပါလိမ့်မယ်။

**အနှစ်ချုပ်**

- ဟာဗိုနီဆေး တစ်နေ့တစ်လုံး (၁၂ ပတ်) သုံးလ သောက်ပါ၊
- အုပ်စုအမျိုးအစား Genotype (၃) ဆိုရင်တော့ တစ်နေ့တစ်လုံး (၂၄ ပတ်) ခြောက်လ သောက်ရမှာပါ၊




**တစ်နေ့တစ်လုံး ၂၄ ပတ်**
**ဆိုဖော့စ်ဘူဗီယာနဲ့ လက်စ်ဒစ်ပါဗီယာနှစ်မျိုးပေါင်း**

- ဒါကြောင့် ဟာဗိုနီနဲ့ကုမယ်ဆိုရင် ဂျီနိုတိုက် သိဖို့လိုပါတယ်။

**(ဂ)ဆိုဖော့စ်ဘူဗီယာစားဆေးနဲ့ ဒက်ကလာတက်တစ်ဗီယာစားဆေးနှစ်မျိုးရတဲ့ကာလ**

အခုအခါမှာ ဒက်ကလာတက်တစ်ဗီယာလို့ခေါ်တဲ့ DAC စားဆေးကို ဥရောပနိုင်ငံတွေမှာ ရနေပါပြီ။ အမေရိကန်နိုင်ငံမှာတော့ မရှိသေးပါဘူး။ ဒါပေမယ့် ဒက်ကလာတက်တစ်ဗီယာ စားဆေးထုတ်လုပ်ခွင့်လိုင်စင်ကို အိန္ဒိယနိုင်ငံတွေကို ပေးလိုက်ပါပြီ။ ဒါကြောင့်မို့လို့ ဒက်ကလာတက်တစ်ဗီယာစားဆေးကို မြန်မာပြည်မှာ တစ်နှစ်လောက်အကြာကာလမှာ ရလာမယ်လို့ မျှော်လင့်ရပါတယ်။

SOF နဲ့ DAC စားဆေးနှစ်မျိုးတွဲပြီးကုတာ ဟာဗိုနီစားဆေးထက် အားသာချက်ရှိပါတယ်။ ဘယ်လိုလဲဆိုတော့ ဟာဗိုနီဆေးဟာ ဂျီနိုတိုက်အုပ်စု ၁၊ ၂၊ ၄၊ ၅၊ ၆ မှာ (၁၂ပတ်) သုံးလကုလို့ရပေမယ်လို့ ဂျီနိုတိုက်အုပ်စု ၃ မှာတော့ (၂၄ပတ်) ခြောက်လ ကုရမှာပါ။ ဒါပေမယ့် SOF နဲ့ DAC တွဲကုတဲ့ စီပိုးသေဆေးကုနည်းမှာတော့ ဘယ်ဂျီနိုတိုက် အမျိုးအစားမှာမဆို (၁၂)ပတ် သုံးလနဲ့ပဲ ကုလို့ရပါတယ်။ ဆိုလိုတာကတော့ SOF နဲ့ DAC တွဲပြီးကုတဲ့ နည်းစနစ်မှာ အကုန်အကျသက်သာချင်ရင် ဂျီနိုတိုက်မစစ်ဘဲကုလို့ရတဲ့ အနေအထားမျိုးပါ။

**အနှစ်ချုပ်**

- SOF နဲ့ DAC တစ်နေ့တစ်လုံးစီ (၁၂) ပတ် သုံးလကုပါ၊
- ဘယ်ဂျီနိုတိုက်မဆို ဒီဆေးနှစ်ခုပေါင်းပြီး (၁၂)ပတ် သုံးလနဲ့ ကုလို့ရပါတယ်၊
- ဂျီနိုတိုက်မစစ်ဘဲကုမယ်ဆိုရင်လည်း ရပါတယ်။




**ဆိုဖော့စ်ဘူဗီယာစားဆေး**

+




**နှစ်ခုပေါင်း ၁၂ ပတ်**
**ဒက်ကလာတက်တစ်ဗီယာစားဆေး**

# WeChatကိုဒေါင်းလုပ်လုပ်ပြီးHuawei P8ကို အခမဲ့ရရှိရန်အခွင့်အလမ်းရှိပါသည်။

WeChat နဲ့ Huawei ပူးတွဲပြီး လက်ဆောင်များပေးနေပါပြီ။ (16.6.2015 မှ 31.7.2015) ထိ တစ်ရက်လျှင် P8 ဖုန်း (၂)လုံး မဲနှိုက်ပေးမှာဖြစ်ပြီး Bluetooth,Headsets,Speaker နှင့် အခြားသော ဆုလက်ဆောင်ပေါင်း ၅၀၀၀၀ ကျော်က သင့်ကိုစောင့်ကြိုနေပါတယ်။




## WeChat ကို ဘာလို့ သုံးရသလဲ

**အမြဲတမ်းအခမဲ့**
နှစ်စဉ်ကြေးပေးစရာမလိုပါ။ တစ်သက်တာအခမဲ့ အသုံးပြုနိုင်သည်။

**Voice call နှင့် Video call အခမဲ့ ခေါ်ဆိုနိုင်ခြင်း**
တစ်ကမ္ဘာလုံးရှိ မည်သည့်နေရာကိုမဆို ကြည်လင်ပြတ်သားသောအသံဖြင့် အခမဲ့ ဖုန်းခေါ်ဆိုနိုင်သည်။

**Group Chat**
လူအယောက်တစ်ရာကျော်ဖြင့် Create လုပ်ကာအုပ်စုဖွဲ့၍ စကား ပြောနိုင်သည်။

**Multimedia Messaging**
ဗွီဒီယို၊ဓာတ်ပုံနှင့် အသံ message များကို ပို့နိုင်သည်။

**Sticker Gallery**
သင့်ရဲ့ စိတ်ခံစားမှုကို ဖော်ပြနိုင်သည့် ပျော်ရွှင်စရာလှုပ်ရှားနေသော Sticker တစ်ထောင်ကျော်ကို အခမဲ့အသုံးပြုနိုင်သည်။ထို Sticker များတွင် သင်နှစ်သက်သော ရုပ်ရှင် နှင့် ကာတွန်းကားတို့မှ ဇာတ်ကောင်များပါဝင်သည်။

**Moments**
သင်၏ အကောင်းဆုံးအချိန်လေးတွေကို ကိုယ်ပိုင်ဓာတ်ပုံတင်သည့် နေရာတွင် မျှဝေနိုင်သည်။

**သူငယ်ချင်းအသစ်များနှင့် တွေ့ဆုံနိုင်ခြင်း**
"Friend Radar" , "People Nearby" & "Shake" Function တို့ကို အသုံးပြု၍ သူငယ်ချင်းအသစ်များကိုတွေ့ဆုံနိုင်သည်။

**အခြားအချက်များစွာ**
WeChat ကိုကွန်ပျူတာဖြင့် အသုံးပြုနိုင်ခြင်း၊နောက်ခံဓာတ်ပုံများ ပြောင်းလဲနိုင်ခြင်း၊အသိပေးချက်ကို ချိန်ညှိနိုင်ခြင်း၊အဖွဲ့လိုက်အသုံးပြုနိုင်သော "Walkie -talkie" Function ထားရှိခြင်း၊တရားဝင်အကောင့်ရှိခြင်းတို့ဖြစ်သည်။

## WeChat အကောင့်မဖွင့်ရသေးသူများအတွက်

1 WeChat ကို download လုပ်လိုက်ပါ။WeChat ကို download လုပ်လိုလျှင် http://www.wechat.com/mm ထဲမှ apk ဖိုင်လေးကိုရှာလိုက်ပါ။(သို့) Mobogenie,1Mobine,Apple's Store ထဲများတွင် ရှာနိုင်ပါသည်။

2 သင့်၏ ဖုန်းနံပါတ်ကို အသုံးပြုပြီး WeChat အကောင့်ကိုဖွင့်လိုက်ပါ။


## WeChat အကောင့်ဖွင့်ပြီးသူများ

1 WeChat ကို ဖွင့်ပြီး WeChat အသင်း (WeChat ID: WeChat MM)

2 WeChat menu ထဲက "free P8" ကိုနှိပ်ပြီး Lucky Draw စာမျက်နှာထဲသို့ဝင်ပါ။

3 အကယ်၍ ကံစမ်းမဲပေါက်လျှင် မြို့တွင်းရှိ Huawei ဖုန်းဆိုင်များသို့သွားရောက်ပြီး ဝန်ထမ်းများ၏ အကူအညီကို တောင်းပြီး ဆုမဲများကို ထုတ်ယူလိုက်ပါ။

* ဆုမဲထုတ်ယူရာတွင် အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက WeChat နှင့် Huawei Company ၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
**Tel; 067-414184, 414223**

# ပုလဲရောင်းချပွဲ

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် Myanmar Pearl Auction (July -2015) ပုလဲများရောင်းချပွဲကို EURO စနစ်ဖြင့် ၂၀၁၅ခုနှစ် ဇူလိုင် ၂၂ရက်မှ ၂၄ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်တွင် ရောင်းချပါမည်။

၂။ မည်သည့်နိုင်ငံသားမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)**
(၀၉း၀၀-၁၆း၃၀) နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း။

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက် (ကြာသပတေးနေ့)**
(၀၉း၀၀-၁၆း၃၀) နာရီ၊ ပုလဲတွဲများပြသကြည့်ရှုခြင်း၊
(၁၅း၀၀) နာရီ တင်ဒါအမှတ် (၁)ပိတ်သိမ်းခြင်း၊
(၁၆း၀၀) နာရီ တင်ဒါအမှတ် (၁)ကြေညာခြင်း။

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက် (သောကြာနေ့)**
(၀၉း၀၀-၁၅း၀၀) နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း၊
(၁၁း၀၀) နာရီ တင်ဒါအမှတ် (၂)ပိတ်သိမ်းခြင်း၊
(၁၂း၀၀) နာရီ တင်ဒါအမှတ် (၂)ကြေညာခြင်း၊
(၁၅း၀၀) နာရီ တင်ဒါအမှတ် (၃)ပိတ်သိမ်းခြင်း၊
(၁၆း၀၀) နာရီ တင်ဒါအမှတ် (၃)ကြေညာခြင်း၊

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)၏ အောက်ဖော်ပြပါ သင်ကြားရေးအထောက်အကူပြု စက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Specification, Catalogue များနှင့်အတူ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| ၁ | ရေသန့်စက် (RO System) |
| ၂ | Crimping Tools |
| ၃ | UBIQUITI Nano Station LOCO M2 Acesspoint |
| ၄ | Desktop Computer Dell (Core i7) |
| ၅ | Laptop (Core i7) |
| ၆ | Digital Oscilloscope (4 Analog Channel) |
| ၇ | Digital White Board |
| ၈ | UPS (Power Tree) |
| ၉ | Computer Table |
| ၁၀ | Bed Stead (single) |
| ၁၁ | Locker |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၈-၇-၂၀၁၅ ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၉-၇၉၁၇၆၁၂၅၅၊ ၀၉-၂၅၅၇၀၀၆၉၆၊ ၀၆၄-၂၄၄၁၇၊ ၂၄၂၁၇**
**ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန

# စိုက်ပျိုးရေးသိပ္ပံပထမနှစ်ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါမြို့များရှိ စိုက်ပျိုးရေးသိပ္ပံများတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် သင်တန်းတက်ရောက်လိုသူများ လျှောက်ထားနိုင်သည်။

| | | |
|---|---|---|
| စိုက်ပျိုးရေးသိပ္ပံ | - | နေပြည်တော်ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ့၊ လုံပီး၊ ကျောက်တော် |

၂။ စိုက်ပျိုးရေးသိပ္ပံသို့ တက်ရောက်ခွင့်ရရှိသူသည် သုံးနှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပြီး ထူးချွန်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်းကို ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်အတွဲဖြင့် အောင်မြင်သူဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၃၁-၈-၂၀၁၅ ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးရ။
(ဂ) ဝန်ထမ်းဖြစ်ပါက စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းအောင်မြင်သူ/ အခြေခံပညာအထက်တန်းကို ဓာတုဗေဒ၊ ရူပဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး လုပ်သက် အနည်းဆုံး(၃)နှစ်ရှိရမည်။ လျှောက်လွှာပိတ်ရက် ၃၁-၈-၂၀၁၅ ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးရ။

၄။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျေးရွာ(သို့)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကိုယ်လက်ကျန်းမာသန်စွမ်းပြီး ကျန်မာရေးကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်၊ စာမေးပွဲအောင်မြင်ကြောင်းနှင့် မွေးသက္ကရာဇ်အတွက် နောက်ဆုံးပညာသင်ကြားခဲ့သော ကျောင်းမှ ကျောင်းအုပ်ကြီး၏ထောက်ခံချက်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ရမှတ်စာရင်းတို့၏(မူရင်းများ)၊ မိဘနှစ်ပါးနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊ အိမ်ထောင်စုဇယားမိတ္တူများကို ပူးတွဲလျက် ၃၁-၈-၂၀၁၅ ရက်ထက် နောက်မကျစေဘဲ နီးစပ်ရာ စိုက်ပျိုးရေးသိပ္ပံများသို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာလုပ်ငန်းဌာနမှတစ်ဆင့် ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၃၊ နေပြည်တော်သို့ ၃၁-၈-၂၀၁၅ ရက်အရောက် နောက်ဆုံးထားပေးပို့ရမည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ စိုက်ပျိုးရေးသိပ္ပံများတွင် ဝယ်ယူလျှောက်ထားနိုင်သည်။

၇။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၁၀၅၇၈၊ ၀၆၇-၄၁၀၅၇၉၊ ၀၆၇-၄၁၀၅၈၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

# ဆေးပညာဒီပလိုမာဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေအပ်ပါသည်-

**ဆေးပညာဒီပလိုမာ (Dip.Med.Sc) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ | ၁နှစ် |
| (ခ) | ကလေးကျန်းမာပညာဒီပလိုမာ | ။ |
| (ဂ) | ရောဂါဗေဒဒီပလိုမာ | ။ |
| (ဃ) | မေ့ဆေးပညာဒီပလိုမာ | ။ |
| (င) | ဓာတ်မှန်ပညာဒီပလိုမာ | ။ |
| (စ) | အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ | ။ |

**ဝန်ထမ်းဆရာဝန်များအတွက် လိုအပ်သောအရည်အချင်းများ**
(က) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။
(ဂ) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် မိမိတာဝန်ကျရာဌာနနှင့် ဒေသတွင် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) အမှတ်စဉ်(စ) သင်တန်းအတွက် သင်တန်းတက်ရောက်ခွင့်ရရှိပါက ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မှ သတ်မှတ်ပေးသော မိမိတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဆေးရုံကြီးများတွင်သာ တက်ရောက်နိုင်သူဖြစ်ရမည်။

**ပြင်ပဆရာဝန်များအတွက် လိုအပ်သောအရည်အချင်းများ**
(က) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်)အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ခ) လက်ရှိတရားဝင် ဆရာဝန်မှတ်ပုံတင်(ဆမ) ကိုင်ဆောင်ထားပြီး (ဆမ)သက်တမ်းတိုးရှိပြီးသူလည်း ဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဘွဲ့လွန်သင်တန်းကြေးများကို ပေးသွင်းရမည်။
(ဃ) အခြေခံအရေးပေါ်ကုသမှု ဆေးပညာဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။
(င) အမှတ်စဉ်(စ) သင်တန်းအတွက် သင်တန်းတက်ရောက်ခွင့်ရရှိပါက ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ သတ်မှတ်ပေးသော တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဆေးရုံကြီးများတွင်သာ တက်ရောက်နိုင်သူဖြစ်ရမည်။

၂။ **မိမိတက်ရောက်ပညာသင်ကြားလိုသော ဘာသာရပ်ကို တိကျစွာဖော်ပြလျှောက်ထားရမည်။**

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၌ ၂၇-၇-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ထုတ်ပေးမည်။

၅။ ဝန်ထမ်းဆရာဝန်များအနေဖြင့် လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ပြင်ပဆရာဝန်များအနေဖြင့် လျှောက်လွှာကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်စာမေးပွဲစစ်ဆေးမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်နေရာ | ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
| ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) | ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် | အင်္ဂလိပ်စာ | ၀၉း၀၀မှ ၁၁း၀၀နာရီ |
| | | ကျွမ်းကျင်ဘာသာရပ် (MCQ) | ၁၃း၀၀မှ ၁၅း၀၀နာရီ |

၇။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်းဆရာဝန်များသည် ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း၊ ပြင်ပဆရာဝန်များသည် ဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀ိ၀/-(ကျပ်တစ်သောင်းတိတိ)ကိုလည်းကောင်း ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD -၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

[**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD -၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။]

၉။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website-http://www.um 1 ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည် (သို့မဟုတ်) ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

# ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့နယ်၊ ကိုးပင်(အထက) နဝမတန်းမှ မကေသွယ်ခိုင်၊ အဋ္ဌမတန်းမှ မဂျူးဂျူးငယ်၊ တတိယတန်းမှ မမေသကြိန်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဆွေ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဆွေ**

# အမည်ပြောင်း

ဦးတင်ဦး-ဒေါ်သန်းသန်းဌေး၏ သမီး အလက(၄)ဆဋ္ဌမတန်းမှ မဆုရတီထက်အား မသျှံလင်းမှုံဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မသျှံလင်းမှုံ**

# ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မိုင်းခတ်ကျေးရွာ အထကခွဲကျောင်း တတိယတန်းမှ မောင်စိုင်းအောင်ခမ်း၊ စတုတ္ထတန်းမှ မောင်စိုင်းဝင်းမော်၊ ပဥ္စမတန်းမှ မအေပန့်တို့၏ ဖခင်အမည်မှန်မှာ ဦးချစ်ထွန်း ၁/ရကန (နိုင်)၀၂၅၅၄၁ ဖြစ်ပါသည်။

**ဦးချစ်ထွန်း**
**မိုးမောက်မြို့နယ်**

# ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် အထက ထောက်ကြန့် တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ဖြစ်ပါကြောင်း။

**ဦးကျော်ကျော် ၅/တမန(နိုင်)၀၂၅၃၉၆**

# ဖခင်အမည်မှန်

ကလေးဝမြို့ အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော မောင်အောင်ဝင်းထွန်း ၅/ကလဝ(နိုင်)၀၄၅၅၁၂၊ တက္ကသိုလ်ဝင်တန်းမှ မဖြူနုစံ၊ ကိုင်းကျေးရွာ အခြေခံပညာမူလွန်ကျောင်း ပထမတန်းမှ မောင်ဖြူလေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်နီဦး(ခ)ဦးကျော်နီဦး ၅/ကလဝ (နိုင်)၀၂၉၇၀၇ ဖြစ်ပါကြောင်း။

**ဦးကျော်နီဦး(ခ)ဦးကျော်နီဦး**
**၅/ကလဝ(နိုင်)၀၂၉၇၀၇**

## ရွှေဥက္ကလာရေသန့်စက်ရုံ
## ယာဉ်မောင်း(၁)ဦးအလိုရှိသည်။

အမှတ်(၁၉)၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်
**ဖုန်း-၀၉-၅၁၆၂၅၀၆**

# တိုက်ခန်းရောင်း/ငှား

တာမွေကလေးရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး NO -၈၆၊ တိုက် AI (မြေညီ-ထောင့်ခန်း)

**ဖုန်း-၀၁-၄၀၀၇၇၈၊ ၀၉-၅၁၃၇၉၃၃**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer table | ၃၀ |
| ၂။ | Stage ခုံ (8'x4'x8') | ၁၀ |
| ၃။ | ကျောင်းသားသုံးစားပွဲ (L5.5'xW15"xH2.5') | ၅၀ |
| ၄။ | ကျောင်းသားသုံးထိုင်ခုံ (L5.5'xW10"xH1.5') | ၅၀ |
| ၅။ | Student Table | ၁၄ |
| ၆။ | Student Chair | ၂၀ |
| ၇။ | ဆရာသုံးစားပွဲ | ၁ |
| ၈။ | ဆရာသုံးထိုင်ခုံ | ၁ |
| ၉။ | Cupboard (Steel, glass door) (6'-3'-1.5') | ၄ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၄-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်) ရုံးဖုန်း-၀၆၁-၂၀၀၂၀၃၊ ၀၆၁-၂၀၀၂၀၄၊ ၀၉-၄၀၁၅၆၆၉၇၇ တို့တွင် စုံစမ်းနိုင်ပါသည်။ သတ်မှတ်ချိန်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ်(၃၉၄)၊ ဧရိယာ(၀ဒသမ ၀၈၂၈ဧက)ရှိ ဦးကြည် အမည်ပေါက် မြေငှားဂရန်မြေကွက်အား ဒေါ်ကြူကြူ ၁၂/သဃက(နိုင်)၀၀၇၁၉၉ (ဘ) ဦးလှမောင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၂)


# တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ချင်းတွင်းတံတား (ကလေးဝ)၏ ရေလည်တိုင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်လျက်ရှိသော 40 Tons Service Crane (Crawler) (၁)စီးနှင့် Working barge (၂)စီးတို့အား မြန်မာကျပ်ငွေဖြင့် ငှားရမ်းလိုပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၉-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၃၀-၆-၂၀၁၅ ရက်၊ နံနက် ၉း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ချင်းတွင်းတံတား (ကလေးဝ) ကလေးဝ ဘက်ကမ်း လုပ်ငန်းခွင် ရှင်းလင်းဆောင်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့နှင့် ချင်းတွင်းတံတား (ကလေးဝ) ကိုင်းဘက်လမ်း လုပ်ငန်းခွင်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၂)**
**ဖုန်း-၀၇၁-၃၀၄၆၂၊ ၀၉-၄၃၀၅၆၁၆၅၊ ၀၉-၈၅၂၂၃၂၅**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၀-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ညနေ ၄း၀၀ နာရီ ၃၀-၆-၂၀၁၅ ရက်(အင်္ဂါနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့**
**ဖုန်း-၀၇၃-၂၁၆၃၆၊ ၂၁၆၃၇**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 7(Q)Gear Box Equipments/IRR/ 2015-2016 | Gear Box Equipments | 1Lot | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၊**
**ရုံးအမှတ် (၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
### အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။
တင်ဒါအမှတ် ၀၁/မထလ-၂၁-ငွေလုံးငွေရင်း (၂၀၁၅-၂၀၁၆)

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | ၃၀ လုံး |
| ၂။ | Cupboard (Steel, glass door)(6'-3'-1.5') | ၄ လုံး |

**ပိတ်မည့်ရက်/အချိန်** ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံများကို အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ) ကျောင်းအုပ်ကြီးရုံးခန်းတွင် တင်ဒါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၆၅၂၁၁၉၂၊ ၀၉-၄၄၄၀၃၇၈၁၁

**အစိုးရနည်းပညာအထက်တန်းကျောင်း**
**မိတ္ထီလာမြို့**

---

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် SCADA, EMS နှင့် ချိတ်ဆက်အသုံးပြုရန်အတွက် လိုအပ်သောဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## တိုက်ခန်းအရောင်းအဝယ်စာချုပ်ပျောက်ဆုံးခြင်း

ကျွန်မ မခင်မေသော် ၁၂/စခန(နိုင်)၀၄၂၅၆၆ ပိုင်ဆိုင်သည့် ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ် ($B_1$) အခန်းအမှတ်(၃၁၂)Type (C1A) အရောင်းအဝယ်စာချုပ်နှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားကြောင်း အကြောင်းကြားအပ်ပါသည်။

**ဖုန်း-၅၀၁၅၃၂၇**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၀)၊ ဦးပိုင်အမှတ်(၃၁)၊ ၃၉×၄၀လမ်းကြား၊ ၅၃×၅၄ကြားရှိ ဦးမြင့်ဦးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမြင့်ဦး ၉/မခန(နိုင်)၀၇၁၉၁၀ မှ မြေချထားမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

Family United Power Co.,Ltd. နှင့် ဦးမြင့်သောင်း
(၎င်းကုမ္ပဏီကိုယ်စား မန်နေဂျာ ဦးဇေယျာတင်)
**တရားလို** **တရားပြိုင်**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရှင်မနရပ်ကွက်၊ ရွှေတောင်ကျော်ရွာ၊ ဟောင်ပါးအုပ်စုနေ တရားပြိုင် ဦးမြင့်သောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို Family United Power Co.,Ltd. (၎င်းကုမ္ပဏီကိုယ်စား မန်နေဂျာ ဦးဇေယျာတင်)က စက်ယန္တရား (၅)စီးပြန်လည်ပေးအပ်စေလိုမှုနှင့် ဒဏ်ကြေးငွေ (နစ်နာကြေးငွေ)အဖြစ် ငွေကျပ် ၂၁၈၈၆၈၅၃၀၀/-(ကျပ်နှစ်ထောင့်တစ်ရာရှစ်ဆယ့်ရှစ်သိန်းခြောက်သောင်း ရှစ်ထောင်ငါးရာ့သုံးဆယ်တိတိ)ရလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၇ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(နီနီ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၄၆**
**ဦးညီပု ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၇၅၀၊ အကျယ်အဝန်း ၂၅ပေ×ပေ၅၀ ဧရိယာ ၁၂၅၀ စတုရန်းပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၇၅၀၊ သုမိတ္တာ ၁၉လမ်း၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော သုံးပင်နှစ်ခန်း၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်အိမ်တစ်လုံးတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညီပု ကျန်ရှိရစ်သည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ် ရရှိထားသူ ဒေါ်ရင်မေက ၎င်းထိန်းသိမ်းခွင့်ရရှိသောရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၇၅၀၊ အကျယ်အဝန်း ၂၅ပေ×ပေ၅၀ ဧရိယာ ၁၂၅၀ စတုရန်းပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၇၅၀၊ သုမိတ္တာ ၁၉လမ်း၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော သုံးပင်နှစ်ခန်း၊ ပျဉ်ခင်း၊ ပျဉ်ကာ၊သွပ်မိုး တစ်ထပ်အိမ် တစ်လုံးတို့ကို ထုခွဲရောင်းချခွင့်နှင့် စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၅ ခုနှစ်ဇူလိုင် ၁၃ရက်(၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်) နံနက်၁၀နာရီတွင် ကြားနာရန်ချိန်းဆိုထားသဖြင့် ထိုကွယ်လွန်သူ ဦးညီပု ကျန်ရှိရစ်သောပစ္စည်းများတွင် တရားဝင်အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အမှုတွင်လာရောက်အမှုဆိုင်လိုပါက အထက်ပါ ချိန်းဆိုထားသောရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ ရောင်းချခွင့်နှင့်စီမံခန့်ခွဲခွင့်ပြုသည့်အမိန့် ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဒေါ်ရင်မေ၏ လျှောက်လွှာအား ကြားနာ၍စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၅ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၈**

ဒေါ်စန်းမြမော် နှင့် ဒေါ်ဆွေဆွေမြင့်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း (၇)လမ်း၊ အမှတ် (၂၆၃)နေ တရားပြိုင် ဒေါ်ဆွေဆွေမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုဝယ်ယူပိုင်ဆိုင်ထားသောမြေနှင့်အိမ်အား ကျူးကျော်ဝင်ရောက် ဖောက်ထွင်းရယူမှုအပေါ် ပြန်လည်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၆၇/၂၊ မြေကွက်တည်နေရာအမှတ် ၆၆၇/၂၊ သန္တာ(၆)လမ်း၊ ဒေါ်သိန်းကြွေ(ကေအိုင်တီ-၀၆၃၂၃၁) အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းကြွေ အပျိုကြီးဘဝဖြင့် (ကွယ်လွန်)၊ အစ်ကိုအရင်းဖြစ်သူ ဦးထွန်းကြိုင် (ကွယ်လွန်)ဇနီးဖြစ်သူ ဒေါ်စိန်(ကွယ်လွန်)၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်ကြည် ၁၂/ဥကမ(နိုင်)၀၆၅၀၁၁က အမည်ပေါက်၏ တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်း-၂၂**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၂၁**

ဒေါ်တင်တင်ခိုင် နှင့် ၁။ဒါဝတ်တားမာမတ်
၂။ ရုကူတားမာမတ်
၃။ ဦးအောင်ရွှေ
**တရားနိုင်** **တရားရှုံးများ**

၁။ ဒါဝတ်တားမာမတ်၊ ၂။ ရုကူတားမာမတ်၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့ (ယခုနေရပ်လိပ်စာမသိသူများ)နှင့် ၃။ ဦးအောင်ရွှေ အမှတ်(၁၂၅)၊ လသာလမ်း၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့ သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်တင်တင်ခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၀ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကြွေ)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဦးကိုကိုနိုင် နှင့် ၁။ ဦးဝင်းစိုး
၂။ ဦးခိုင်ဆွေ(ဒေါ်မယ်မယ်မြင့်၏တရားဝင်ကိုယ်စားလှယ်)
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၄၆၄နေ အမှတ်(၁) တရားပြိုင် ဦးဝင်းစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၈-၇-၂၀၀၂ ရက်စွဲပါ နှစ်ဦးသဘောတူ ၂၀၄/၄၃ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၆ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မိန်ခိန်ဆရာကထောင်ရပ်ကွက် ၄၊ အိမ်အမှတ် ၃၉နေ ဦးဇော်အောင်၏သား ဦးခေါင်မိန်း၁/မကန(နိုင်)၀၄၂၀၉၃နှင့် မြစ်ကြီးနားမြို့ မန်ခိန်ဆရာကထောင်ရပ်ကွက် ၅၊ အိမ်အမှတ် ၁၄နေ ဦးအာလေး၏သမီး ဒေါ်အာဆာမေ ၁/မကန(နိုင်)၀၄၂၀၉၄တို့သည် လွန်ခဲ့သော ၁၉၉၇ခုနှစ်မှစ၍ ကချင်ဓလေ့ထုံးစံ ခရစ်ယာန် ဘာသာအရ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် ၂၀၀၉-၂၀၁၀၌ ကျွန်ုပ်၏မိတ်ဆွေ ဦးခေါင်မိန်း၏ ခွင့်ပြုချက်မရဘဲ အိမ်မှမိမိသဘောဆန္ဒဖြင့်ဆင်းသွားခဲ့ရာ နောက်ပိုင်း နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး လင်ခန်းမယားခန်းပစ္စည်းများလည်း အပြီးအပြတ်ခွဲဝေပြီးဖြစ်ပါသဖြင့် ဒေါ်အာဆာမေနှင့်ပတ်သက်၍ အကြင်လင်မယားအဖြစ် မသက်ဆိုင်ပါသောကြောင့် ၎င်း၏ကိစ္စအဝဝနှင့်ပတ်သက်၍ တာဝန်မယူတော့ပါကြောင်း ဦးခေါင်မိန်း၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညွန့်မောင်**
**B.A (Law) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၂)**
**အကျိုးဆောင်ရှေ့နေများနားနေခန်း**
**မြစ်ကြီးနားမြို့**

---

## မောင်သန်းထိုက်အောင်(ခ)အာပူချန်နှင့်
## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ရာဇဌာနီလမ်း၊ အမှတ် ၁၅/၄၇၉နေ ဒေါ်အေးစိန် ၁၃/ကမန(နိုင်)၀၀၉၁၅၉မှ မောင်သန်းထိုက်အောင်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မောင်သန်းထိုက်အောင်သည် မိခင် ဒေါ်အေးစိန်၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိခင်ကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်ခဲ့ပါသည်။ ထို့ပြင် မောင်သန်းထိုက်အောင်သည် မိခင်သဘောမတူသည့်အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုသွားခဲ့ပါသည်။ ယင်းသို့ အိမ်ထောင်ပြုသွားပြီးနောက်ပိုင်းတွင်လည်း မိခင်ကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးအနှောင့်အယှက်ပြုလုပ်လျက်ရှိပါသည်။

သို့ပါ၍ ဤကြေညာပါသည့်ရက်မှစပြီး မောင်သန်းထိုက်အောင်နှင့် စပ်လျဉ်းသည့် မည်သည့်ကိစ္စရပ်ကိုမဆို မိဘများအနေဖြင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်သန်းထိုက်အောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(ဒေါ်အေးစိန်) ၁၃/ကမန(နိုင်)၀၀၉၁၅၉**

## စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရေနံချောင်းမြို့နေ

(ဦးဇော်ထွန်း - မြို့နယ်ပညာရေးမှူး) + ဒေါ်မြင့်မြင့်သန်း (အထက်တန်းပြ - ငြိမ်း) တို့၏သား

**ဗိုလ်ကြီးငြိမ်းဇော်**

**B.E (Electronics),D.S.T.A**

နှင့်

ရန်ကုန်မြို့နေ

ဗိုလ်မှူးချုပ်ညွန့်တင် (ငြိမ်း) + ဒေါ်တင်တင်ကြည် (ဥက္ကဋ္ဌ ၊ ခင်နန္ဒာ ဗုဒ္ဓဂယာ ဘုရားဖူးကုမ္ပဏီ) တို့၏သမီး

**မခင်ပြည့်ဖြိုး**

**B.A (English) , YUFL**

(မန်နေဂျင်း ဒါရိုက်တာ ၊ ခင်နန္ဒာဗုဒ္ဓဂယာ ဘုရားဖူးကုမ္ပဏီ)

တို့၏ ၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေ)တွင် **Sedona Hotel (Grand Ballroom)** ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ၌ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးပါသော ဖေဖေ ဗိုလ်မှူးချုပ်ညွန့်တင် (ငြိမ်း) နှင့် မေမေ ဒေါ်တင်တင်ကြည် ၊ မင်္ဂလာအောင်စပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးအောင်ထွေး နှင့်ဇနီး ဒေါ်ခင်နှင်းဝေ ၊ မင်္ဂလာလက်ထပ်လက်မှတ်အား ဝတ်ဆင်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးခင်မောင်မြင့် နှင့်ဇနီး ဒေါ်ဝင်းဝင်းနု ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း ၏ဇနီး ဒေါ်သန်းသန်းနွဲ့ ၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ် မင်္ဂလာသဘင် အတိသေကမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာပန်းကြဲပေးပါသော မောင်ချစ်ပိုး (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်) နှင့် မကြည်လဲ့ရွှန်း၊ မင်္ဂလာအောင်စပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မောင်စည်သူဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မစိမ်းလဲ့နှင်း ၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင် ဒေါ် ရီရီသန့် ၊ မိတ်ကပ် ၊ ဆံပင် ၊ မင်္ဂလာဝတ်စုံ နှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မိတ်ကပ် ကိုဘိတ်နှင့် အဖွဲ့ ၊ ပန်းအလှပြင်ဆင်ပေးပါသော **Floral Paradise**၊ **Pre Wedding**၊ ဓါတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးပါသော **7 Picture**၊ မီးအလှပြင်ဆင်ပေးပါသော မီးငယ် **Disco Light** နှင့်အဖွဲ့ ၊ ရေခဲငွေ့ဖန်တီးပေးပါသော **Myanmar Carbonate** ၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော **Dagon** ပုံနှိပ်တိုက် ၊ မင်္ဂလာသတို့သား အရံများအဖြစ် ဆောင်ရွက်ပေးကြပါသော ဗိုလ်ကြီးကျော်မျိုးမင်း၊ ဗိုလ်ကြီးနောင်နောင်လွင်၊ ဗိုလ်ကြီးချမ်းငြိမ်းစိုး ၊ ဗိုလ်ကြီးစိုးလှိုင်ဝင်း ၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော မသီတာနိုင် ၊ မရွှေစင်(အိမ်မက်ဆုံရာ)၊ မယဉ်မွန်ရာစိုး၊ မငုံဝင့်ဟန်တို့အားလည်းကောင်း ၊ **Gandamar Wholesale Grand Ballroom** ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မိတ်ကပ်နှင့်ဆံပင် လုပ်ဖန်တီးပေးပါသော မိတ်ကပ်ကိုဘိတ်နှင့်အဖွဲ့ ၊ ပန်းအလှဆင်မြန်းပေးပါသော **Floral Paradise**၊ အစီအစဉ်တင်ဆက်သူများအဖြစ် ကူညီဆောင်ရွက်ပေးပါသော ကိုပြည့်အောင်ဇော်(**Melody World**) နှင့် မရွှေစင်(အိမ်မက်ဆုံရာ) ၊ ဓါတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော **7 Picture**၊ တေးသီချင်းများဖြင့် ဖျော်ဖြေပေးပါသော **Friendship Music Band** နှင့် တေးသံရှင်တို့အားလည်းကောင်း၊ **Sedona Hotel** နှင့် **Gandamar Wholesale Grand Ballroom** မှ မန်နေဂျာနှင့်အဖွဲ့များ အားလည်းကောင်း ၊ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူရ(၆၃)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ ၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီမှ မန်နေဂျာ နှင့် ဝန်ထမ်းများ ၊ နယ်ရုံးခွဲမှ ကိုယ်စားလှယ်များ ၊ ခရီးသည်ဟောင်းများ၊ မင်္ဂလာလက်ဖွဲ့များကို ပေးပို့ချီးမြှင့်ပေးပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ အားလုံးတို့အား နှစ်ဖက်သောမိဘများနှင့် မင်္ဂလာမောင်နှံတို့မှ အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိ ပါသည်။ မင်္ဂလာအခမ်းအနား၌ တစ်စုံတစ်ရာ အဆင်မပြေမှုများရှိခဲ့ပါက ခင်နန္ဒာ အား ချစ်ခင်စွာမင်္ဂလာပွဲတက်ရောက်ချီးမြှင့်ပေးကြပါသော ခင်နန္ဒာ၏ ခရီးသည်များ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ သူငယ်ချင်းများအနေဖြင့် နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးငြိမ်းဇော် + မခင်ပြည့်ဖြိုး(ခ)မခင်နန္ဒာ

## အမြန်အလိုရှိသည်

တည်ဆောက်ဆဲ အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် Civil Work လုပ်ငန်းများ (အုတ်စီလုပ်ငန်း၊ နံရံချောခြင်းလုပ်ငန်းအပါအဝင်) လုပ်ဆောင်ရန် အတွက် ကျွမ်းကျင်သော သံလျက်ကိုင် ပန်းရံလုပ်သား (၂၀)အထက်ပါဝင်သော ကန်ထရိုက်တာအဖွဲ့များ အလိုရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ- အထွေထွေမန်နေဂျာ**

**အမှတ်(၂၃/စီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊**

**ဖုန်း-၀၁-၈၆၀၅၀၀၃၊ ၈၆၀၅၀၀၄၊ ၈၆၀၅၀၄၄၊ ၈၆၀၅၀၄၅**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်သီတာကျော် ၁၂/သကတ(နိုင်)၀၀၂၀၃၄ ၏ မော်တော်ယာဉ်အမှတ် ၈က/ ၃၄၃၂ တိုရိုတာ ဟိုင်းလတ်ပစ်ကပ် အမျိုးအစားမော်တော်ယာဉ်၏ (ပုံစံ ဃ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၂၁၀၄၀၄၉၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော်သက်ထွန်း CDC-17602 ၏ သင်္ဘောသား BST, MFA, PSC,AFF, AOT, ACT,TF လက်မှတ်များ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၃၁၄၅၈၃၄၁**

### ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအေးသိန်း CDC-11943 ၏ ECDIS လက်မှတ် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၂၅၃၅၄၆၅၀၈**

## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၆၀၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၉၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၅၂၄၅၂ ဟွန်ဒါဝေ့(ဖ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၁၀/ကမရ (နိုင်)၀၄၀၂၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၅၉၁၃၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲသဲဦး ၁၀/သဖရ(နိုင်)၀၈၅၇၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးမောင်ပါ ၁/မကန(နိုင်)၀၁၈၂၄၄နှင့် ဒေါ်ခင်မျိုးသစ် ၁/မကန(နိုင်)၀၁၈၂၄၅ တို့၏သား မောင်သူရအောင် ၁/မကန(နိုင်)၁၁၁၉၇၂သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်း လုံး၀(လုံး၀)သည်းခံပါ။**

**မိဘများ-ဦးမောင်ပါ-ဒေါ်ခင်မျိုးသစ်**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်နွဲ့(ခ)ဒေါ်တင်တင်နွယ်

**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းရိပ်သာလမ်း၊ အမှတ် ၆-Dနေ (ဦးထွန်းညွှာ-ဒေါ်မမလေး)တို့၏သမီး၊ [ဦးစိန်ဖေ(တိုင်းတရားရေးဦးစီးဌာနမှူး၊ ငြိမ်း)]၏ဇနီး၊ (ဦးကျော်စိန်)၊ ဦးဝင်းမြင့်စိန်-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ညိမ်းညိမ်းဖေ(Jujitsu Trading Co.,Ltd.)၊ ဒေါ်ခင်ပြုံးပြုံးဖေ (အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၊ မြန်မာသံရုံး၊ သံရုံးယာယီတာဝန်ခံ၊ သံမှူးကြီး ဦးမျိုးသန့်ဖေ-ဒေါ်မို့မို့လွင်တို့၏မိခင်ကြီး၊ ဒေါက်တာဦးနေအောင်ဖေ၊ ဦးဥက္ကာဖေတို့၏ဘွားဘွားကြီး၊ဒေါက်တာဦးဝင်းမော်-ဒေါ်ခင်နှင်းမွန်၊ ဒေါက်တာဦးမိုးအောင်မော်-ဒေါ်ခင်မြဆွေ(တောင်အာဖရိက)၊ ဦးမေအောင်မော်၊ ဒေါ်ညိမ်းညိမ်းမော်(ဒု-ညွှန်ကြားရေးမှူး၊ စာရင်းအင်းဦးစီးဌာန၊ နေပြည်တော်)၊ ဦးညဏ်ဖြိုးဝင်း(သင်္ဘောအင်ဂျင်နီယာ)၊ ဒေါ်ထိုက်ထိုက်ဝင်း(ကထိက၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)တို့၏ အဒေါ်သည် ၂၄-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၅၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)မှ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်နွယ်(ခ)ဒေါ်တင်တင်နွဲ့

**အသက်(၈၂)နှစ်**

တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၊ မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံ/သံမှူးကြီး ဦးမျိုးသန့်ဖေ-ဒေါ်မို့မို့လွင်တို့၏မိခင် ဒေါ်တင်တင်နွယ်(ခ)ဒေါ်တင်တင်နွဲ့သည် ၂၄-၆-၂၀၁၅ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**
**ဝန်ထမ်းမိသားစုများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသန့်ဇင်(ကန်တော်ကလေး) (UNITEAM MARINE)

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၅၇(ရှစ်လွှာB)နေ(ဦးမောင်မောင်ထွန်း-ဒေါ်ရီရီ)တို့၏သား၊ ဒေါ်သီတာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ကျော်-ဒေါ်သန်းသန်းအေး၊ (ဦးလှမင်း-ဒေါ်ခင်စိန်)၊ (ဦးတင့်ရှိန်-ဒေါ်စမ်းစမ်းအေး)၊ ဦးမြင့်စိုး-ဒေါ်သန်းနွယ်အေး၊ (ဒေါ်သန်းသန်းဝင်း)၊ ဦးရန်နိုင်ထွန်း-ဒေါ်သီသီတို့၏ညီ/မောင်၊ ကိုအေးချမ်းဗိုလ်(2/O,UNTEAM MARINE)-မနန္ဒာမိုးဇင်(UNITEAM MARINE)၊ မပိုးအိဖြူဇင်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊မညင်သာအေးချမ်းဦး၏အဘိုးသည် ၂၅-၆-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာအေးအေးဝင်း အသက်(၄၇)နှစ်

**ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာအေးအေးဝင်း(ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်) အသက်(၄၇)နှစ်သည် ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦး၊**
**ပါမောက္ခဒေါက်တာညိမ်းညိမ်းနှင့် ဆရာ ဆရာမများ**
**ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန**

## ဦးရဲသီဟ(ခ)ရဲကြီး (ထားဝယ်)

**အသက်(၃၂)နှစ်**

ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၀ (ခြောက်လွှာ-A)နေ ဦးမြင့်ကြည် (EE-ရွှေဇင်ယော်သင်္ဘောကုမ္ပဏီ)-ဒေါ်လှသန်းစိန်တို့၏သားကြီး၊ (ဦးစန်းလွင်ဦး)-ဒေါ်သက်သက်နွယ်တို့၏သားသမက်၊ ဒေါ်ခိုင်ဇာလွင်၏ခင်ပွန်း၊ ဦးဇော်အောင်ထူး-ဒေါ်ချောချောဇင်တို့၏အစ်ကို၊ မောင်မိုးပြည့်သန့်(သတ္တမတန်း၊ အထက-၂၊ တာမွေ)၊ မောင်စွမ်းရည်ထက်(ဒုတိယတန်း၊ အမက-၉၊ တာမွေ)၊ မောင်ဖုန်းမြတ်ပိုင်တို့၏ဖခင်၊ မဇင်သူသူဇော်၏ဘကြီးသည် ၂၅-၆-၂၀၁၅ရက် နံနက် ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရီရီ (သထုံ)

**အသက်(၉၃)နှစ်**

ကုန်သွယ်စက်မှုအသင်းချုပ်၊ ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်-ဒေါ်ခင်မေကြည်တို့၏မိခင် ဒေါ်ရီရီသည် ၂၂-၆-၂၀၁၅ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ

**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး ဒေါ်နီနီ အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)-ဒေါ်ရီရီ**
**D.S.A အပတ်စဉ်(၁)**

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ

**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်နီနီသည် ၂၁-၆-၂၀၁၅ရက် စင်ကာပူစံတော်ချိန် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ

**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး၊ လမင်းကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြည်ကြည်ခိုင်၏မိခင်ကြီး ဒေါ်နီနီ အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၅ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Imperial Jade Hotel (Naypyitaw)**
**ဝန်ထမ်းမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စောမြစမ်း

**အသက်(၅၁)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း-ဒေါ်နှင်းနှင်းကိုတို့၏ ညီမ ဒေါ်စောမြစမ်း အသက်(၅၁)နှစ်သည် ၂၅-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရာထမ်း၊ အမှုထမ်းများ**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန**

## ဒေါ်ယဉ်ယဉ်ထွေး

**(ကထိက၊ စိတ်ပညာဌာန၊ ပုသိမ်တက္ကသိုလ်)**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဟားခါး(၃)လမ်း၊ အမှတ် ၁၄၀-ခနေ (ဦးမောင်ခ-ဒေါ်ကြည်)တို့၏သမီးသည် ၂၄-၆-၂၀၁၅ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးရဲသီဟ(ခ)ရဲကြီး(ထားဝယ်) အသက်(၃၂)နှစ်

**အထက(၅)တာမွေ ကျောင်းသားဟောင်း**
**(2nd Year Physics)**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၃၀၊ခြောက်လွှာ(A)နေ ဦးမြင့်ကြည်(EE-ရွှေဇင်ယော်သင်္ဘောကုမ္ပဏီ)-ဒေါ်လှသန်းစိန်တို့၏သားကြီး၊ (ဦးစန်းလွင်ဦး)-ဒေါ်သက်သက်နွယ်တို့၏သားသမက်၊ ဒေါ်ခိုင်ဇာလွင်၏ခင်ပွန်း၊ မောင်မိုးပြည့်သန့်၊ မောင်စွမ်းရည်ထက်၊ မောင်ဖုန်းမြတ်ပိုင်တို့၏ဖခင်၊ ကိုဟိန်းမင်းထွဋ်-မအိအိခင်၊ ကိုထွန်းလင်းအောင်-မခိုင်သဇင်မောင်၊ မဖြူရည်မွန်တို့၏အစ်ကိုကြီးသည် ၂၅-၆-၂၀၁၅ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ထားဝယ်အသင်း

## မဇင်မာဦး(ခ)ဖြူတုပ်

**(ထားဝယ်)**

**အသက်(၂၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နေ ဦးစိုးရှိန်-ဒေါ်မြဝင်းတို့၏ချစ်လှစွာသောသမီးကြီး၊ မောင်မျိုးမင်းဦး၊ မဖေပရယ်စိုး၊ မဇာနည်ဖြိုးတို့၏အစ်မသည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး

## ဦးအောင်သန်း (မော်ဘီ)

**အသက်(၇၂)နှစ်**

ရွှေပြည်သာမြို့နယ်၊ ဝါးတရာကျေးရွာနေ (ဦးခင်စိန်)-ဒေါ်စိန်မြတို့၏သားကြီး၊ ဦးရဲထက် (ဦးစီးအရာရှိ၊ လမ်းအထူးအဖွဲ့-၁၊ မြစ်ကြီးနား)၊ဒေါက်တာဆုမွန်ထက် (ဒုတိယနှစ်၊ ကလေးကျန်းမာ/ပညာ ဆေးတက္ကသိုလ်-၂)တို့၏ ချစ်လှစွာသောဖခင်၊ ဆရာမဒေါ်မြမြ (ရွှေပြည်စိုး၊စိန်ရွှေရတနာဆိုင်၊မော်ဘီ)၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၆-၂၀၁၅ရက် ည၇း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ရီရီ

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ခေမာသီလမ်း၊ သီရိရတနာရိပ်သာ၊ မိကျောင်းကန်အပိုင်း(၃)၊ အမှတ် ၂၄နေ ဦးကျော်မြင့် (ကျောက်ရေတွင်းရော်ဘာခြံ)၏ဇနီး အသင်းဝင်အမှတ် (၈၀၇) ဒေါ်ရီရီသည် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်စဝ်နန္ဒီ (Dolly)

**(တောင်ကြီး ကမ္ဘောဇ ကျောင်းဆရာမဟောင်း)**

**အသက်(၉၀)**

တောင်သိန္နီနယ်(မိုင်းရယ်)စော်ဘွား (စဝ်စုံ-နန်းခမ်းအိမ်)တို့၏သမီး၊ (စဝ်နော်မြ)၏ညီမ၊ (စဝ်ဟန်ယုံ)၏အစ်မ၊ (ဦးအောင်ဖေ၊ ဒုတိယအင်ဂျင်နီယာချုပ်၊ငြိမ်း၊ ကြယ်ငါးပွင့်)၏ဇနီး၊ ဦးမျိုးမြင့်အောင်(Pichitra Aung Thailand)၏မိခင်သည် ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ၅½မိုင်၊ ၆၄၇/၈(ခ) (အင်းလျားဗျူးကွန်ဒို)မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစုများ

## ဒေါက်တာဦးမျိုးအောင်ခင်

**ကျန်းမာရေးဦးစီးဌာန(ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၅လမ်း၊ တိုက် ၁၂၊ အမှတ် ၃-စီနေ (ဒေါက်တာဦးအောင်ခင် - ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးတင်ဝင်း)-ဒေါ်ခင်ခင်နိုင်၊ ပါမောက္ခဒေါက်တာမေဝင်းအောင်ခင်(ပါမောက္ခချုပ်၊ ငြိမ်း၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)တို့၏ ညီ/မောင်၊ ဒေါက်တာဦးမြင့်အောင်ခင်-ဒေါက်တာဒေါ်လှလှချစ်၊ ဦးတင်ထွဋ် (ဒုညွှန်မှူး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန) - ဒေါ်ကြည်ကြည်အောင်ခင်၊ ဦးသိန်းအောင်၊ ဒေါ်မေမြင့်အောင်ခင်၊ [ဦးမျိုးမြင့်အောင်ခင်(MPPE)]၊ဦးသိန်းထွန်း-ဒေါ်မာရီလင်းအောင်ခင် (ဥပဒေအကြံပေး၊ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်)တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး/ဘကြီး၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သီသီအေး

**B.A, Eco:**

**(မူ/လယ်ပြဆရာမ)**

**အသက်(၆၃)နှစ်**

ဦးလှသီ(အလွတ်ပညာသင်ကျောင်းအုပ်-ဒေါ်ခင်အုန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ၁၉/၃၅နေ ဦးသက်ဆွေ (ဒုညွှန်မှူး၊ ငြိမ်း)-ဒေါ်ညိုကြည်၊ (ဦးသီညွှန့်)-ဒေါ်အုန်းကြည်၊(ဦးသီဇော်၊ ဒေါ်နန့်ကျင်လှ)၊ (ဦးဝင်းတင်)-ဒေါ်မြမြသန်းတို့၏ညီမ၊ (ဦးသီထွန်း) ဒေါ်စောရီမြင့် (လက်ထောက်ဌာနမှူး၊ ထုတ်လုပ်ရေးဌာန၊ Y.C.D.C)တို့၏ အစ်မသည်၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၀၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပဏ္ဍိတ (ပဓာနနာယကဆရာတော်)

**အရှေ့ရေမိန်ကျောင်းတိုက်၊ မုံရွာမြို့**
**သက်တော်(၅၅)နှစ်၊ သိက္ခာတော်(၃၂)ဝါ**

မုံရွာမြို့၊ ရုံးကြီးရပ်၊ အရှေ့ရေမိန်ကျောင်းတိုက်နေ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၆ရက်) ၂၂-၆-၂၀၁၅ရက် ညနေ ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်) ၂၆-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါသောကြောင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ရဟန်းနှင့်သာဝကများ

## ဦးအောင်ဟိန်း (ယာဉ်ထိန်းရဲတပ်ကြပ်ကြီး၊ ငြိမ်း)

**(ယုဇနေဂါးဒင်းဟိုတယ်)**

**အသက်(၇၉)နှစ်**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးလှော်-ဒေါ်ဖြူနု)တို့၏သား၊ ပဲခူးမြို့နေ (ဦးဘလှိုင်-ဒေါ်လှကျင်)တို့၏သားသမက်၊ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးအောင်ငြိမ်း-(ဒေါ်သိန်းကြည်)တို့၏ညီ၊ ဦးထွန်းလှကျော်-ဒေါ်နှင်းကေသီ၊ ဒေါ်ခင်နှင်းမူ-(ဦးသန်းတင်)၊ (ဦးရဲအောင်)-ဒေါ်ထွေးငယ်၊ ဦးတင့်ကျော်-ဒေါ်တင်တင်မော်၊ ဦးခင်မောင်ထွန်း(ခေတ္တ-ကိုရီးယား)-ဒေါ်တင်တင်မာတို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၄ယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၆း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၅ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဒဂုံမြို့နယ်၊ ဘုရင့်နောင်လမ်း၊ ၃၉-အေရပ်ကွက်၊ အမှတ် ၃၆၀ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းမြင့်

**မြို့နယ်တရားသူကြီး၊ ပြင်ဦးလွင်မြို့နယ် တရားရုံး**

**အသက်(၆၀)**

တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၁၇၃ (က)နေ ဒေါ်ခင်အေးဆွေ၏ခင်ပွန်း ဦးဝင်းမြင့်သည် ၂၂-၆-၂၀၁၅ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် ကွယ်လွန်သူ၏မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးဝန်ထမ်း**
**လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၅)မှ သူငယ်ချင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးခင်မောင်ဝင်း(လဝက) အသက်(၅၄)နှစ်၏ ဆေးရုံတက်စဉ်နှင့် နာရေးကိစ္စအဝဝတွင် အစအဆုံး ကူညီပေးခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကြည်လင်နှင့်ဇနီး ဒေါ်စုစုအေးသွယ်တို့အားလည်းကောင်း၊ တိုင်း/ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဝမ်းနည်းကြောင်း ပြောကြားသည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးများ၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ လိုက်ပါပို့ဆောင်ပေးပါသော မိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးခင်ဟန်

**အသက်(၉၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အောက်ရွာလေးနေ (ဦးဘိုးစော-ဒေါ်စိန်ခင်)တို့၏သား၊(ဦးကျင်-ဒေါ်လှ)တို့၏သားသမက်၊ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း၊ (ဦးသိန်းဝင်း)-ဒေါ်ခင်ချိုဝင်း၊(ဦးရဲထွဋ်)-ဒေါ်ချိုပြုံး၊ဦးမြင့်စိုး-ဒေါ်ပြုံးပြုံးရီ၊ ဦးတင်ထွန်း-ဒေါ်ခင်မော်လွင်၊ ဦးညီညီထွန်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၄-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ဧရာဝဏ်လမ်း၊ ကွေ့မအိမ်ရာ၊ တိုက် F၊ အခန်း ၂၀၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကြည်ရွှင်

**(ဒေးဒရဲမြို့)**

**အသက်(၅၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၂လမ်း၊အမှတ် ၆၊ ခြောက်လွှာနေ(ဦးညွန့်ဦး-ဒေါ်နှင်းရီ)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်ထွေးရှင်)တို့၏ သားသမက်၊ (ဦးမောင်ကျော်)၊ ဦးမောင်မြင့်၊ ဒေါ်ခင်ငွေး၊ ဒေါ်နှင်းဆီ၊ ဦးမောင်ကြည်၊ ဦးကြည်လင်တို့၏ညီ/မောင်၊ ဒေါ်စန်းလေး၏ချစ်လှစွာသောခင်ပွန်း၊ မဇင်မာ၊ မစုဖြူဇင်တို့၏ဖခင်သည် ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အောင်(ခ) ဒေါ်ရှုဟုန်

**သုံးခွ (စိန်မှန်ကားမှန်လုပ်ငန်း)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ အမှတ် ၄၃၇နေ ဦးစိန်ဝင်း-(ဒေါ်မော်မော်ဝင်း)၊ ဦးစိန်မြင့်-ဒေါ်ကြည်ထွေး၊ ဦးစိန်ဝင်း-ဒေါ်အေးသန်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးမောင်မောင်တင်-ဒေါ်သန်းကြူ၊ ဒေါ်ချိုချိုစမ်း၊ ဦးကျင်တိုးလွင်-ဒေါ်နုနုအေး၊ ဦးဇော်မိုးလွင်-ဒေါ်နှင်းဖြူဖြူစန်း၊ ဒေါ်သင်းသင်းမော်တို့၏မိခင်၊ ဦးဟုန်ကြွက်၏ဇနီး၊ မြေး ၁၉ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၅-၆-၂၀၁၅ရက် နံနက် ၆း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးဝင်း(ခ)ဦးမဏ္ဍာရှင်

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြိတ်လမ်း၊ အမှတ် ၃၆၃နေ (ဦးဘရှင် - ဒေါ်ခင်ရှိန်)တို့၏ သား၊ ဦးလှရွှေ - (ဒေါ်သန်းမြ)တို့၏ သားသမက်၊ (ဦးဖေယျာရှင်-ဒေါ်ခင်မြင့်)၊ ဦးနန္ဒရှင်၊ ဦးသီရိရှင်၊ ဦးစန္ဒရှင်-ဒေါ်မြင့်မြင့်သိန်း၊ ဦးဒေဝရှင်-ဒေါ်နွဲ့နွဲ့စမ်းတို့၏ညီ/မောင်၊ ဦးဝဏ္ဏရှင်-ဒေါ်ခင်မြင့်မြင့်မော်တို့၏အစ်ကို၊ ဒေါ်ငွေငွေလှ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖြိုးစည်သူကျော်၏ဖခင်သည် ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# သဘာဝသစ်တောနှင့် မြေဆီလွှာပြုန်းတီးမှုများ ထိန်းသိမ်းကြရန် ဒေသခံများလိုလား



တောင်သာ ဇွန် ၂၅

တောင်သာမြို့နယ်သည် အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင်ပါဝင်ပြီး ဇွန်လလယ်အထိ မိုးရွာသွန်းမှုမရှိသေးသဖြင့် သောက်သုံးရေ၊ စိုက်ပျိုးသီးနှံနှင့် တိရစ္ဆာန်များအတွက် အစာရေစာပြတ်လပ်ကာ အခက်အခဲများဖြစ်ပေါ်နေသည်။ နိုင်ငံတော်က သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေများ၊ မြစ်ရေတင်စီမံကိန်းများ၊ ဆည်မြောင်း၊ တမံ၊ ကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်သည့် အကျိုးသက်ရောက်မှုများက အညာဒေသများတွင် နှစ်စဉ်ပိုမိုခံစားရကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁

## ထူးကဲ ဒီရေတက်မည် စိုးရိမ်ဖွယ်မရှိ

နေပြည်တော် ဇွန်၂၅

ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄၇ ပေခန့်မှ ၂၀ ဒသမ ၉၀ ပေခန့်အထိ ထူးကဲ ဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၂ ပေခန့်အထိ တက်ဖူးခဲ့သဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။

(မြန်မာ့အလင်း)

## ဇင်းကျိုက်၌ တောင်ကျရေကြောင့် ရပ်ကွက်အချို့နှင့် အဝေးပြေးကားလမ်း ရေလွှမ်း



ပေါင် ဇွန် ၂၅

ပေါင်မြို့နယ် ဇင်းကျိုက်မြို့၌ ဇွန် ၂၅ ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇင်းကျိုက်တောင်ကြောပေါ်မှ တောင်ကျရေများ တစ်ဟုန်ထိုး စီးဆင်းလာပြီး အနိမ့်ပိုင်း လူနေရပ်ကွက်အချို့နှင့် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် အဝေးပြေးကားလမ်းပေါ်တွင် ယာဉ်အသွားအလာများ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။ အဆိုပါ ရေလွှမ်းမိုးရာသို့ ဇင်းကျိုက်မြို့ရှိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ ရောက်ရှိလာပြီး မော်တော်ယာဉ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် လူနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

စိုးစိုးအေး(iprd)




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဇွန် ၂၆ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**ပညာဆီမီး ထိန်ညှိးရောင်ပြ တိုးမြစ်ကမ်းနံဘေးမှာ**

စာ - ၃



လူမှုစီးပွား

**ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ မြစ်ငယ်ရထားလမ်းတံတားသစ် ယခုနှစ်ဒီဇင်ဘာလကုန်အပြီး တည်ဆောက်မည်**

စာ - ၅






# ပရီမီယာလိဂ်ပွဲဦး နှင့် စောင့်ကြည့်ရမည့်မန်ယူ

၂၀၁၅-၁၆ ဘောလုံးရာသီနဲ့ မန်ယူရဲ့လားရာ။ အဲဒါဟာ လတ်တလောမှာ အားလုံးအတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ အရာတစ်ခုလို ဖြစ်မှန်းမသိ ဖြစ်လာတယ်။ အထူးသဖြင့် ၂၀၁၅-၁၆ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပွဲစဉ်ဇယားဟာ မန်ယူအတွက် လွယ်ကူချောမွေ့တဲ့ အရာတစ်ခုမဟုတ်တာနဲ့အမျှ လာမယ့်ရာသီသစ်မှာ မနှစ်ကထက် မြင့်တဲ့အဆင့်မျိုး မန်ယူရနိုင်ယူနိုင်ပါ့မလားဆိုတာ အားလုံးက စိုးတထိတ်ထိတ် ဖြစ်ကုန်ကြတယ်။

ပြောမယ်ဆိုရင် မန်ယူဟာ မနှစ်ကဘောလုံးရာသီမှာ ပရီမီယာလိဂ် ပြိုင်ပွဲအတွင်း ချန်ပီယံဆုရနိုင်ယူနိုင်ခြင်းမရှိသော်ငြား ပရိသတ်ကရော အသင်းအသိုင်းအဝိုင်းကပါ အဲဒီလို အခြေအနေကို လက်သင့်ခံနိုင်ကြတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မန်ယူဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကိုသာအသင်းရဲ့ အဓိက ဦးတည်ချက်အဖြစ် ထားရှိခဲ့တာနဲ့အမျှ အဲဒီချန်ပီယံလိဂ်ဝင်ခွင့်ကို အရယူပေးနိုင်ခဲ့တဲ့ ဗန်ဟားလ်အပေါ် လက်သင့်ခံနိုင်ခဲ့ကြတယ်ဆိုပေမယ့် ကျွမ်းကျင်သူတိုင်းကတော့ လာမယ့်ရာသီမှာ ဗန်ဟားလ်အနေနဲ့ မနှစ်ကထက် ပိုမိုမြင့်မားတဲ့အဆင့်ကို ရှာဖွေပေးနိုင်ဖို့လိုပါတယ်ဆိုပြီး အကောက်အယူလုပ်ကြတယ်။

စာမျက်နှာ ၇

စာမျက်နှာ ၂



**လာလီဂါပြဇာတ်တစ်ခန်းရပ်ပြီး စီးရီးအေမှာ အခြေချတော့မယ့် မန်ဇူကစ်**

စာမျက်နှာ ၇



**ပီတာဆက်ချ်သည် အာဆင်နယ်အတွက် ကောင်းမွန်သည့် ကစားသမား ဝေါ်ယူမှုဖြစ်လာမည်ဟု ဂွန်တယ်ရီပြောဆို**

*ဒီနှစ် နွေရာသီဈေးကွက်မှာ စီးရီးအေရဲ့ အလှုပ်ခတ်ဆုံး အပြောင်းအရွှေ့တစ်ခုကတော့ အက်သလက်တီကိုတိုက်စစ်မှူး မန်ဇူကစ် ဂျူဗင်တပ်စ်အသင်းကို ပြောင်းရွှေ့ကစားခြင်းပဲဖြစ်ပါတယ်။ မန်ဇူကစ်ဟာ ခရိုအေးရှားရဲ့ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့ရာသီမှာ အက်သလက်တီကိုအသင်းနဲ့ စပိန်လာလီဂါ ၂၇ ပွဲမှာ ၁၂ ဂိုးအထိ သွင်းယူထားနိုင်တဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျူဗင်တပ်စ်အသင်းဟာ အသင်းရဲ့ တိုက်စစ်အင်အားအတွက် မန်ဇူကစ်ကို အရခေါ်ယူလိုက်တာလည်း ဖြစ်ပါတယ်။*

# လာလီဂါပြဇာတ်တစ်ခန်းရပ်ပြီး စီးရီးအေမှာအခြေချတော့မယ့် မန်ဇူကစ်

အောင်က



မန်ဇူကစ်အနေနဲ့ ဂျူဗင်တပ်စ်အသင်းကို ပြောင်းရွှေ့ခြင်းဟာ သူ့ကစားသမားဘဝမှာတော့ ခုနစ်သင်းမြောက် အသင်းပြောင်းရွှေ့ခြင်းလည်း ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းကလည်း မန်ဇူကစ်ကို ခေါ်ယူရတဲ့ အဓိကအကြောင်းတရားကတော့ အသင်းရဲ့ တိုက်စစ်ပိုင်းမှာ အားထားနေရတဲ့ တိုက်စစ်မှူး တီဗက်ဇ်ရဲ့ အနာဂတ်တည်ငြိမ်မှုမရှိတဲ့ အခြေအနေတွေကြောင့်လည်း ဖြစ်ပါတယ်။ တီဗက်ဇ်ဟာ ပြီးခဲ့တဲ့ရက်ပိုင်းတွေမှာ သူရဲ့ ကစားသမားဘဝစခဲ့တဲ့ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာ အသင်းကိုပြန်ဖို့ စိတ်ဝင်စားနေတယ်လို့ သတင်းတွေထွက်နေတာကြောင့်လည်းဖြစ်ပါတယ်။ ဒါတွေကြောင့်လည်း ဂျူဗင်တပ်စ်အသင်းအနေနဲ့ အသင်းရဲ့ တိုက်စစ်မှူး တီဗက်ဇ်သာ ထွက်ခွာသွားမယ်ဆိုရင် အသင်းရဲ့ တိုက်စစ်ပိုင်း မပြိုလဲအောင် ကာကွယ်ထားတဲ့အနေနဲ့ မန်ဇူကစ်ကို ခေါ်ယူလိုက်ခြင်းလည်း ဖြစ်ပါတယ်။

မန်ဇူကစ်ဟာ ပရိုကစားသမားဘဝကို ၂၀၀၄ ခုနှစ်မှာ စတင်ဝင်ရောက်ခဲ့တာဖြစ်ပြီး သူ့ရဲ့ငယ်ဘဝကလပ်ဖြစ်တဲ့ မာဆွန်နီးယားဟာ သူ့ရဲ့တိုးတက်မှုတွေ ရရှိခဲ့တဲ့ ပထမဦးဆုံးအသင်းလို့ ပြောရမှာပါ။ သူဟာ အဲဒီအသင်းနဲ့အတူ ပထမဦးဆုံး တစ်ရာသီကစားခဲ့ပြီး နောက်ပိုင်းမှာတော့ သူ့ရဲ့ခြေစွမ်းကြောင့် ခရိုအေးရှားရဲ့ နာမည်ကြီးကလပ်ဖြစ်တဲ့ ဒိုင်နမိုဇာဂရက်က မျက်စိကျခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ ဒိုင်နမိုဇာဂရက်အသင်းကို ၂၀၀၇ ခုနှစ်မှ စတင်ပြောင်းရွှေ့ကစားခဲ့ရပါတယ်။ ဒိုင်နမိုဇာဂရက်အသင်းဟာ သူ့ရဲ့ ကစားသမားဘဝအတွက်တော့ အောင်မြင်မှုတွေ ဖူးပွင့်ရာနေရာ တစ်ခုဖြစ်ခဲ့ပါတယ်။ သူဟာ အဲ့ဒီ အသင်းနဲ့အတူ ပြည်တွင်းဆုဖလားတွေကို ရယူနိုင်ခဲ့သလို ခရိုအေးရှား ပထမတန်းလိဂ်ရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

ဒါတွေကြောင့်လည်း မန်ဇူကစ်ရဲ့ ခြေစွမ်းကို ဥရောပအသင်းတွေက စိတ်ဝင်တစားနဲ့ စောင့်ကြည့်လာခဲ့ကြပါတယ်။ ဒါကြောင့်လည်း ၂၀၁၀ပြည့်နှစ်မှာတော့ ဘွန်ဒက်စ်လီဂါကလပ် ဝုဖ်ဘတ်အသင်းဟာ သူ့ကို ယူရိုခုနစ်သန်းနဲ့ ခေါ်ယူခဲ့ပါတယ်။ သူဟာ ဝုဖ်ဘတ်အသင်းကို စတင်ရောက်ရှိခါစမှာ ပုံမှန်နီးပါး ကစားခွင့်ရပေမယ့် ပွဲထွက်ကစားသမားအဖြစ် မဟုတ်ပါဘူး။ ဒ့ါအပြင် အဲ့ဒီအချိန်တုန်းက ဝုဖ်ဘတ်အသင်းရဲ့ အဓိကတိုက်စစ်မှူးအဖြစ် ဇက်ကိုရှိနေသေးတာကြောင့် သူ့ရဲ့ အခန်းကဏ္ဍဟာ ကောင်းမွန်တောက်ပြောင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် မန်ဇူကစ်ရဲ့ ကံကောင်းခြင်းတွေ တစ်ဖန်ကျရောက်လာခဲ့ပါတယ်။ အဲဒါကတော့ ဇက်ကိုကို ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းက ခေါ်ယူသွားခြင်းပါပဲ။ တိုက်စစ်မှူးဇက်ကို ဝုဖ်ဘတ်အသင်းကနေ ထွက်ခွာသွားခြင်းဟာ မန်ဇူကစ်အတွက်တော့ ရတနာပုံကိန်းဆိုက်တယ်လို့တောင် ဆိုနိုင်ပါတယ်။ ဇက်ကို ထွက်သွားပြီးနောက်ပိုင်းမှာ မန်ဇူကစ်ဟာ ဝုဖ်ဘတ်အသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်လာပြီး အသင်းအတွက် အရေးပါတဲ့ဂိုးတွေ သာမက အောင်မြင်မှုတွေကိုပါ ရယူပေးနိုင်ခဲ့တာတွေကြောင့် အဲဒီအချိန်တုန်းက ဝုဖ်ဘတ်အသင်းရဲ့ ပရိသတ်တွေ ပါးစပ်ထဲမှာတော့ မန်ဇူကစ်ရဲ့ နာမည်ဟာ မပါမဖြစ် ပါနေတာပါပဲ။

အဲ့ဒါတွေကြောင့်လည်း ၂၀၁၂ ခုနှစ်မှာ မန်ဇူကစ်ဟာ ဘွန်ဒက်စ်လီဂါရဲ့ အကြီးကျယ်ဆုံးနဲ့ အအောင်မြင်ဆုံးလို့ ပြောလို့ရတဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ခေါ်ယူခြင်းကို ခံလိုက်ရပါတယ်။ မန်ဇူကစ်ကလည်း ဘိုင်ယန်မြူးနစ်အသင်းကို စတင်ရောက်ရှိခဲ့တဲ့ ပွဲဦးထွက် နှစ်ပွဲမှာပဲ ဂိုးတွေ သွင်းယူပြီး ဘွန်ဒက်စ်လီဂါ ၂၄ ပွဲမှာ ၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဘိုင်ယန်မြူးနစ် အသင်းနဲ့အတူ သမိုင်းဝင်ဆုဖလား သုံးလုံးကိုလည်း ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် နောက်နှစ်မှာပဲ ဘိုင်ယန်မြူးနစ်အသင်းကနေ နည်းပြ ပေးနက်အနားယူခဲ့တာကြောင့် နည်းပြသစ်အဖြစ် ဂွာဒီယိုလာ ရောက်ရှိလာခဲ့ပါတယ်။ ဂွာဒီယိုလာ ရောက်ရှိလာခြင်းဟာ မန်ဇူကစ် အတွက်တော့ ကံကြမ္မာ အလှည့်အပြောင်းဖြစ်စေခဲ့ပါတယ်။ အဲဒါကတော့ ဂွာဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်အသင်းကို ကိုင်တွယ်တဲ့ကစားကွက်ဟာ မန်ဇူကစ်နဲ့ ကိုက်ညီခြင်းမရှိလို့ပါပဲ။ ဒါကြောင့်လည်း မန်ဇူကစ်ဟာ ၂၀၁၄ ခုနှစ်မှာ ဂျာမန်မြေကိုစွန့်ခွာပြီး စပိန်ကို ပြောင်းခဲ့ပါတယ်။

သူဟာ ပြီးခဲ့တဲ့ရာသီမှာ အက်သလက်တီကိုအသင်းကို ရောက်ရှိခဲ့ပြီး ဆုဖလားတွေ မရယူပေးနိုင်ပေမယ့် အသင်းနဲ့အတူ စပိန်လာလီဂါ ၂၇ ပွဲမှာတော့ ၁၂ ဂိုးတော့ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အခုအချိန်မှာတော့ မန်ဇူကစ်ရဲ့ စပိန် ပြဇာတ်ဟာလည်း တစ်ခန်းရပ်ပြီး အီတလီမြေကိုရောက် ခြေချနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းသစ်တွေရောက်တိုင်း အမြဲတမ်း ဂိုးတွေသွင်းယူပေးနိုင်ခဲ့တဲ့ မန်ဇူကစ်ဟာ စီးရီးအေမှာရော ဂိုးတွေ ဆက်လက် သွင်းယူပေးနိုင်မလားဆိုပြီး လူတိုင်းက စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေပါတယ်။ ဒါတင်မကပါဘူး။ ပြည်တွင်းပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေ ရရှိနေပေမယ့် ဥရောပပြိုင်ပွဲတွေမှာတော့ ထင်သလောက် အောင်မြင်မှုမရရှိတဲ့ ဂျူဗင်တပ်အသင်းအတွက် မန်ဇူကစ်ဟာ ဘယ်လောက်တောင် အောင်မြင်မှုတွေ ရယူပေးနိုင်မလဲဆိုတာကိုလည်း စိတ်ဝင်စားစွာနဲ့ မြက်ခင်းစိမ်းတွေပေါ်ကိုပဲ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။



**မန်ဇူကစ်၏ကစားသမားဘဝမှတ်တမ်း**

| အသင်း | ခုနှစ် | ပွဲ | ဂိုး |
|---|---|---|---|
| မာဆွန်နီးယား | ၂၀၀၄-၀၅ | ၂၃ | ၁၄ |
| ဒိုင်နမိုဇာဂရက် | ၂၀၀၇-၁၀ | ၈၁ | ၄၂ |
| ဝုဖ်ဘတ် | ၂၀၁၀-၁၂ | ၅၆ | ၂၀ |
| ဘိုင်ယန် | ၂၀၁၂-၁၄ | ၅၄ | ၃၃ |
| အက်သလက် | ၂၀၁၄-၁၅ | ၂၇ | ၁၂ |

# အေစီမီလန်ကို ပြန်လည်အောင်မြင်လာစေရန် လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ထားကြောင်း နည်းပြ မီဟိုင်းလိုဗစ်ပြောကြား



စီးရီးအေကလပ် အေစီမီလန်အသင်းနည်းပြသစ် ဆီနီဆာမီဟိုင်းလိုဗစ်က သူ့အနေဖြင့် အေစီမီလန်အသင်းကို ဥရောပထိပ်တန်းအသင်း တစ်သင်းအဖြစ် ပြန်လည်ရပ်တည်နိုင်စေရန် လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဆားဘီးယားလူမျိုး နည်းပြ မီဟိုင်းလိုဗစ်(၄၆နှစ်)သည် ပြီးခဲ့သည့် ဇွန် ၁၆ ရက်က အေစီမီလန်အသင်း နည်းပြသစ်အဖြစ် ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ သက်တမ်းရှိစာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ နည်းပြ မီဟိုင်းလိုဗစ်သည် ကာတာနီးယား၊ ဖီအိုရင်တီးနား၊ ဆမ်ဒိုးရီးယားစသည့် ကလပ်များကိုလည်း တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

“အေစီမီလန်လိုအသင်းရဲ့ နည်းပြအဖြစ် တာဝန်ယူချိန်မှာ နိမ့်ပါးတဲ့ ရည်မှန်းချက်မျိုးထားရှိလို့ မရပါဘူး။ ဒီတာဝန်ကို ထမ်းဆောင်မယ်ဆိုရင် ကြီးမားတဲ့ မျှော်လင့်ချက်တွေ၊ ဖိအားတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အေစီမီလန်အသင်းကို ဒီအသင်းနဲ့ထိုက်တန်တဲ့ နေရာတစ်ခုဆီ ပြန်လည်ပို့ဆောင်ပေးနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒီလိုပြုလုပ်ဖို့ဆိုတာက လက်တွေ့မှာတော့ မလွယ်ကူနိုင်ပါဘူး။ ဒါပေမယ့် ဒါကို ကျွန်တော်တို့ အောင်မြင်အောင် လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်”ဟု နည်းပြ မီဟိုင်းလိုဗစ်က ပြောသွားသည်။

အေစီမီလန်အသင်းသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် စီးရီးအေဘောလုံးရာသီတွင် အမှတ်ပေးဇယား၏ အဆင့် (၁၀)နေရာ၌သာ ရပ်တည်နိုင်ခဲ့သည့်အသင်းဖြစ်သည်။

စီးရီးအေချန်ပီယံဆုဖလားကို (၁၈)ကြိမ် ရရှိခဲ့ဖူးသည့် အေစီမီလန်အသင်းသည် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆု ခုနစ်ကြိမ်ရရှိထားကာ ရီးရဲမက်ဒရစ်ပြီးနောက် ဒုတိယ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် အသင်းဖြစ်သည်။

**ဧရာဝတီတိုင်းဒေသကြီး**

# ပညာဆီမီး ထိန်ညီးရောင်ဖြာ တိုးမြစ်ကမ်းနံဘေးမှာ

၂၀၁၅ ခုနှစ် ဇွန်လ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲတိတိအချိန်။

နေရာကား ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ မြတ်ပညာခန်းမဆောင်ကြီးရှေ့ ဘေးပတ်ဝန်းကျင်မှာလည်း သစ်လွင်သော ကျောင်းစိမ်းဝတ်စုံလေးများဖြင့် ရာပေါင်းများစွာ တွေ့မြင်နေရသည့် ကျောင်းသား ကျောင်းသူ လေးများ။ ထိုသို့သော တဒင်္ဂ အခိုက်အတန့်ကာလလေးမှာ ကျွန်တော့်ကိုယ်ကျွန်တော် နေပြည်တော်ကလာခဲ့သည်ဆိုခြင်းကို မေ့လျော့သွားခဲ့မိသည်။ ပြုံးပျော်နေကြသော မြို့မိမြို့ဖများ၊ ကျောင်းသားမိဘများအကြားတွင် ကိုယ်ပါ အပျော်တွေကူးစက်ခံရသည်လားမသိ။ ကိုယ်တိုင် မအူပင်မြို့သား တစ်ယောက်လို ဝမ်းသာပီတိဖြစ်ခဲ့မိသည်။ ယခင် ဟိုက်စကူးကျောင်းမှသည် နှစ်ပေါင်းများစွာ ရပ်တည်လာသည့် ကျောင်း၏ဂုဏ်ရှိန်ကြီးမားထည်ဝါမှုကို လေးစားသည့် စိတ်ကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ထိုနေ့ ထိုအချိန် ထိုနေရာ၌ ကျင်းပခဲ့သော အခမ်းအနားမှာ မအူပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ (ခေါ်) မြတ်ပညာခန်းမဆောင်သစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည့် အခမ်းအနားဖြစ်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်း၊ မအူပင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့/ထောက် ကော်မတီဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက အမှာစကားပြောကြားရာ၌ မိမိတို့ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအစရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မအူပင်ဒေသ၏ ပညာရေးအခြေအနေကို လေ့လာကြည့်သောအခါ မအူပင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး အခြေခံပညာအဆင့်တွင်လည်း အခြေခံပညာ အထက်တန်းကျောင်းလေးကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၁ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) နှစ်ကျောင်းတို့ကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ မြို့နယ်တစ်ခုလုံးတွင် ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်ရသော တွဲဖက်အထက၊ အလကများ မရှိခြင်းသည်ပင်လျှင် ဒေသ၏အားသာချက်တစ်ခုဖြစ်သလို နယ်မြေလူထုက ပညာရေးအပေါ် အလေးထားမှုရှိကြောင်း သတိပြုမိခဲ့သည်။

ထိုနည်းတူစွာ မအူပင်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်ရေး ကျောင်းသားဦးရေနှင့် စာသင်ဆောင်အချိုးညီမျှတစွာရှိရေးတို့အတွက် မအူပင်မြို့ အမှတ်(၉) ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၈) ရပ်ကွက်ရှိ မြနန္ဒာအမက၊ အမှတ်(၁၂) ရပ်ကွက်ရှိ အထက(၂)၊ တလုပ်လပ်အရှေ့ရွာလယ် အမကကျောင်း၊ အမှတ်(၁၀) ရပ်ကွက်ရှိ မဟာဗောဓိအမကကျောင်း တာတပေါ်အထက(ခွဲ)၊ အနောက်ပိုင်းအမက၊ ကုက္ကိုစုကျေးရွာအထက(ခွဲ)၊ ရွှေတောင်မျှော်အမက၊ စကားလွှန်းအလက(ခွဲ)၊ ဘုရားသုံးဆူ စံပြအမက၊ ကိုးအိမ်တန်းအမက၊ ရေလဲတာပေါက်အမက၊ ပြည်တော်သာအမကကျောင်းများတွင် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ထားကြောင်းတွေ့ရသည်။

မအူပင်မြို့၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း တည်ဆောက်ပေးမည်ဖြစ်ရာ ထိုကျောင်းတွင် တက်ခွင့်ရကြမည့် မအူပင်ဒေသမှ လူငယ်လူရွယ်များအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)၊ စစ်ကိုင်းရွာသစ်ကြီးရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့ကို ဆက်လက်ချိတ်ဆက် သင်ယူနိုင်မည့် အခွင့်အလမ်းများ၊ သင်ကြားပေးသော ဘာသာရပ်များ၊ လုပ်ငန်းခွင်ဝင်ရောက်ပြီးနောက် မဟာတန်းမှ ပါရဂူဘွဲ့ရသည်အထိ ဆက်လက်သင်ယူခွင့်ရရန် စီစဉ်ဆောင်ရွက်ပေးနေပုံများကို မြတ်ပညာခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

မအူပင်မြို့အထက(၁)၏ မြတ်ပညာခန်းမဆောင်သစ်ကြီးမဖွင့်လှစ်မီ ထိုနေ့မွန်းလွဲပိုင်းက အနောက်ပိုင်းအမကကျောင်းတွင် ပေ (၈၀ × ၃၀) နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပခဲ့ရာ ထိုရပ်ကွက်မှ မိဘပြည်သူများဝမ်းမြောက်ပျော်ရွှင်စွာ လာရောက်လေ့လာကြည့်ရှုကြသည်ကို တွေ့မြင်ခဲ့ရသည်။ မအူပင်ဒေသမှ ရင်သွေးငယ်များကလည်း ပညာကို ကြိုးစားသင်ယူခဲ့ကြရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ရာခိုင်နှုန်း ၅၂ ဒသမ ၀၁ ရာခိုင်နှုန်း ရရှိခဲ့သည်။ ထိုအထဲတွင်မှ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀၉ ဦး ပေါ်ထွက်ခဲ့သည်။




၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးသည် အောင်ချက် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး (ပထမ) ရရှိခဲ့။

တိုင်းဧရာ၏ ၂၆ မြို့နယ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်သည့် မအူပင်မြို့နယ်သည်လည်း၊ ပညာတန်ဆောင်ဆီမီး ထိန်ထိန်ညီးလျက် ပို၍ လင်းလက်တောက်ပလာမည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးသည် အောင်ချက် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး (ပထမ) ရရှိခဲ့ကြောင်း ကြားသိရ၍ ဧရာဝတီတိုင်းသားတစ်ဦးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိသည်။ တိုင်းဧရာ၏ ၂၆ မြို့နယ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်သည့် မအူပင်မြို့နယ်သည်လည်း ပညာတန်ဆောင်ဆီမီး ထိန်ထိန်ညီးလျက် ပို၍လင်းလက်တောက်ပလာမည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။

**မြင့်စိုး (နတလ)**

---

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

# မိုင်းခတ်၌ ပုလဲသွယ်မျိုးစပါး စိုက်နည်းရှင်းလင်း ဘိန်းအစားထိုးသီးနှံများပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့တွင် ပုလဲသွယ်စပ်မျိုးစပါး ပျိုးပေါင်ဖော်ခြင်းနှင့် မျိုးစေ့ချခြင်းသရုပ်ပြပွဲကို ဇွန် ၂၀ ရက်ကအမှတ်(၂) ရပ်ကွက်ရှိ တောင်သူဦးအိုက်ကျန့်၏ ငါးဧကစိုက်ခင်း၌ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်က သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် မျိုးစပါးကို ပေါင်ဖော်မျိုးစေ့ချခြင်းတို့ သရုပ်ပြကာ ဤသို့ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းကောင်းရရှိနိုင်ကြောင်း ရှင်းပြသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးနှင့် ဥပဒေများကို ရှင်းပြသည်။

အလားတူ သရုပ်ပြခြင်းကိုဇွန် ၁၆ ရက်က မိုင်းနှုန်းနယ်စပ်ရှေ့တန်းစခန်းဝင်း၌ ပြုလုပ်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က ကျေးရွာငါးအုပ်စုအတွက်ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါး ၇၀၀ ကီလို၊ ဗီယက်နမ်စပါးမျိုး တင်း ၃၀၊ အစေ့ထုတ်ပြောင်းမျိုးစေ့ ၇၅ ကီလို၊ မြေပဲမျိုး တင်း ၆၀၊ ပဲပုပ်မျိုး ၁၅ တင်း၊ နံ့သာဖြူပျိုးပင် ၅၀၀၊ ကွန်ပေါင်းနှင့် ယူရီးယားမြေဩဇာအိတ် ၄၀ တို့ ပေးအပ်ရာ မိုင်းနှုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးနန်းကျိုင်းလီက ကျေးဇူးတင်စကားပြောကြားသည်။

ထို့အပြင် ဇွန် ၁၇ ရက်က တောင်သုံးလုံးကျေးရွာတွင် ဘိန်းအစားထိုးနှစ်ရှည်ပင် နံ့သာဖြူစိုက်ခင်း ငါးဧက၌ ကွန်တိုလိုင်းဖော်ခြင်းနည်းစနစ်ကို စိုက်ပျိုးရေးဦးစီးဌာနကရှင်းလင်းခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

မြန်မာ့အလင်း
၂၆-၆-၂၀၁၅ (သောကြာနေ့)

**ပဲခူးတိုင်းဒေသကြီး**

# တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ဆောက်လုပ်ခြင်း ရာနှုန်းပြည့်ပြီးစီး



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အနောက်ဘက် ငါးမိုင်ခန့်အကွာ တောင်ငူတက္ကသိုလ်ဝင်းအတွင်း၌ တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမဆောင်သစ်ကြီးကို ငွေကျပ်သိန်းပေါင်း ငါးသောင်းအသုံးပြုကာ ၂၀၁၃ ခုနှစ် ဇွန်လမှစတင်၍ မြေဧက ၂၅၈ ဒသမ ၈၅ ဧက အကျယ်အဝန်းအတွင်း၌ မြေပြင်ရှင်းလင်းပြီး စတင်ဆောက်လုပ်ခဲ့ရာ ယခုတွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ဇူလိုင်လပထမပတ်ထဲတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း တောင်ငူတက္ကသိုလ်သတင်းနှင့်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမပါဝင်သော (၂၅၆×၂၄၆) ပေ အကျယ် သံကူကွန်ကရစ်သုံးထပ်ပင်မ စာသင်ဆောင်ဆောက်လုပ်ခြင်းကို ရောရွှေဝါဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ အဆိုပါသုံးထပ်စာသင်ဆောင်ကြီးတွင် စာသင်ဆောင်နှစ်ခုအကြား အလယ်တွင် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးကို တည်ဆောက်ထားပြီး အားကစားရုံလည်းပါဝင်သည်။ တောင်ငူတက္ကသိုလ်ကြီးတွင် ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမနှင့် ဝန်ထမ်းအင်အား ၄၄၇ ဦးရှိပြီး ယခုနှစ်ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၄၀၀၀ ခန့် ပညာသင်ကြားနေကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**

**တနင်္သာရီတိုင်းဒေသကြီး**

# ကျွန်းစုမြို့နယ်တွင် ဒေသခံပြည်သူများအတွက် လမ်းတံတား၊ မီးလင်းရေး၊ ရေ လုပ်ငန်းများဆောင်ရွက်လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၈၁ ဒသမ ၂၂၄ ဖြင့် ဒေသခံပြည်သူများအတွက် လမ်း၊ တံတား၊ မီးလင်းရေး၊ ရေပေးရေးနှင့်သန့်စင်ခန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ကတ္တလူကျေးရွာလမ်းအရှည် ဝ/၂ ဒသမ ၁၈ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၃၁ ဒသမ ၇၂၄ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ရေကန်ပေါင်ကျေးရွာတွင် အရှည်ပေ ၂၄၀ ရှိ ဆိပ်ခံတံတား(ကွန်ကရစ်တိုင်၊ I.Beam သစ်သားခင်း)ခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၂၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ကော့ကနင်း၊ ဖိနပ်ကျွန်း၊ ဗတာကာ၊ မစမ်းပါး၊ ချောင်းကြီးဝယ် ကျေးရွာတို့၌ ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်ရန် ဆိုလာ ၅၀၈ ခုအတွက် ငွေကျပ်သန်းပေါင်း ၁၀၁ ဒသမ ၆ သန်းနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျွန်းစုမြို့နယ်အတွင်းရှိ မရွှေဦး၊ မနွယ်၊ တောပြား၊ မောင်းလှေ့၊ ပဲ့တိုင်၊ ဆီဒုံး၊ မိုင်းသွေး၊ ကံမော်၊ တောကာကျေးရွာတို့၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းကိုးခုအတွက် ငွေကျပ်သန်း ၁၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့နောက် ကျွန်းစုမြို့နယ်အတွင်းရှိ သဲချောင်း၊ အုတ်ဖိုမော်၊ မရမ်းချောင်း၊ ကဘင်ချောင်း၊ ရေကန်အော်၊ တောနောက်လယ်၊ ကတ္တလူ၊ စခန်းသစ်၊ ညောင်ဘီး၊ ကမ်းကြီး၊ ပဲ့တိုင်၊ မိုင်းသွေး၊ ဒုံးပုလဲအော်ကျေးရွာတို့၌ လေးခန်းတွဲ သန့်စင်ခန်း ၁၃ လုံးအတွက် ငွေကျပ် ၅၅ ဒသမ ၉ သန်း အကုန်အကျခံ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွန်းဦး၏ ပြောပြချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

**မန္တလေးတိုင်းဒေသကြီး**

# မိတ္ထီလာ ရှမ်းတဲကျေးရွာတွင် ဥယျာဉ်ခြံနှင့်ကိုင်းသီးနှံတွဲဖက်လုပ်ကိုင်သူများ လူမှုစီးပွားအဆင်ပြေ

မိတ္ထီလာမြို့နယ် ရှမ်းတဲ(စံပြ)ကျေးရွာတွင် ဥယျာဉ်ခြံနှင့် ကိုင်းသီးနှံဘက်စုံစိုက်ပျိုးတွဲဖက်လုပ်ကိုင်သူများ လူမှုစီးပွားဘဝ အဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးမြေခုနစ်ဧကခန့်ဖြင့် ၎င်းလုပ်ငန်းလုပ်ကိုင်နေသည့် ဒေသခံတောင်သူ ဦးဘိုရွှေထံမှ သိရသည်။

“လယ်ယာစိုက်ပျိုးတဲ့လုပ်ငန်းက စိုက်ပျိုးရေအတွက် မိုးကိုမျှော်ပြီး စိုက်ပျိုးရပေမယ့် ဥယျာဉ်ခြံနဲ့ကိုင်းသီးနှံစိုက်ပျိုးတာက ကိုယ်ပိုင်မြေအောက်ရေတွင်းတူးပြီး စိုက်ပျိုးတာဆိုတော့ မိုးကိုမျှော်စရာမလိုဘူး။ ပြီးတော့ နှစ်ရှည်လုပ်ကိုင်တဲ့လုပ်ငန်းမို့ ရင်းနှီးစရိတ်ရှုံးတာမျိုးမရှိဘူး။ အခုကျွန်တော့်ဥယျာဉ်ခြံနှစ်ဧကထဲမှာ သံပရာ၊ သရက်၊ ပိန္နဲ၊ အုန်းကို အဓိကထားစိုက်ပျိုးထားတယ်။ သံပရာအပင် ၅၀၀ စိုက်ပျိုးထားပြီးတော့ အဲဒီကနေ တစ်နှစ်ကို ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀ လောက်အထိဝင်ငွေရရှိပါတယ်။

အရင်ကဆို တစ်နှစ်ကိုသံပရာသီးက ရတဲ့ဝင်ငွေက သိန်း ၅၀၊ ၆၀ လောက်ထိရှိတယ်။ အခုနောက်ပိုင်းသံပရာကို စိုက်ပျိုးတဲ့သူများလာလို့ ဈေးနှုန်းကျပြီး ငွေကျပ် ၂၅ သိန်း၊ သိန်း ၃၀ လောက်ပဲရရှိတော့တယ်”ဟု ၎င်းကပြောသည်။

ရှမ်းတဲ(စံပြ)ကျေးရွာရှိ တောင်သူဦးဘိုရွှေမှာ ဥယျာဉ်ခြံမြေ နှစ်ဧကနှင့်အတူ အခြားကိုင်းသီးနှံများဖြစ်သည့် ပြောင်းဖူး၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ခရမ်းချဉ်၊ ငရုတ်၊ မုန်ညင်း၊ ဆလတ်၊ ဘူးစသည်တို့ကိုလည်း စိုက်ပျိုးမြေ ငါးဧကခန့်ဖြင့် မိသားစုခုနစ်ဦးက ဝိုင်းဝန်းလုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးမြေတစ်ဧကကို ရင်းနှီးငွေကျပ်သုံးသိန်း ခန့်ကုန်ကျပြီး သီးနှံအောင်မြင်ထွက်ရှိရောင်းချပြီးချိန်တွင် ရင်းနှီးငွေကျပ် သုံးသိန်းအပြင် အကျိုးအမြတ် ငွေကျပ်လေးသိန်းမှ ငါးသိန်းအထိ စိုက်ပျိုးလုပ်ကိုင်သူအတွက် ကျန်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**





**စစ်ကိုင်းတိုင်းဒေသကြီး**

# မြင်းဒေါင်း-မုံလှ-မူးဆုံ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းပေါ် ကတ္တရာထပ်ပိုးလွှာခင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြင်းဒေါင်း-မုံလှ-မူးဆုံကျေးရွာချင်းဆက် ကွန်ကရစ်လမ်းမှာ ၂၀၀၉ ခုနှစ်က အလှူရှင်မှ ခင်းကျင်းပေးထားရာ ယခုအချိန်တွင် ပျက်စီးနေသဖြင့် ပြန်လည်ပြုပြင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကတ္တရာ ၁၀ တန်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇွန် ၂၂ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်လမ်းဦးစီးဌာနတို့က အလှည့်ကျကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းအရှည်မှာ ရှစ်မိုင် သုံးဖာလုံရှိရာ ယခင်က တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ကတ္တရာများ ထောက်ပံ့ပေးထားပြီး ခြောက်မိုင်အထိ ကတ္တရာခင်းပြီးဖြစ်၍ ကျန်ရှိနေသေးသောလမ်းကို ဆက်လက်ခင်းနိုင်ရေးအတွက် ထောက်ပံ့ပေးကြောင်း သိရသည်။

**ခင်ဦး-စိုးဝေ**

**နေပြည်တော်ကောင်စီနယ်မြေ**

# မကြာမီပေါ်ထွက်လာမည့် အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာကြီးတွင် ဘိုးဘွားများအား ပြုစုစောင့်ရှောက်ခြင်းဖြင့် ကုသိုလ်ကောင်းမှုယူကြပါစို့

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဘောဂသီရိကားဝင်းအနီးရှိ ဘောဂဝတီရပ်ကွက်တွင် ကိုယ်ပိုင်မြေ ခြောက်ဧကကိုအရင်းတည်ကာ ၁၆-၂-၂၀၁၅ နေ့မှစတင်ပြီး အေးငြိမ်းချမ်းသာ ဂိလာန ဘိုးဘွားရိပ်သာအဆောက်အအုံကို ကျပ်သိန်းပေါင်း နှစ်သောင်းငါးထောင် အကုန်အကျခံကာ ပျဉ်းမနားမြို့နေ ဦးစိုးတင့် (စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်) က တစ်ဦးတည်း မတည်အလှူရှင်အဖြစ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အေးငြိမ်းချမ်းသာ ဂိလာန ဘိုးဘွားရိပ်သာအဆောက်အအုံကြီးမှာ အာရ်စီ ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး အဘိုးအဘွား ၁၀၀ ဆံ့အဆောင်များ၊ စားသောက်ခန်း၊ နားနေခန်း၊ ဧည့်ခန်း၊ ဆေးကုသခန်း၊ အုပ်ချုပ်မှုအဆောင်များအပြင် မြေအောက် ပေ ၅၀၀ အဝီစိတွင်းနှင့် ရေဂါလန် ၅၀၀၀ ဆံ့ ရေစင်ပါဝင်လျက်ရှိသည်။ ထို့အပြင် ဂိလာနဘိုးဘွားရိပ်သာကြီးတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနေထိုင်ရန်အတွက် သုံးထပ်ဆောင်သံကူကွန်ကရစ် အဆောက်အအုံနှစ်လုံးကိုပါ သီးခြားဆောက်လုပ်လျက်ရှိပေသည်။ ဂိလာနအဘိုးအဘွားများကို စောင့်ရှောက်ကူညီမှုပေးနိုင်ရန် သူနာပြုဝန်ထမ်း ၁၀ ဦးကို ကြိုတင်ရွေးချယ်ခဲ့ပြီး ရန်ကုန်မြို့ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ သင်တန်းခြောက်လ တက်ရောက်နိုင်ရေးအတွက် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ပေးထားပြီးဖြစ်သည်။

အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ အဆောက်အအုံကြီးဆောက်လုပ်ပြီးစီးပါက အလှူရှင်မှ ဂိလာနဘိုးဘွားရိပ်သာလုပ်ငန်းများ ရေရှည်လည်ပတ်ဆောင်ရွက်လုပ်ကိုင်ရန် ရည်ရွယ်ပြီး (ကျပ်သိန်းပေါင်း နှစ်သောင်းငါးထောင်တိတိ) အရင်းတည်၍ စီးပွားရေးလုပ်ငန်းတစ်ခု မတည်ထားကာ ရရှိလာမည့် ငွေကြေးအကျိုးအမြတ်များဖြင့် ဂိလာနဘိုးဘွားရိပ်သာကြီး အစဉ်ထာဝရတည်မြဲသွားနိုင်စေရန် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာကြီးတွင် မသန်မစွမ်းအဘိုးအဘွားများ၊ နာမကျန်းဂိလာန အဘိုးအဘွားများ၊ မျက်စိမမြင်ဂိလာနအဘိုးအဘွားများ၊ ခိုကိုးရာမဲ့ ဂိလာနအဘိုးအဘွားများအားလုံး သာယာဖြောင့်ဖြူးအေးငြိမ်းချမ်းသာစွာဖြင့် နောက်ဆုံးနေဝင်ချိန်အထိ စိတ်ချမ်းသာမှုရရှိစေရေးအတွက် အဘက်ဘက်မှ လိုနေသေးမရှိအောင် အနီးကပ်ပြုစုစောင့်ရှောက်သွားရန် ကျွမ်းကျင်ဆရာဝန်ကြီးများ၊ သူနာပြုများ၊ အုပ်ချုပ်မှုကော်မတီများ၊ ဝန်ထမ်းများခန့်အပ်ပြီး ပြုစုစောင့်ရှောက်သွားမည်ဖြစ်သည်။ ၎င်းအပြင် အဘိုးအဘွားများ ဘုရားဖူးသွားနိုင်ရန် မော်တော်ယာဉ်များဖြင့် စီစဉ်ပေးသွားမည်ဖြစ်သလို၊ အဘိုးအဘွားအရေးပေါ်နာမကျန်းဖြစ်ပါက လူနာတင်ယာဉ်များ၊ Dead Body တင်ယာဉ်များ အဆင်သင့်ထားရှိသွားမည်ဖြစ်၍ အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာကြီးရှိ အဘိုး အဘွားများအနေဖြင့် အိပ်ရာပေါ်၌ အပြုံးပီတိဝေဆာလျက် အေးငြိမ်းချမ်းသာစွာနောက်ဆုံးဘဝ ကူးပြောင်းသွားနိုင်စေဖို့ အကောင်းမွန်ဆုံး ကူညီစောင့်ရှောက်မှုပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



ဘဝခရီးလမ်းမကြီးကို သူသူငါငါ လျှောက်လှမ်းနေချိန်တွင် မောပန်းနွမ်းနယ်သူများစွာကို စာနာဖေးမကူညီစောင့်ရှောက်မည့် မွန်မြတ်လှသည့် ပရဟိတလုပ်ငန်းကြီးတစ်ခုဖြစ်သော အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာကြီးကို ရာစုနှစ်ပေါင်းများစွာ အစဉ်ထာဝရတည်တံ့ခိုင်မြဲနိုင်ရန် မိမိတို့လက်ဖြင့် ဂိလာနအဘိုးအဘွားများကို ထမင်းခွံ့ကျွေး၊ ခြေလက်ဆုပ်နယ်ပြုစုပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုအစုစုကို ပါဝင်ဆောင်ရွက်မည့်သူများအား အေးငြိမ်းချမ်းသာဘိုးဘွားရိပ်သာကြီးမှ တံခါးဖွင့် ကြိုဆိုနေမည်ဖြစ်၍ ကူညီဖေးမပြုစုယုယပေးကြမည့် ကုသိုလ်ရှင်များ၊ အကြံဉာဏ်အား၊ လူအား၊ အဘက်ဘက်မှ ပေးစွမ်းနိုင်မည့်သူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြရေး တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**"ဘဝခရီး လမ်းမကြီးကို အသီးသီးသူငါ လျှောက်လှမ်းရာဝယ် မောရှာပန်းရှာ များလှစွာကို စာနာဖေးမ ကူညီကြသည် ပရဟိတ မြတ်အလှတည့် ပြုကြပုဂ္ဂိုလ် များထိုထို၏ ကုသိုလ်ကောင်းမှုအစုစုကို သာခု အကြိမ်ကြိမ်ခေါ်မိတကား"**

**ရဲရဲ(ပျဉ်းမနား)**

**မန္တလေးတိုင်းဒေသကြီး**

# ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ မြစ်ငယ်ရထားလမ်းတံတားသစ် ယခုနှစ်ဒီဇင်ဘာလကုန်အပြီးတည်ဆောက်မည်

**ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ မြစ်ငယ်မြစ်ပေါ် ဖြတ်သန်းတည်ဆောက်လျက်ရှိသော မြစ်ငယ်ရထားလမ်းတံတားသစ်ကို ယခု ၂၀၁၅ ကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။**

အဆိုပါ မြစ်ငယ်ရထားလမ်းတံတားသစ်ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့၏ရထားလမ်းမိုင်တိုင်(၃၇၆/၂-၅)ကြား လက်ရှိမြစ်ငယ်ရထားလမ်းတံတား၏ အရှေ့ဘက် ၁၇ မီတာအကွာ မြစ်ငယ်မြစ်ပေါ်တွင် မြန်မာ့မီးရထားမှ အင်ဂျင်နီယာများဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

ယင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ရေးနှင့် သတ်မှတ်ချိန်မီပြီးစီးရေးတို့အတွက် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်တိုင်၊ သံမဏိသံပေါင်ကိုယ်ထည်အမျိုးအစားဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တံတားဆောက်လုပ်ရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။


"ကျွန်တော်တို့အနေနဲ့ ဒီမြစ်ငယ်ရထားလမ်းတံတားသစ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကစတင်ဆောက်လုပ်တယ်။ တံတားအရှည်က ၇၂၀ ပေရှိပြီး ခန်းဖွင့်အကျယ်က ၁၅၈ ပေ(လေးခန်း)နဲ့ ၄၄ ပေ ၆ လက်မ (နှစ်ခန်း)၊ ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင်ငါးတိုင်ပါဝင်ပါတယ်။ လက်ရှိကမ်းကပ်ခုံနှစ်ခုနဲ့ ရေလယ်တိုင်နှစ်တိုင် တည်ဆောက်လျက်ရှိပါတယ်။ ကျန်တဲ့ရေလယ်တိုင်သုံးတိုင်ကတော့ ရေအောက်မှာအခက်အခဲလေးတွေရှိနေတဲ့အတွက် ရှင်းလင်းနေဆဲဖြစ်ပါတယ်။ လုပ်ငန်းတွေအားလုံးကိုတော့ သတ်မှတ်ချိန် ဒီနှစ် ဒီဇင်ဘာလကုန်လောက်ပြီးစီးရေး ကျွန်တော်တို့အဖွဲ့တွေ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် စီမံကိန်းအင်ဂျင်နီယာ ဦးလှစိုးမြင့်က ပြောသည်။

ချဉ်းကပ်ရထားလမ်းတာပေါင်မြေဖို့ခြင်းလုပ်ငန်းများလည်း သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးတော့မည်ဖြစ်ကြောင်း၊ တံတားအရည်အသွေးကောင်းမွန်စေရန်အတွက် အသုံးပြုမည့်ကွန်ကရစ်၏ ခံနိုင်ရည်နှင့်အရည်အသွေးကို ကွန်ကရစ်စမ်းသပ်တုံးများပြုလုပ်၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ပေးပို့မည်ဖြစ်ကြောင်း၊ ရရှိလာသော Test Certificate များကို စနစ်တကျပြုစုထားရှိပြီး ကွန်ကရစ်အရည်အသွေးကောင်းမွန်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ခရီးမိုင် ၃၈၅ ဒသမ ၅၀ အရှည်ရှိသည့် ရန်ကုန်-မန္တလေးမီးရထားလမ်းသည် ကုန်စည်နှင့်ခရီးသည်များ သယ်ယူပို့ဆောင်ရာတွင် အဓိကရထားလမ်းမကြီးတစ်ခုဖြစ်သည့်အလျောက် အဆိုပါရထားလမ်းအတွင်းရှိ မြစ်ငယ်ရထားလမ်းတံတားတည်ဆောက်ပြီးစီးသွားပါက မြစ်ငယ်မြစ်ပေါ်တွင် အစုန်အဆန်ရထားများ နှစ်လမ်းမောင်း(ဒွေးလမ်း)အဖြစ် အသုံးပြုနိုင်တော့မည်ဖြစ်သဖြင့် ရန်ကုန်-မန္တလေး ရထားခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ရထားခုတ်မောင်းပြေးဆွဲချိန်နာရီဝက်ခန့် လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မောင်မွှေး**



အသစ်တည်ဆောက်မည့် မြစ်ငယ်ရထားလမ်းတံတား ပုံစံငယ်။

**မန္တလေးတိုင်းဒေသကြီး**

# ထောက်ပံ့မှုသည် အဓိကမကျ စာနာထောက်ထားအားပေးမှုသည် အဓိကကျနေသည့်သူများ



နံနက်ခင်းအရုဏ်တက်ချိန်မှ ညဦးပိုင်းထိ အလုပ်အကိုင်အမျိုးမျိုး၊ တာဝန်အမျိုးမျိုးဖြင့် လူတိုင်းနီးပါး ယာဉ်မျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်မှာ မန္တလေးမြို့ကြီး၏ နိစ္စဓူဝစက်ဝိုင်းကြီးအဖြစ် လည်ပတ်နေပေသည်။ ထိုအထဲတွင် ဝှီးချဲလ်ဘီးများဖြင့် ထီလိုက်ရောင်းနေသည့် သာမန်လူများကဲ့သို့ ဘဝကို လှုပ်ရှားရုန်းကန်နေကြရသည့် ကိုယ်အင်္ဂါမသန်ပေမယ့်လည်း ဘဝကို အရှုံးမပေး စွမ်းနိုင်သမျှ စွမ်းအောင်ကြိုးစားနေသူများကို မန္တလေးမြို့ကြီး၏ နေရာအတော်များများတွင် တွေ့မြင်နေရသည်။ ထိုသူတို့ ရင်တွင်းဆန္ဒကား တကူးတကထောက်ပံ့ပေးဖို့မလို မိမိတို့ကို လူရာသွင်းပြီး အားပေးဖို့သာ လိုချင်ပါသည်ဟု ကြားသိခဲ့ရသည်။

“လူတွေကတော့ မျိုးစုံတွေ့ရတယ်၊ ကျွန်တော်တို့လာရင် မတူသလို မတန်သလိုနဲ့၊ တံတွေးထွေးတာတို့ လုပ်တာမျိုးပေါ့၊ တချို့ကျတော့လည်း စေတနာအပြည့်နဲ့ အားပေးတာမျိုးလည်း ကြုံဖူးပါတယ်၊ အားလုံးလို့ ဆိုတာမဟုတ်ပါဘူး၊ ကျွန်တော်တို့ကတော့ နားလည်ပါတယ်”ဟု မိမိဘဝ ကိုယ်အင်္ဂါ မသန်စွမ်းဖြစ်ခဲ့ရတဲ့ ဘဝကို မချိတင်ကဲဖြင့် ချမ်းအေးသာစံမြို့နယ် ဒေဝန်းအနောက်ရပ်ကွက်နေထိုင်သူ ကိုမျိုးမင်းက ပြောသည်။

ကိုယ်အင်္ဂါမသန်စွမ်းမှုဖြင့်ပင် မိသားစုကို လုပ်ကိုင်ကျွေးမွေးနေသူ ကိုမျိုးမင်းတွင် မိန်းမနှင့် သားငယ်တစ်ဦးဖြင့် အားမလျှော့ပဲ ခရီးဆက်လျက်ရှိသည်။ သူသည် ငယ်စဉ်ကတည်းက ကိုယ်အင်္ဂါမသန်စွမ်းတာမျိုး မဟုတ်။ ၂၀၀၄ ခုနှစ်မှ ခါးကိုက်ပြီး ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်ကာ ခါးအောက်ပိုင်းလှုပ်မရ ဖြစ်ခဲ့ရသည်။ ထီရောင်းသက်ကလည်းမကြာသေး။ တစ်လမှာ ငါးသောင်းခန့်သာ ရှာဖွေကာ မိသားစုကို ထောက်ပံ့ပေးနိုင်သည်။ မိမိအမျိုးသမီးကလည်း ကုန်စိမ်းရောင်းကာ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ဖြေရှင်းနေရကြောင်း ကိုမျိုးမင်း၏ ထပ်လောင်းပြောပြချက်များအရ သိခဲ့ရသည်။

မန္တလေးမြို့ကြီးတွင် ယခင်က လက်တွန်းဝှီးချဲလ်ဖြင့် ထီရောင်းသူ ၁၀ ဦးခန့်ရှိခဲ့သည်။ ယခုအခါ ခုနစ်ဦးခန့်သာ ရှိတော့သည်။ သာမန်ကိုယ်အင်္ဂါသန်စွမ်းသူများ ကြုံတွေ့ရသည့် ဘဝဒုက္ခများကို ခံစားရသလို မိမိတို့၏ ကိုယ်အင်္ဂါမသန်စွမ်းမှုများကိုပါ ထပ်တိုး၍ ခံစားရသည်။ သာမန်လူများထက် ဘဝကို ပိုမိုခက်ခဲစွာ ရုန်းကန်ကြရသည်ဟု ဆိုကြသည်။ သို့သော် သူတို့၏ခံစားချက်က ပြင်းထန်ကြသည်။ ဘဝကို အရှုံးမပေး။ ဆက်လက် ရုန်းကန်သွားကြမည်ဟု တညီတညွတ်တည်း ဆိုခဲ့ကြသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် သာမန်လူသားများကိုသာ ခံစားစေရသည်မဟုတ်၊ ကိုယ်ဂ်ါမသန်စွမ်းသူများကိုလည်း ခံစားစေခဲ့သည်။ ယခင်က ထီလှည့်လည် ရောင်းချရသည့် ဝှီးချဲလ်သည် လက်အားစိုက်ကာ တွန်းကြရသည်။ ယခုအခါတွင် ဝှီးချဲလ်များတွင် လျှပ်စစ်မော်တာဖြင့် မောင်းနှင်ကြသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူတို့ အနည်းငယ် သက်သာခဲ့ကြသည်ဟု ကိုမျိုးမင်းကဲ့သို့ ကိုယ်အင်္ဂါမသန်စွမ်းပေမယ့် ထီရောင်းချနေသူ ကိုရန်ဘိုက ပြောသည်။

အမရပူရ နန်းတော်ရာရပ်ကွက်နေထိုင်သူ အသက် ၂၇ နှစ်ရှိ ကိုရန်ဘိုသည် အမေနှင့် ဦးလေးကို ဝှီးချဲလ်ဖြင့် ထီရောင်းကာ လစဉ်ကျပ်တစ်သိန်းခန့် ထောက်ပံ့ပေးနေသည်။ ကိုရန်ဘိုကလည်း မွေးကတည်းက ကိုယ်အင်္ဂါ မသန်စွမ်းခဲ့တာမဟုတ်၊ တစ်နှစ်သားအရွယ်တွင် ပိုလီယိုဖြစ်ကာ ကိုယ်အင်္ဂါမသန်စွမ်းဖြစ်ခဲ့ရသည်။ မိမိတို့ ထီရောင်းနေစဉ်အတွင်း ကန့်သတ်ချုပ်ချယ်မှုများလည်း ကြုံတွေ့ခဲ့ရပုံကို “ကျွန်တော်တို့ကို ဟိုနေရာမဝင်ရ၊ ဒီနေရာ မသွားရလို့ ကန့်သတ်မှုတွေ ရှိခဲ့တယ်၊ အဲဒါက တော်တော်ဆိုးတယ်၊ လူစည်ကားတော့ ကျွန်တော်တို့လည်း သွားရောင်းချင်တာပေါ့၊ အခုနောက်ပိုင်းတော့ အဖွဲ့အစည်းတွေက ပြောပေး၊ ကိုယ်ကလည်း အဖွဲ့လိုက်သွားတော့ ဝင်ခွင့်တွေ ရရှိလာပါတယ်”ဟု ပြောသည်။

ကိုရန်ဘိုသည် ကိုယ်အင်္ဂါမသန်စွမ်းပေမယ့် ယခုလက်ရှိ တွန်းလှည်းဖြင့် ထီလှည့်လည် ရောင်းချနေရာမှ မိမိနေထိုင်ရာမြို့၌ မိမိပိုင် ထီဆိုင်အကြီးကြီး တည်ထောင်နိုင်အောင် ကြိုးစားနေတယ်ဟု စိတ်အားထက်သန်စွာဖြင့် ပြောသည်။

ကိုယ်အင်္ဂါ မသန်စွမ်းသူများကို တစ်ဦးချင်း အလှူရှင်များ၊ အဖွဲ့အစည်းများမှ ထောက်ပံ့မှုများကို မကြာခဏရရှိကြောင်း ၎င်းတို့က ပြောပြသည်။ မန္တလေးမြို့တွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံးခွဲရှိသကဲ့သို့ အဖွဲ့လိုက်ဖြင့် ဖွဲ့စည်းထားသည့် ကိုမျိုးမင်း၊ ကိုရန်ဘိုတို့ အသင်းဝင်ထားသည့် အလင်းသစ် မသန်စွမ်းသူများအသင်းများလည်းရှိကာ မသန်စွမ်းသူများကို ကူညီထောက်ပံ့မှုများ၊ သင်တန်းများလည်း ပေးနေကြသည်။

ကိုယ်အင်္ဂါမသန်စွမ်းသူများသည် မိမိတို့ကို မသန်မစွမ်းဟု ခေါ်ဆိုသည်ကို အလွန်ခံရခက်စေသည်။ ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် မည်သူမျှ ကိုယ်အင်္ဂါ မသန်စွမ်းမဖြစ်လိုကြောင်း၊ မသန်စွမ်းများကို ပစ်ပယ်မထားဘဲ လူရာသွင်းကာ ထိုက်တန်သည့် အလုပ်များ ပေးကြရန် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဦးမြတ်ဦးက မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (မန္တလေးတိုင်းဒေသကြီးရုံး) ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် အလှူငွေပေးအပ်ခြင်း၊ ထူးချွန်မသန်စွမ်းဆုရရှိသူများနှင့် ဆုရအားကစားသမားများအား ဂုဏ်ပြုခြင်း၊ မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် မသန်စွမ်းဦးရေ ၂၀၄၃၂၈ ဦးရှိကြောင်း ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ ပြည်လုံးကျွတ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူမှု ထုတ်ပြန်ချက်များအရ သိရှိရသည်။ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းထိ ရှိနေသည်။ ထိုသူများသည် သာမန်လူများကြုံတွေ့နေရသော ဘဝအခက်အခဲများသာမက ထပ်ပိုးကြုံတွေ့နေကြရပေသည်။ ထို့ကြောင့် မသန်စွမ်းများ၏ ဘဝကို ကိုယ်ချင်းစာကာ မိမိထောက်ပံ့ပေးအပ်လှူဒါန်းနိုင်ကလှူဒါန်းနိုင်သလို မထောက်ပံ့နိုင်ပါကလည်း စာနာမှု၊ အားပေးမှုများဖြင့် ကြုံသည့်နေရာတွင် ဆောင်ရွက်ခြင်းဖြင့် သူတို့၏ဘဝကို မြှင့်တင်ပေးရာရောက်ပေသည်။ ထိုသူများကတော့ ထောက်ပံ့မှုများ လိုအပ်နေသော်လည်း ထိုအရာသည်အဓိကမကျ အားပေးမှုနှင့် စာနာမှုများသည် သူတို့ဘဝအတွက် အဓိကကျနေကြောင်း သိရှိခဲ့ရပေသည်။

**မသန်စွမ်းများ၏ ဘဝကို ကိုယ်ချင်းစာကာ မိမိထောက်ပံ့ပေးအပ်လှူဒါန်းနိုင်က လှူဒါန်းနိုင်သလို မထောက်ပံ့နိုင်ပါကလည်း စာနာမှု၊ အားပေးမှုများဖြင့် ကြုံသည့်နေရာတွင် ဆောင်ရွက်ခြင်းဖြင့် သူတို့၏ ဘဝကို မြှင့်တင်ပေးရာရောက်**

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

---

**နေပြည်တော်ကောင်စီနယ်မြေ**

# လယ်ဝေး၌ စပါးစိုက်တောင်သူနှင့် ငရုတ်စိုက်တောင်သူများ ဝင်ငွေတိုးအဆင်ပြေ

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဧပြီလအစောပိုင်းက ရေတင်စိုက်ပျိုးထားရှိသော ငရုတ်များစတင်သီးပွင့်ပြီး ဆွတ်ခူးရောင်းချလျက်ရှိရာ သဲကောကြီးကျေးရွာတွင် ငရုတ်စိုက်တောင်သူများ စတင်ဆွတ်ခူး၍ နေပြည်တော်ဈေးကွက်တွင် အစိုတစ်ပိဿာငွေကျပ် ၇၀၀၀၊ ၈၅၀၀ ကျပ်နှုန်းဖြင့် ဈေးကောင်းရရှိကြောင်း သိရသည်။

သဲကောကြီးကျေးရွာ တောင်သူဦးစိုးသိန်းက “နှစ်ပတ်တစ်ကြိမ် ဆွတ်ခူးရရှိသော ငရုတ်များကို လယ်ဝေးဈေး၊ သပြေကုန်းဈေး၊ နေပြည်တော် မြို့မဈေးတို့မှာ ရောင်းချရပြီး တစ်ကြိမ်ခူးလျှင် ပိဿာ ၂၀၀/၂၅၀ ရရှိပြီးနောက်ပိုင်း အထွက်တိုးလာလျှင် ဖြိုင်ဖြိုင်ခူးရမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်းရောင်းရငွေကျပ် ၁၄ သိန်း၊ ၁၅ သိန်းဝင်ငွေရရှိနိုင်သည့်အတွက် ဈေးကွက်တက်ဈေးရှိပါက အကျိုးအမြတ်ပိုမိုရရှိမည်” ဟု ရှင်းပြသည်။

နေပြည်တော် လေဆိပ်အသွားလမ်းဘေးဝဲယာတွင် အဆင်ပြေသောကျေးရွာများ၌ ဖရုံ၊ ဖူးစားပြောင်း၊ ငရုတ်တို့ကို ရာသီမရွေး စိုက်ပျိုးနိုင်၍ တောင်သူများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ် လယ်ဝေးမြို့နယ် မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးကို တိုးချဲ့စိုက်ပျိုးအရှိန်အဟုန်မြှင့်တင်စိုက်ပျိုးမှု တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ တလုပ်ပင်ကျေးရွာအုပ်စု တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဆောင်၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းကို စနစ်တကျစိုက်ပျိုးရေး၊ မျိုးစေ့များအလုံအလောက်ရရှိရေးတို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။ တက်ရောက်လာသူတောင်သူများက သိလိုသည်များမေးမြန်းရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းပြီး တစ်မြို့နယ်လုံးရှိ ရွှေ့တန်းစခန်းများကို ကျေးရွာအုပ်စုအတွင်း ကွင်းဆင်း၍ ဆက် လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပုလဲ သွယ်စပ်မျိုး စပါးမျိုးစေ့များကို ရုံးပိတ်ရက်မရှိ အလုံအလောက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## ပရီမီယာလိဂ်ပွဲဦးနှင့် စောင့်ကြည့်ရမည့် မန်ယူမှ

အရှင်းဆုံးပြောရရင် မန်ယူဆိုတဲ့ အဆင့်အတန်း။ ပြီးတော့ ပရိသတ်ရဲ့ အလိုရမ္မက်။ အသင်းဘုတ်အဖွဲ့ရဲ့ မျှော်လင့်ချက်တွေအရ မနှစ်ကရပ် တည်မှုဆိုတာ အိုးလ်ထရက်ဖို့ဒ်ရဲ့ ပုံမှန်ရပ်တည်မှုမျိုးမဟုတ်ဘူး။ အဲဒီလိုကြားကမှ အဆင့် ၄ နေရာလောက်ကို လက်သင့်ခံခဲ့မှုဆိုတဲ့နောက်ကွယ်မှာ ပြန်လည်တည်ဆောက်ခြင်းဆိုတဲ့ အကြောင်းတရား။ ဗန်ဟားလ်အတွက် ပထမဆုံးရာသီဆိုတဲ့ ပြယုဂ်တွေကြောင့်သာဖြစ်တော့။ လာမယ့်ရာသီသစ်မှာ မနှစ်ကထက်မြင့်တဲ့ အဆင့်တစ်ရပ်အထိ ဗန်ဟားလ်တွန်းတင်နိုင်ဖို့ လိုကိုလိုတယ်လို့ အကောက်အယူ လုပ်ကြတာပဲဖြစ်တယ်။ အရှင်းဆုံးပြောရရင် ဗန်ဟားလ်အနေနဲ့ ရာသီသစ်မှာ မန်ယူကို ပရီမီယာလိဂ် ချန်ပီယံဆုရယူပေးနိုင်ခြင်း မရှိရင်တောင် အနိမ့်ဆုံးအဖြစ် ချန်ပီယံဆုကို သူတင်ကိုယ်တင်ယှဉ်လုနိုင်တဲ့ စိန်ခေါ်သူစစ်စစ်ဆိုတဲ့ အဆင့်မျိုးလောက်တော့ တင်ပေးနိုင်ဖို့ လိုကိုလိုတယ်။ ဒါမှ လက်သင့်ခံပါတယ်ဆိုတာ ထက်ပိုတဲ့ ကျေနပ်နှစ်သက်မှုကို ဗန်ဟားလ်ဆက်ရမယ်။ အဲဒီလိုမှမဟုတ်ရင် ဗန်ဟားလ်ရဲ့နေရာက အလုပ်အခတ်ရှိမယ်လို့ကို ကောက်ချက်ဆွဲကြတာနဲ့အမျှ ရာသီသစ်မှာ မန်ယူရဲ့အခြေအနေ ဘယ်လိုရှိမလဲဆိုတာကို စိတ်ဝင်စားကြတာ။

အထူးသဖြင့် ၂၀၁၅-၁၆ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်ဇယားအရ မန်ယူအတွက် တာထွက်က မလွယ်လှဘူး။ ပြောမယ်ဆိုရင် မန်ယူဟာ ရာသီအဖွင့်ပွဲစဉ်(၁)မှာတင် စပါးနဲ့ဆုံရမှာ။ နောက်ပွဲစဉ် (၅)မှာ လီဗာပူး၊ ပွဲစဉ်(၈)မှာ အာဆင်နယ်၊ ပွဲစဉ်(၁၀)မှာ မန်စီးတီး။ အရှင်းဆုံးပြောရရင် မန်ယူဟာ ရာသီအဖွင့် (၁၀) ပွဲမှာတင် အတော်လေးခက်ခက်ခဲခဲရှိတယ်။ ဆိုခဲ့ပြီတဲ့အတိုင်း အဲဒီပွဲဦးထွက် ၁၀ ပွဲမှာ ချောင်တယ်လို့ပြောနိုင်တာက ဗီလာ၊ ဆန်းဒါးလန်းတို့နဲ့ နှစ်ပွဲသာရှိပြီး ကျန်ရှစ်ပွဲမှာ ငါးပွဲက အဝေးကွင်းဆိုတော့ အဲဒီဒဏ်ကို မန်ယူ ဘယ်လောက်အထိ တောင့်ခံနိုင်မလဲနဲ့ အဲဒီတောင့်ခံနိုင်မှုအတိုင်းအတာအပေါ် မူတည်ပြီး ဗန်ဟားလ်ရဲ့နေရာကပါ အယိမ်းအလှုပ်ဖြစ်နိုင်ခြေရှိတယ်လို့ တွက်ဆလက်သင့်ခံကြတာပဲ ဖြစ်တယ်။

ပြောရရင် ဆိုခဲ့ပြီးတဲ့အတိုင်း ဗန်ဟားလ်ဟာ မနှစ်က အသင်းရဲ့ အဓိကရည်ရွယ်ချက်ကို အရယူပေးနိုင်ခဲ့တာမှန်သော်ငြား လက်သင့်ခံနိုင်ရုံသာရှိပြီး ကျေနပ်နှစ်သက်လောက်စရာ မဖြစ်မှုအရ ဒီလာမယ့်ရာသီမှာ မျှော်လင့်မှုနဲ့ စောင့်ကြည့်ခြင်းတွေရှိမယ်။ စောင့်မျှော်ဝေဖန်ပိုင်းခြားလိုမှုတွေရှိမယ်။ ဒီတော့ အဲဒီလိုအခြေအနေကြားကမှ အဖွင့်မှာတင် ကျေနပ်လောက်စရာအခြေအနေကို ဗန်ဟားလ်ယူမပြနိုင်ရင် သူ့ရဲ့နေရာ တည်ငြိမ်နိုင်ပါ့မလား။ အရှင်းဆုံး ပြောရရင် မန်ယူဟာ ရာသီဦးမှာ တည်ငြိမ်တဲ့ဟန်တစ်ခုရဖို့ မသေချာသလို အဲဒီလိုအခြေအနေမှာ ပွဲဦးထွက်ကာလ ပွဲစဉ်တွေကလည်း ကျပ်ပြီး အဲဒါကို စောင့်ကြည့်အကဲဖြတ် အဖြေထုတ်မယ့် အခြေအနေကလည်း ရှိတယ်ဆိုတော့။ အဲဒီမှာတင် ပြောချင်တာက ဒီလာမယ့်ရာသီသစ်မှာ မန်ယူဟာ ပရီမီယာလိဂ်တစ်ခုတည်း အာရုံစိုက်ရမှာမဟုတ်ဘူး။ ချန်ပီယံလိဂ်ပါကစားရမှာ။ အဲဒီအတွက် ပြောခဲ့တဲ့ ပရီမီယာလိဂ်ပွဲဦး ၁၀ ပွဲကြားမှာ ချန်ပီယံလိဂ် လေးပွဲလည်း ကစားရဦးမယ့်အခါ။

၂၀၁၅-၁၆ ဘောလုံးရာသီနဲ့ မန်ယူရဲ့လားရာ။ အဲဒါဟာ စောင့်ကြည့်ချင်စရာ သိပ်ကောင်းတယ်လို့ပဲ ဆိုချင်တယ်။




မန်ယူဟာ အဖွင့်မှာတင် စပါးနဲ့ဆုံပြီးတဲ့နောက် ပွဲစဉ်(၂)မှာ အက်စ်တွန် ဗီလာ၊ ပွဲစဉ် (၃)မှာ ကာဆယ်၊ ပွဲစဉ်(၄)မှာ ဆွမ်ဆီး၊ ပွဲစဉ်(၅)မှာ လီဗာပူး၊ ပွဲစဉ် (၆)မှာ ဆောက်သမ်တန်၊ ပွဲစဉ်(၇) မှာ ဆန်းဒါးလန်း၊ ပွဲစဉ်(၈) မှာ အာဆင်နယ်၊ ပွဲစဉ်(၉)မှာ အဲဗာတန်။ ပွဲစဉ်(၁၀) မန်စီးတီးဆိုတော့၊ မန်ယူအတွက် ရာသီသစ် ပရီမီယာလိဂ်ဟာ အဖွင့်မှာတင် အနုတ်သဘော ဆောင်နိုင်တယ်ဆိုတာ ထင်သာမြင်သာလွန်းတယ်။

ပြောမယ်ဆိုရင် ရာသီအဖွင့်ကာလဆိုတာ အသင့်မဖြစ်နိုင်သေးတဲ့ အချိန်။ အဲဒီအထဲမှာမှ မန်ယူဟာ ရာသီသစ်မှာ အပြောင်းအလဲထပ်ရှိဦးမယ့် သဘောဆောင်တယ်။ အရှင်းဆုံးပြောရရင် လက်ရှိမှာ မန်ယူဟာ ဟော်လန်ကစားသမား ဒီပေးတစ်ဦးသာ ခေါ်ယူထားသော်ငြား သူတို့ရဲ့ အဝယ်စာရင်းဟာ အဲဒီလောက်နဲ့ ရပ်နေမှာမဟုတ်ဘူး။ ဒီရာသီမှာ ပေါင် သန်း ၁၀၀ နဲ့ ၂၀၀ ကြား ထပ်သုံးဦးမယ်ဆိုတဲ့ သတင်းတွေ။ ဂန်ဒိုဂန်၊ ဟမ်းမဲလ်၊ ဟယ်ရီကိန်း၊ အော့တာမန်ဒီ၊ ကာဗာနီ၊ ဘေးလ်တို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေမှု။ ဖယ်ကာအိုကို ဆက်မခေါ်တဲ့အခြေအနေ။ ဗန်ပါစီအပေါ် ဗန်ဟားလ်ရဲ့ ယုံကြည်မှုကျဆင်းလာခြင်းနဲ့ ဒီဂီယာရဲ့ အနာဂတ်မတည်ငြိမ်ခြင်းဆိုတဲ့ အခြေအနေတွေအရ မန်ယူဟာ လာမယ့်ရာသီသစ်မတိုင်ခင်မှာ အပြောင်းအလဲတွေ ထပ်ရှိဖို့ အလားအလာများသလို အဓိကနေရာတွေမှာမှ အပြောင်းအလဲရှိနိုင်နဲ့အမျှ ရာသီဦးမှာ မန်ယူဟာ တည်ငြိမ်တဲ့ဟန်တစ်ခုကို အသင့်ရယူနိုင်ဖို့ဆိုတာ ခက်သလို အဲဒီလိုကြားကမှ ပွဲဦးထွက် ပွဲစဉ်တွေကပါ ခက်ခဲနေတာဆိုတော့။ မန်ယူတာထွက်တောင် လှပနိုင်ပါ့မလားလို့ စိုးတထိတ်ထိတ်ဖြစ်ကြတယ်။

အထူးသဖြင့် အဲဒီ ၁၀ ပွဲကို သရုပ်ခွဲကြည့်ရင် ဆွမ်ဆီး၊ ဆောက်သမ်တန်၊ အာဆင်နယ်၊ အဲဗာတန်တို့နဲ့ ပွဲတွေကို အဝေးကွင်းမှာ ကစားရမှာ။ ပြောချင်တာက

SAT AUG 8 TOTTENHAM HOTSPUR H
SAT AUG 15 ASTON VILLA A
SAT AUG 22 NEWCASTLE UNITED H
SAT AUG 29 SWANSEA CITY A
SAT SEP 12 LIVERPOOL H
SAT SEP 19 SOUTHAMPTON A
SAT SEP 26 SUNDERLAND H
SAT OCT 3 ARSENAL A
SAT OCT 17 EVERTON A
SAT OCT 24 MANCHESTER CITY H
SAT OCT 31 CRYSTAL PALACE A
SAT NOV 7 WEST BROMWICH ALBION H
SAT NOV 21 WATFORD A
SAT NOV 28 LEICESTER CITY A
SAT DEC 5 WEST HAM UNITED H
SAT DEC 12 A.F.C. BOURNEMOUTH A
SAT DEC 19 NORWICH CITY H
SAT DEC 26 STOKE CITY A
MON DEC 28 CHELSEA H
SAT JAN 2 SWANSEA CITY H
WED JAN 13 NEWCASTLE UNITED A
SAT JAN 16 LIVERPOOL A
SAT JAN 23 SOUTHAMPTON H
TUE FEB 2 STOKE CITY H
SAT FEB 6 CHELSEA A
SAT FEB 13 SUNDERLAND A
SAT FEB 27 ARSENAL H
TUE MAR 1 WATFORD H
SAT MAR 5 WEST BROMWICH ALBION A
SAT MAR 12 CRYSTAL PALACE H
SAT MAR 19 MANCHESTER CITY A
SAT APR 2 EVERTON H
SAT APR 9 TOTTENHAM HOTSPUR A
SAT APR 16 ASTON VILLA H
SAT APR 23 WEST HAM UNITED A
SAT APR 30 LEICESTER CITY H
SAT MAY 7 NORWICH CITY A
SUN MAY 15 A.F.C. BOURNEMOUTH H

# ပီတာဆက်ချ်သည် အာဆင်နယ်အတွက် ကောင်းမွန်သည့် ကစားသမား ခေါ်ယူမှုဖြစ်လာမည်ဟု ဂွန်တယ်ရီပြောဆို

ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂွန်တယ်ရီက ကလပ်အသင်းဖော် ဂိုးသမား ပီတာဆက်ချ် ချယ်လ်ဆီးမှထွက်ခွာသွားမည်ကို မမြင်တွေ့လိုကြောင်း၊ ဂိုးသမား ပီတာဆက်ချ်သည် သူ့အား ခေါ်ယူသည့်အသင်းအတွက် အကောင်းဆုံး ကစားသမား ခေါ်ယူမှုတစ်ခု ဖြစ်လာစေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။



ပြီးခဲ့သည့် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၌ ပုံမှန်ပွဲထွက်ခွင့် ဆုံးရှုံးခဲ့ရသူ ချက်ဂိုးသမား ပီတာဆက်ချ်သည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ပရီမီယာလိဂ် အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေသူဖြစ်သည်။

အင်္ဂလန် ဗဟိုခံစစ်မှူး ဂွန်တယ်ရီက "အာဆင်နယ်အသင်းဟာ ဂိုးသမား ပီတာဆက်ချ်ကို ခေါ်ယူနိုင်တော့မယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ တကယ်လို့ အာဆင်နယ်အသင်းအနေနဲ့ ပီတာဆက်ချ်ကို အမှန်တကယ် ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ဒီခေါ်ယူမှုဟာ အာဆင်နယ်အသင်းကို အများကြီးတောင့်တင်းစေမှာပါ။ ဂိုးသမား ပီတာဆက်ချ်ဟာ အာဆင်နယ်အသင်းကို အမှတ်ပေးပြိုင်ပွဲရာသီ တစ်ရာသီမှာ ၁၂ မှတ်ကနေ ၁၅ မှတ်လောက်အထိ ရမှတ်ဆုံးရှုံးမှု ပိုမိုနည်းပါးအောင် စွမ်းဆောင်ပေးနိုင်ပါလိမ့်မယ်။ ပီတာဆက်ချ်အနေနဲ့ ပွဲကစားခွင့် ပိုမိုရရှိချင်နေတာကို ကျွန်တော်တို့နားလည်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကနေ သူထွက်ခွာသွားမှာကိုတော့ ဘယ်သူကမှ မမြင်ချင်ပါဘူး။ ကစားသမားတစ်ဦးအနေနဲ့ ပုံမှန်ပွဲကစားခွင့် ဆုံးရှုံးရမယ်ဆိုရင် ဒါကိုလက်ခံနိုင်ဖို့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် ပီတာဆက်ချ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ သူ့ရဲ့ ပရော်ဖက်ရှင်နယ် ကစားသမားပီသမှုကို ပြသနိုင်ခဲ့တယ်။ ပီတာဆက်ချ်ကိုခေါ်ယူမယ့် အသင်းအတွက်ကတော့ တိုးတက်မှုတွေရှိလာမှာ သေချာပါတယ်"ဟု ပြောသွားသည်။

အသက် ၃၃ နှစ်အရွယ်ရှိ ဂိုးသမား ပီတာဆက်ချ်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် ပြင်သစ်ကလပ် ရိန်းစ်အသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ပီတာဆက်ချ်သည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ် ချန်ပီယံဆုဖလား လေးကြိမ်၊ ချန်ပီယံလိဂ်ဆု ဖလားတစ်ကြိမ်အပါအဝင် ဆုဖလားပေါင်း ၁၅ လုံး ရရှိထားသူဖြစ်သည်။

ဂိုးသမား ပီတာဆက်ချ်သည် အာဆင်နယ်သို့ ပြောင်းရွှေ့ဖြစ်ခဲ့ပါက ချယ်လ်ဆီးအသင်း၏ ဂိုးနည်းပြ ခရစ္စတိုဖာလိုလစ်ဟွန်အား အာဆင်နယ်သို့ခေါ်ယူသွားရန် ဆန္ဒရှိနေသည်ဟုဆိုသည်။ ဂိုးနည်းပြ လိုလစ်ဟွန်နှင့် ဂိုးသမား ပီတာဆက်ချ်တို့သည် ၁၀ နှစ်ကြာ လက်တွဲလာခဲ့သူဖြစ်သည်။

**အောင်က**

# ဂျူဗင်တပ်စ်အတွက် ဂိုးများစွာ သွင်းယူပေးလိုသည်ဟု တိုက်စစ်မှူးသစ် မန်ဇူကစ်ဖွင့်ဟ

ဂျူဗင်တပ်စ်အသင်း တိုက်စစ်မှူးသစ် မာရီယိုမန်ဇူကစ်က ဂျူဗင်တပ်အသင်းအတွက် တတ်နိုင်သမျှ ဂိုးများစွာ သွင်းယူပေးလိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ်သည် ပြီးခဲ့သည့် တနင်္လာနေ့တွင်အက်သလက်တီကိုအသင်းမှ ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့ကြေး ယူရို ၁၉ သန်းဖြင့် ပြောင်းရွှေ့လာပြီး လေးနှစ်သက်တမ်းရှိစာချုပ် ချုပ်ဆိုခဲ့သူဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးဟောင်း မန်ဇူကစ်အတွက် အက်သလက်တီကိုအသင်းထံ ပြောင်းရွှေ့ကြေး ပေးချေရာတွင် သုံးကြိမ်ခွဲ၍ ပေးချေရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် အက်သလက်တီကိုအသင်းထံ ယူရို ခုနစ်သန်းကို ဦးစွာပေးချေ ခဲ့ရပြီး လာမည့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ယူရို ခြောက်သန်း စီ ဆက်လက်ပေးချေသွားရမည်ဖြစ်သည်။



ဂျူဗင်တပ်စ်အသင်းသည် ယခု နွေရာသီဈေးကွက်ကာလအတွင်းတွင် ပါလာမိုအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ပါယူလိုဒိုင်ဘာလာ၊ ရီးရဲမက်ဒရစ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ခီဒီရာတို့ကို ခေါ်ယူထားပြီး တိုက်စစ်မှူး မန်ဇူကစ်သည် ယခုနွေရာသီအတွင်း ဂျူဗင်တပ်စ်သို့ ရောက်ရှိလာသည့် တတိယမြောက် ကစားသမားဖြစ်သည်။

တိုက်စစ်မှူး မန်ဇူကစ်က "ဂျူဗင်တပ်စ်လို အသင်းကြီးတစ်သင်းမှာ ပါဝင်ခွင့်ရရှိတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီအနေနဲ့ ကျွန်တော့်အကြောင်းကို ကောင်းကောင်း သိထားပြီး ကျွန်တော်အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ဖို့ လုပ်ဆောင် ပေး နိုင်လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။ ကျွန်တော်ဟာ ဂျူဗင်တပ်စ် အသင်း၊ အီတလီလက်ရွေးစင်အသင်းတို့နဲ့ ရင်ဆိုင်ကစားခဲ့ဖူးပါတယ်။ ဒါကြောင့် အဲဒီအသင်းတွေဟာ အလွန်ကောင်းမွန်တဲ့ အသင်းတွေဖြစ်တယ်ဆိုတာကို သိထားတယ်။ ဒါကြောင့် ဂျူဗင်တပ်စ်အသင်းသားတစ်ဦး ဖြစ်လာရခြင်းအပေါ် ကျွန်တော်အများကြီး ကျေနပ်မိတယ်။ ဂျူဗင်တပ်စ်အသင်းမှာ အမြန်ဆုံးအခြေကျဖို့ ကြိုးစားသွားမှာပါ။ ဒါပေမယ့် ဂျူဗင်တပ်စ်နဲ့ ရင်ဆိုင်ကစားခဲ့ဖူးတဲ့ အတွေ့အကြုံရှိတာမို့ ဒီအသင်းမှာ အထိုင်ကျရေးဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ပြဿနာတစ်ခုတော့ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဂျူဗင်တပ်စ်အသင်းမှာ တတ်နိုင်သမျှ ဂိုးများစွာ သွင်းယူသွားဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောသွားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး မန်ဇူကစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အက်သလက်တီကို အသင်းအတွက် စုစုပေါင်း ၄၂ ပွဲ ပါဝင်ကစားခဲ့ကာ ဂိုး ၂၀ သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

မြန်မာ့အလင်း
၂၆-၆-၂၀၁၅ (သောကြာနေ့)

# 2015-2016 ပရီမီယာလိဂ် ပွဲစဉ်ဇယား

### ပွဲစဉ် (၁) ဩဂုတ် ၈

| | | |
|---|---|---|
| ဘုန်းမောက် | - | ဗီလာ |
| နော့ဝစ်ချ် | - | ပဲလေ့စ် |
| စတုတ် | - | လီဗာပူး |
| ဝက်စ်ဘရွန်း | - | မန်စီးတီး |
| ကာဆယ် | - | ဆောက်သမ်တန် |
| လက်စတာ | - | ဆန်းဒါးလန်း |
| ချယ်လ်ဆီး | - | ဆွမ်ဆီး |
| မန်ယူ | - | စပါး |
| အဲဗာတန် | - | ဝတ်ဖို့ဒ် |
| အာဆင်နယ် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၂) ဩဂုတ် ၁၅

| | | |
|---|---|---|
| ပဲလေ့စ် | - | အာဆင်နယ် |
| လီဗာပူး | - | ဘုန်းမောက် |
| မန်စီးတီး | - | ချယ်လ်ဆီး |
| ဆောက်သမ်တန် | - | အဲဗာတန် |
| ဝက်စ်ဟမ်း | - | လက်စတာ |
| ဗီလာ | - | မန်ယူ |
| ဆွမ်ဆီး | - | ကာဆယ် |
| ဆန်းဒါးလန်း | - | နော့ဝစ်ချ် |
| စပါး | - | စတုတ် |
| ဝတ်ဖို့ဒ် | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၃) ဩဂုတ် ၂၂

| | | |
|---|---|---|
| ပဲလေ့စ် | - | ဗီလာ |
| ဝက်စ်ဟမ်း | - | ဘုန်းမောက် |
| ဝက်စ်ဘရွန်း | - | ချယ်လ်ဆီး |
| အာဆင်နယ် | - | လီဗာပူး |
| အဲဗာတန် | - | မန်စီးတီး |
| မန်ယူ | - | ကာဆယ် |
| ဝတ်ဖို့ဒ် | - | ဆောက်သမ်တန် |
| နော့ဝစ်ချ် | - | စတုတ် |
| ဆန်းဒါးလန်း | - | ဆွမ်ဆီး |
| လက်စတာ | - | စပါး |

### ပွဲစဉ် (၄) ဩဂုတ် ၂၉

| | | |
|---|---|---|
| ကာဆယ် | - | အာဆင်နယ် |
| ချယ်လ်ဆီး | - | ပဲလေ့စ် |
| စပါး | - | အဲဗာတန် |
| ဘုန်းမောက် | - | လက်စတာ |
| ဆွမ်ဆီး | - | မန်ယူ |
| ဆောက်သမ်တန် | - | နော့ဝစ်ချ် |
| ဗီလာ | - | ဆန်းဒါးလန်း |
| မန်စီးတီး | - | ဝတ်ဖို့ဒ် |
| စတုတ် | - | ဝက်စ်ဘရွန်း |
| လီဗာပူး | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၅) စက်တင်ဘာ ၁၂

| | | |
|---|---|---|
| လက်စတာ | - | ဗီလာ |
| နော့ဝစ်ချ် | - | ဘုန်းမောက် |
| အဲဗာတန် | - | ချယ်လ်ဆီး |
| မန်ယူ | - | လီဗာပူး |
| ပဲလေ့စ် | - | မန်စီးတီး |
| ဝက်စ်ဟမ်း | - | ကာဆယ် |
| ဝက်စ်ဘရွန်း | - | ဆောက်သမ်တန် |
| အာဆင်နယ် | - | စတုတ် |
| ဝတ်ဖို့ဒ် | - | ဆွမ်ဆီး |
| ဆန်းဒါးလန်း | - | စပါး |

### ပွဲစဉ် (၆) စက်တင်ဘာ ၁၉

| | | |
|---|---|---|
| ချယ်လ်ဆီး | - | အာဆင်နယ် |
| စပါး | - | ပဲလေ့စ် |
| ဆွမ်ဆီး | - | အဲဗာတန် |
| စတုတ် | - | လက်စတာ |
| ဆောက်သမ်တန် | - | မန်ယူ |
| လီဗာပူး | - | နော့ဝစ်ချ် |
| ဘုန်းမောက် | - | ဆန်းဒါးလန်း |
| ကာဆယ် | - | ဝတ်ဖို့ဒ် |
| ဗီလာ | - | ဝက်စ်ဘရွန်း |
| မန်စီးတီး | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၇) စက်တင်ဘာ ၂၆

| | | |
|---|---|---|
| လက်စတာ | - | အာဆင်နယ် |
| လီဗာပူး | - | ဗီလာ |
| စတုတ် | - | ဘုန်းမောက် |
| ကာဆယ် | - | ချယ်လ်ဆီး |
| ဝတ်ဖို့ဒ် | - | ပဲလေ့စ် |
| ဝက်စ်ဘရွန်း | - | အဲဗာတန် |
| စပါး | - | မန်စီးတီး |
| ဝက်စ်ဟမ်း | - | နော့ဝစ်ချ် |
| မန်ယူ | - | ဆန်းဒါးလန်း |
| ဆောက်သမ်တန် | - | ဆွမ်ဆီး |

### ပွဲစဉ် (၈) အောက်တိုဘာ ၃

| | | |
|---|---|---|
| နော့ဝစ်ချ် | - | လက်စတာ |
| အဲဗာတန် | - | လီဗာပူး |
| အာဆင်နယ် | - | မန်ယူ |
| မန်စီးတီး | - | ကာဆယ် |
| ချယ်လ်ဆီး | - | ဆောက်သမ်တန် |
| ဗီလာ | - | စတုတ် |
| ဆွမ်ဆီး | - | စပါး |
| ဘုန်းမောက် | - | ဝတ်ဖို့ဒ် |
| ပဲလေ့စ် | - | ဝက်စ်ဘရွန်း |
| ဆန်းဒါးလန်း | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၉) အောက်တိုဘာ ၁၇

| | | |
|---|---|---|
| ဝတ်ဖို့ဒ် | - | အာဆင်နယ် |
| ချယ်လ်ဆီး | - | ဗီလာ |
| မန်စီးတီး | - | ဘုန်းမောက် |
| ဆောက်သမ်တန် | - | လက်စတာ |
| စပါး | - | လီဗာပူး |
| အဲဗာတန် | - | မန်ယူ |
| ကာဆယ် | - | နော့ဝစ်ချ် |
| ဆွမ်ဆီး | - | စတုတ် |
| ဝက်စ်ဘရွန်း | - | ဆန်းဒါးလန်း |
| ပဲလေ့စ် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၁၀) အောက်တိုဘာ ၂၄

| | | |
|---|---|---|
| ဝက်စ်ဟမ်း | - | ချယ်လ်ဆီး |
| လက်စတာ | - | ပဲလေ့စ် |
| အာဆင်နယ် | - | အဲဗာတန် |
| မန်ယူ | - | မန်စီးတီး |
| ဆန်းဒါးလန်း | - | ကာဆယ် |
| လီဗာပူး | - | ဆောက်သမ်တန် |
| ဗီလာ | - | ဆွမ်ဆီး |
| ဘုန်းမောက် | - | စပါး |
| စတုတ် | - | ဝတ်ဖို့ဒ် |
| နော့ဝစ်ချ် | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၁၁) အောက်တိုဘာ ၃၁

| | | |
|---|---|---|
| ဆွမ်ဆီး | - | အာဆင်နယ် |
| စပါး | - | ဗီလာ |
| ဆောက်သမ်တန် | - | ဘုန်းမောက် |
| ဝက်စ်ဘရွန်း | - | လက်စတာ |
| ချယ်လ်ဆီး | - | လီဗာပူး |
| ပဲလေ့စ် | - | မန်ယူ |
| မန်စီးတီး | - | နော့ဝစ်ချ် |
| ကာဆယ် | - | စတုတ် |
| အဲဗာတန် | - | ဆန်းဒါးလန်း |
| ဝတ်ဖို့ဒ် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၁၂) နိုဝင်ဘာ ၇

| | | |
|---|---|---|
| စတုတ် | - | ချယ်လ်ဆီး |
| လီဗာပူး | - | ပဲလေ့စ် |
| ဝက်စ်ဟမ်း | - | အဲဗာတန် |
| ဗီလာ | - | မန်စီးတီး |
| ဘုန်းမောက် | - | ကာဆယ် |
| ဆန်းဒါးလန်း | - | ဆောက်သမ်တန် |
| နော့ဝစ်ချ် | - | ဆွမ်ဆီး |
| အာဆင်နယ် | - | စပါး |
| လက်စတာ | - | ဝတ်ဖို့ဒ် |
| မန်ယူ | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၁၃) နိုဝင်ဘာ ၂၁

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | - | အာဆင်နယ် |
| အဲဗာတန် | - | ဗီလာ |
| ဆွမ်ဆီး | - | ဘုန်းမောက် |
| ကာဆယ် | - | လက်စတာ |
| မန်စီးတီး | - | လီဗာပူး |
| ဝတ်ဖို့ဒ် | - | မန်ယူ |
| ချယ်လ်ဆီး | - | နော့ဝစ်ချ် |
| ဆောက်သမ်တန် | - | စတုတ် |
| ပဲလေ့စ် | - | ဆန်းဒါးလန်း |
| စပါး | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၁၄) နိုဝင်ဘာ ၂၈

| | | |
|---|---|---|
| နော့ဝစ်ချ် | - | အာဆင်နယ် |
| စပါး | - | ချယ်လ်ဆီး |
| ဘုန်းမောက် | - | အဲဗာတန် |
| လက်စတာ | - | မန်ယူ |
| ပဲလေ့စ် | - | ကာဆယ် |
| မန်စီးတီး | - | ဆောက်သမ်တန် |
| ဆန်းဒါးလန်း | - | စတုတ် |
| လီဗာပူး | - | ဆွမ်ဆီး |
| ဗီလာ | - | ဝတ်ဖို့ဒ် |
| ဝက်စ်ဟမ်း | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၁၅) ဒီဇင်ဘာ ၅

| | | |
|---|---|---|
| ဆောက်သမ်တန် | - | ဗီလာ |
| ချယ်လ်ဆီး | - | ဘုန်းမောက် |
| အဲဗာတန် | - | ပဲလေ့စ် |
| ဆွမ်ဆီး | - | လက်စတာ |
| ကာဆယ် | - | လီဗာပူး |
| စတုတ် | - | မန်စီးတီး |
| ဝတ်ဖို့ဒ် | - | နော့ဝစ်ချ် |
| အာဆင်နယ် | - | ဆန်းဒါးလန်း |
| ဝက်စ်ဘရွန်း | - | စပါး |
| မန်ယူ | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၁၆) ဒီဇင်ဘာ ၁၂

| | | |
|---|---|---|
| ဗီလာ | - | အာဆင်နယ် |
| လက်စတာ | - | ချယ်လ်ဆီး |
| နော့ဝစ်ချ် | - | အဲဗာတန် |
| ဘုန်းမောက် | - | မန်ယူ |
| စပါး | - | ကာဆယ် |
| ပဲလေ့စ် | - | ဆောက်သမ်တန် |
| ဝက်စ်ဟမ်း | - | စတုတ် |
| မန်စီးတီး | - | ဆွမ်ဆီး |
| ဆန်းဒါးလန်း | - | ဝတ်ဖို့ဒ် |
| လီဗာပူး | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၁၇) ဒီဇင်ဘာ ၁၉

| | | |
|---|---|---|
| ကာဆယ် | - | ဗီလာ |
| ဝက်စ်ဘရွန်း | - | ဘုန်းမောက် |
| စတုတ် | - | ပဲလေ့စ် |
| အဲဗာတန် | - | လက်စတာ |
| ဝတ်ဖို့ဒ် | - | လီဗာပူး |
| အာဆင်နယ် | - | မန်စီးတီး |
| မန်ယူ | - | နော့ဝစ်ချ် |
| ချယ်လ်ဆီး | - | ဆန်းဒါးလန်း |
| ဆောက်သမ်တန် | - | စပါး |
| ဆွမ်ဆီး | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၁၈) ဒီဇင်ဘာ ၂၆

| | | |
|---|---|---|
| ဆောက်သမ်တန် | - | အာဆင်နယ် |
| ဘုန်းမောက် | - | ပဲလေ့စ် |
| ကာဆယ် | - | အဲဗာတန် |
| လီဗာပူး | - | လက်စတာ |
| စတုတ် | - | မန်ယူ |
| စပါး | - | နော့ဝစ်ချ် |
| မန်စီးတီး | - | ဆန်းဒါးလန်း |
| ချယ်လ်ဆီး | - | ဝတ်ဖို့ဒ် |
| ဆွမ်ဆီး | - | ဝက်စ်ဘရွန်း |
| ဗီလာ | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၁၉) ဒီဇင်ဘာ ၂၈

| | | |
|---|---|---|
| နော့ဝစ်ချ် | - | ဗီလာ |
| အာဆင်နယ် | - | ဘုန်းမောက် |
| မန်ယူ | - | ချယ်လ်ဆီး |
| ဆန်းဒါးလန်း | - | လီဗာပူး |
| လက်စတာ | - | မန်စီးတီး |
| ဝက်စ်ဘရွန်း | - | ကာဆယ် |
| ဝက်စ်ဟမ်း | - | ဆောက်သမ်တန် |
| အဲဗာတန် | - | စတုတ် |
| ပဲလေ့စ် | - | ဆွမ်ဆီး |
| ဝတ်ဖို့ဒ် | - | စပါး |

### ပွဲစဉ် (၂၀) ဇန်နဝါရီ ၂

| | | |
|---|---|---|
| ဆန်းဒါးလန်း | - | ဗီလာ |
| လက်စတာ | - | ဘုန်းမောက် |
| ပဲလေ့စ် | - | ချယ်လ်ဆီး |
| ဝက်စ်ဟမ်း | - | လီဗာပူး |
| ဝတ်ဖို့ဒ် | - | မန်စီးတီး |
| အာဆင်နယ် | - | ကာဆယ် |
| နော့ဝစ်ချ် | - | ဆောက်သမ်တန် |
| ဝက်စ်ဘရွန်း | - | စတုတ် |
| မန်ယူ | - | ဆွမ်ဆီး |
| အဲဗာတန် | - | စပါး |

### ပွဲစဉ် (၂၁) ဇန်နဝါရီ ၁၃၊ ၁၄

| | | |
|---|---|---|
| ဗီလာ | - | ပဲလေ့စ် |
| ဆွမ်ဆီး | - | ဆန်းဒါးလန်း |
| ဘုန်းမောက် | - | ဝက်စ်ဟမ်း |
| လီဗာပူး | - | အာဆင်နယ် |
| မန်စီးတီး | - | အဲဗာတန် |
| ကာဆယ် | - | မန်ယူ |
| စတုတ် | - | နော့ဝစ်ချ် |
| ဆောက်သမ်တန် | - | ဝတ်ဖို့ဒ် |
| ချယ်လ်ဆီး | - | ဝက်စ်ဘရွန်း |
| စပါး | - | လက်စတာ |

### ပွဲစဉ် (၂၂) ဇန်နဝါရီ ၁၆

| | | |
|---|---|---|
| စတုတ် | - | အာဆင်နယ် |
| မန်စီးတီး | - | ပဲလေ့စ် |
| ချယ်လ်ဆီး | - | အဲဗာတန် |
| ဗီလာ | - | လက်စတာ |
| လီဗာပူး | - | မန်ယူ |
| ဘုန်းမောက် | - | နော့ဝစ်ချ် |
| စပါး | - | ဆန်းဒါးလန်း |
| ဆွမ်ဆီး | - | ဝတ်ဖို့ဒ် |
| ဆောက်သမ်တန် | - | ဝက်စ်ဘရွန်း |
| ကာဆယ် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၂၃) ဇန်နဝါရီ ၂၃

| | | |
|---|---|---|
| ဝက်စ်ဘရွန်း | - | ဗီလာ |
| ဆန်းဒါးလန်း | - | ဘုန်းမောက် |
| အာဆင်နယ် | - | ချယ်လ်ဆီး |
| နော့ဝစ်ချ် | - | လီဗာပူး |
| ဝက်စ်ဟမ်း | - | မန်စီးတီး |
| ဝတ်ဖို့ဒ် | - | ကာဆယ် |
| မန်ယူ | - | ဆောက်သမ်တန် |
| လက်စတာ | - | စတုတ် |
| အဲဗာတန် | - | ဆွမ်ဆီး |
| ပဲလေ့စ် | - | စပါး |

### ပွဲစဉ် (၂၄) ဖေဖော်ဝါရီ ၃၊ ၄

| | | |
|---|---|---|
| ဝက်စ်ဟမ်း | - | ဗီလာ |
| ဝတ်ဖို့ဒ် | - | ချယ်လ်ဆီး |
| လက်စတာ | - | လီဗာပူး |
| ဆန်းဒါးလန်း | - | မန်စီးတီး |
| အာဆင်နယ် | - | ဆောက်သမ်တန် |
| နော့ဝစ်ချ် | - | စပါး |
| ပဲလေ့စ် | - | ဘုန်းမောက် |
| မန်ယူ | - | စတုတ် |
| ဝက်စ်ဘရွန်း | - | ဆွမ်ဆီး |
| အဲဗာတန် | - | ကာဆယ် |

### ပွဲစဉ် (၂၅) ဖေဖော်ဝါရီ ၆

| | | |
|---|---|---|
| ဘုန်းမောက် | - | အာဆင်နယ် |
| ဆွမ်ဆီး | - | ပဲလေ့စ် |
| စတုတ် | - | အဲဗာတန် |
| မန်စီးတီး | - | လက်စတာ |
| ချယ်လ်ဆီး | - | မန်ယူ |
| ဗီလာ | - | နော့ဝစ်ချ် |
| လီဗာပူး | - | ဆန်းဒါးလန်း |
| စပါး | - | ဝတ်ဖို့ဒ် |
| ကာဆယ် | - | ဝက်စ်ဘရွန်း |
| ဆောက်သမ်တန် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၂၆) ဖေဖော်ဝါရီ ၁၃

| | | |
|---|---|---|
| အာဆင်နယ် | - | လက်စတာ |
| ဗီလာ | - | လီဗာပူး |
| ဆန်းဒါးလန်း | - | မန်ယူ |
| ချယ်လ်ဆီး | - | ကာဆယ် |
| ဆွမ်ဆီး | - | ဆောက်သမ်တန် |
| ဘုန်းမောက် | - | စတုတ် |
| မန်စီးတီး | - | စပါး |
| ပဲလေ့စ် | - | ဝတ်ဖို့ဒ် |
| အဲဗာတန် | - | ဝက်စ်ဘရွန်း |
| နော့ဝစ်ချ် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၂၇) ဖေဖော်ဝါရီ ၂၇

| | | |
|---|---|---|
| မန်ယူ | - | အာဆင်နယ် |
| စတုတ် | - | ဗီလာ |
| ဝတ်ဖို့ဒ် | - | ဘုန်းမောက် |
| ဆောက်သမ်တန် | - | ချယ်လ်ဆီး |
| ဝက်စ်ဘရွန်း | - | ပဲလေ့စ် |
| လီဗာပူး | - | အဲဗာတန် |
| ကာဆယ် | - | မန်စီးတီး |
| လက်စတာ | - | နော့ဝစ်ချ် |
| ဝက်စ်ဟမ်း | - | ဆန်းဒါးလန်း |
| စပါး | - | ဆွမ်ဆီး |

### ပွဲစဉ် (၂၈) မတ် ၂၊ ၃

| | | |
|---|---|---|
| နော့ဝစ်ချ် | - | ချယ်လ်ဆီး |
| ဆန်းဒါးလန်း | - | ပဲလေ့စ် |
| ဗီလာ | - | အဲဗာတန် |
| ဘုန်းမောက် | - | ဆောက်သမ်တန် |
| အာဆင်နယ် | - | ဆွမ်ဆီး |
| ဝက်စ်ဟမ်း | - | စပါး |
| လက်စတာ | - | ဝက်စ်ဘရွန်း |
| လီဗာပူး | - | မန်စီးတီး |
| မန်ယူ | - | ဝတ်ဖို့ဒ် |
| စတုတ် | - | ကာဆယ် |

### ပွဲစဉ် (၂၉) မတ် ၅

| | | |
|---|---|---|
| စပါး | - | အာဆင်နယ် |
| မန်စီးတီး | - | ဗီလာ |
| ကာဆယ် | - | ဘုန်းမောက် |
| ဝတ်ဖို့ဒ် | - | လက်စတာ |
| ပဲလေ့စ် | - | လီဗာပူး |
| ဝက်စ်ဘရွန်း | - | မန်ယူ |
| ဆွမ်ဆီး | - | နော့ဝစ်ချ် |
| ချယ်လ်ဆီး | - | စတုတ် |
| ဆောက်သမ်တန် | - | ဆန်းဒါးလန်း |
| အဲဗာတန် | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၃၀) မတ် ၁၂

| | | |
|---|---|---|
| လီဗာပူး | - | ချယ်လ်ဆီး |
| မန်ယူ | - | ပဲလေ့စ် |
| ဆန်းဒါးလန်း | - | အဲဗာတန် |
| နော့ဝစ်ချ် | - | မန်စီးတီး |
| လက်စတာ | - | ကာဆယ် |
| စတုတ် | - | ဆောက်သမ်တန် |
| ဘုန်းမောက် | - | ဆွမ်ဆီး |
| ဗီလာ | - | စပါး |
| ဝက်စ်ဟမ်း | - | ဝတ်ဖို့ဒ် |
| အာဆင်နယ် | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၃၁) မတ် ၁၉

| | | |
|---|---|---|
| အဲဗာတန် | - | အာဆင်နယ် |
| ဆွမ်ဆီး | - | ဗီလာ |
| စပါး | - | ဘုန်းမောက် |
| ပဲလေ့စ် | - | လက်စတာ |
| ဆောက်သမ်တန် | - | လီဗာပူး |
| မန်စီးတီး | - | မန်ယူ |
| ဝက်စ်ဘရွန်း | - | နော့ဝစ်ချ် |
| ဝတ်ဖို့ဒ် | - | စတုတ် |
| ကာဆယ် | - | ဆန်းဒါးလန်း |
| ချယ်လ်ဆီး | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၃၂) ဧပြီ ၂

| | | |
|---|---|---|
| ဗီလာ | - | ချယ်လ်ဆီး |
| ဝက်စ်ဟမ်း | - | ပဲလေ့စ် |
| မန်ယူ | - | အဲဗာတန် |
| ဘုန်းမောက် | - | မန်စီးတီး |
| နော့ဝစ်ချ် | - | ကာဆယ် |
| လက်စတာ | - | ဆောက်သမ်တန် |
| စတုတ် | - | ဆွမ်ဆီး |
| လီဗာပူး | - | စပါး |
| အာဆင်နယ် | - | ဝတ်ဖို့ဒ် |
| ဆန်းဒါးလန်း | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၃၃) ဧပြီ ၉

| | | |
|---|---|---|
| ဝက်စ်ဟမ်း | - | အာဆင်နယ် |
| ဗီလာ | - | ဘုန်းမောက် |
| ဆွမ်ဆီး | - | ချယ်လ်ဆီး |
| ဝတ်ဖို့ဒ် | - | အဲဗာတန် |
| ဆန်းဒါးလန်း | - | လက်စတာ |
| စပါး | - | မန်ယူ |
| ဆောက်သမ်တန် | - | ကာဆယ် |
| ပဲလေ့စ် | - | နော့ဝစ်ချ် |
| လီဗာပူး | - | စတုတ် |
| မန်စီးတီး | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၃၄) ဧပြီ ၁၆

| | | |
|---|---|---|
| မန်ယူ | - | ဗီလာ |
| အာဆင်နယ် | - | ပဲလေ့စ် |
| ဘုန်းမောက် | - | လီဗာပူး |
| ချယ်လ်ဆီး | - | မန်စီးတီး |
| အဲဗာတန် | - | ဆောက်သမ်တန် |
| နော့ဝစ်ချ် | - | ဆန်းဒါးလန်း |
| ကာဆယ် | - | ဆွမ်ဆီး |
| စတုတ် | - | စပါး |
| ဝက်စ်ဘရွန်း | - | ဝတ်ဖို့ဒ် |
| လက်စတာ | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၃၅) ဧပြီ ၂၃

| | | |
|---|---|---|
| ဆန်းဒါးလန်း | - | အာဆင်နယ် |
| ဘုန်းမောက် | - | ချယ်လ်ဆီး |
| ပဲလေ့စ် | - | အဲဗာတန် |
| ဝက်စ်ဟမ်း | - | မန်ယူ |
| လီဗာပူး | - | ကာဆယ် |
| ဗီလာ | - | ဆောက်သမ်တန် |
| မန်စီးတီး | - | စတုတ် |
| လက်စတာ | - | ဆွမ်ဆီး |
| နော့ဝစ်ချ် | - | ဝတ်ဖို့ဒ် |
| စပါး | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၃၆) ဧပြီ ၃၀

| | | |
|---|---|---|
| ဝတ်ဖို့ဒ် | - | ဗီလာ |
| အဲဗာတန် | - | ဘုန်းမောက် |
| ကာဆယ် | - | ပဲလေ့စ် |
| မန်ယူ | - | လက်စတာ |
| ဆွမ်ဆီး | - | လီဗာပူး |
| ဆောက်သမ်တန် | - | မန်စီးတီး |
| အာဆင်နယ် | - | နော့ဝစ်ချ် |
| စတုတ် | - | ဆန်းဒါးလန်း |
| ချယ်လ်ဆီး | - | စပါး |
| ဝက်စ်ဘရွန်း | - | ဝက်စ်ဟမ်း |

### ပွဲစဉ် (၃၇) မေ ၇

| | | |
|---|---|---|
| မန်စီးတီး | - | အာဆင်နယ် |
| ဆန်းဒါးလန်း | - | ချယ်လ်ဆီး |
| လက်စတာ | - | အဲဗာတန် |
| နော့ဝစ်ချ် | - | မန်ယူ |
| ဗီလာ | - | ကာဆယ် |
| စပါး | - | ဆောက်သမ်တန် |
| ပဲလေ့စ် | - | စတုတ် |
| ဝက်စ်ဟမ်း | - | ဆွမ်ဆီး |
| လီဗာပူး | - | ဝတ်ဖို့ဒ် |
| ဘုန်းမောက် | - | ဝက်စ်ဘရွန်း |

### ပွဲစဉ် (၃၈) မေ ၁၅

| | | |
|---|---|---|
| အာဆင်နယ် | - | ဗီလာ |
| မန်ယူ | - | ဘုန်းမောက် |
| ဆောက်သမ်တန် | - | ပဲလေ့စ် |
| ချယ်လ်ဆီး | - | လက်စတာ |
| ဝက်စ်ဘရွန်း | - | လီဗာပူး |
| ဆွမ်ဆီး | - | မန်စီးတီး |
| အဲဗာတန် | - | နော့ဝစ်ချ် |
| ဝတ်ဖို့ဒ် | - | ဆန်းဒါးလန်း |
| ကာဆယ် | - | စပါး |
| စတုတ် | - | ဝက်စ်ဟမ်း |